


www.burmeseclassic.com
တက္ကသိုလ်
ဝင်းကြွယ်
ကုလုံ၏ရှုလွှတောင်း
အမုန်းနွယ်ယှက်
အရိပ်မဲ့
BURMESE CLASSIC
တတိယ
ဇာတ်သိမ်း
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းကြွယ်

# အမုန်းနွယ်ယှက်အာရိုပ်မဲ့

တတိယပိုင်း ( ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၇၈၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၃၂၁၀၀၇
၂၀၀၇ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 ( H ) နဝရတ်ရိပ်သာလမ်း။
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

# တကယ့်လူ

ဝန်းကျင်တစ်ခုလုံး လေတိုးသံမှအပ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားသည်။

လေတိုးသံဖြင့် သစ်ရွက်များအချင်းချင်း ပွတ်တိုက်သွား၏။

ရှောက်လုံက လဲကျသေဆုံးနေသော နှစ်ဖက်ဓား ကျို့ထုံအား ရူးရဲ့စွာ စိုက်ကြည့်နေ၏။

မိုစီတောင်းက အတန်ကြာတွေဝေနေရာမှ သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း...သူပြောတဲ့ စကားအားလုံးဟာ အမှန်တွေပဲ ဖြစ်ပါစေ"

ထိုသို့ရေရွတ်ပြီး တစ်ဖက်သို့လှည့်လိုက်၏။

ရုတ်တရက်...

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မိုစီတောင်းထံမှ တအံ့တသြအသံနှင့်အတူ ရိပ်ခနဲပြေးထွက်သွားသည်။

ရှောက်လုံက ချက်ချင်းပင် ပြေးလိုက်သွားပြီး မိုစီတောင်းကြည့်နေရာသို့ မျက်လုံးရောက်သွားသည်။

ထိုအခါ...

ရှေ့ဆယ်ပေခန့်တွင် ပထမတစ်ကြိမ် တွေ့ခဲ့ရသည်အတိုင်း ကျောက်တုံးပေါ်တွင် ရှောက်လုံ၏အမည်ကို သွေးဖြင့် ရေးထားသည်ကို တွေ့ရ၏။

"ဒီကိစ္စကို ဘယ်လိုထင်သလဲ"

ရှောက်လုံက မိုစီတောင်းအား မေးလိုက်၏။

မိုစီတောင်းက စိတ်မသက်မသာဖြစ်သွားပြီး...

"ဒီနယ်တစ်ပိုက်မှာ ဆက်တိုက်ဖြစ်ပေါ်နေတဲ့ သေဆုံးမှုတွေမှာ ဒီလိုပဲ ရေးထားခဲ့တာ တွေ့နေရတယ်၊ သူဟာ..."

မိုစီတောင်းက စကားဆုံးအောင်ပင် မပြောနိုင်လောက်အောင် စိတ်မသက်မသာဖြစ်နေ၏။

ရှောက်လုံက မိုစီတောင်းအား အကဲခတ်ကြည့်လိုက်ပြီး မေးလိုက်၏။

"ရှောက်လုံရဲ့လက်ချက်လို့ မောင်ရင်က ထင်သလား"



မိုစီတောင်း ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ကျွန်တော်တော့ လုံးဝမထင်ဘူး၊ ဒါပေမယ့် အခုဟာက ယုံရမလို ဖြစ်နေပြီ"

ရှောက်လုံက နားမလည်သည့် ပုံစံဖြင့်...

"ဘယ်လိုကြောင့်ပါလဲ"

"လူတွေရဲ့ပါးစပ်ကထွက်လာတဲ့ သတင်းစကားတွေကြောင့်ပါ"

ရှောက်လုံ စိတ်ဝင်စားသွားပြီး မိုစီတောင်းအားမေးလိုက်သည်။

"ဘယ်လိုသတင်းများ ထွက်နေလို့လဲ"

မိုစီတောင်းက ရှောက်လုံအား သေချာစွာကြည့်ရင်း...

"ဆရာကြီး ကျွန်တော် ပြောလို့ ဖြစ်မလား"

ရှောက်လုံ အံ့သြသွားဟန်ဖြင့်...

"ဘာများမို့လဲ၊ ပြောသာပြောပါ"

"ကျွန်တော် ကြားရတဲ့သတင်းကတော့ ရှောက်လုံဟာ အရိပ်မဲ့သိုင်းဆရာနဲ့ ဝိညာဉ်အလံရဲ့အားကိုးနဲ့ သိုင်းလောကမှာရှိတဲ့ဂိုဏ်းအားလုံးဟာ သူ့ကိုသိုင်းလောကရဲ့ အဓိပတိအဖြစ် တင်မြှောက်ရမယ်လို့ အတင်းအဓမ္မခိုင်းနေတဲ့ဆိုတဲ့ သတင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



**မိုးစီတောင်း**၏စကားဆုံးတွင် ရှောက်လုံက ဟားတိုက်၍ ရယ်**လိုက်၏**။

"ဟား...ဟား...ဟား...တော်တော်လည်း ကောက်ကျစ်ယုတ်မာတဲ့ လူတွေပါလား"

ထိုသို့ပြောပြီး လက်ဝါးတစ်ဖက်ကို ရိုက်ထုတ်လိုက်၏။

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ သွေးစာရေးထားသော ကျောက်တုံးကြီးမှာ ကြေမွသွား၏။

မိုးစီတောင်းမှာ ရုတ်တရက် ထိတ်လန့်သွား၏။

ပြီးမှ မဝံ့မရဲလေသံဖြင့် မေးလိုက်၏။

"ဆရာကြီး...ဆရာကြီးဟာ အခုတလော နာမည် ကြီးနေတဲ့ ဝိဉာဉ်အလံရဲ့ညီ ဆိုတာလား"

ရှောက်လုံက သူ့ရုပ်သွင်အမှန်ကို ဖော်ပြချင်၏။

သို့သော်...

အချိန်စောနေသေးသဖြင့် ထုတ်ဖော်မပြတော့ဘဲ အလိုက်သင့် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ ဝိဉာဉ်အလံရဲ့ညီ အမည်မဲ့ အဘိုးအိုပါပဲ"



ရှောက်လုံ၏စကားကြောင့် မိုးစီတောင်းမှာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွား၏။

ရှောက်လုံက ဆက်ပြောလိုက်သည်။

"ဒါဆို ဒီကိစ္စဟာ အတော်ကြောက်စရာကောင်းတဲ့ ကောက်ကျစ်ယုတ်မာမှုတစ်ခုပဲ"

မိုးစီတောင်းက...

"ဟုတ်ပါတယ်"

ရှောက်လုံက ခေတ္တစဉ်းစားဟန်ပြုလိုက်ပြီး...

"သူတို့ရဲ့ရည်ရွယ်ချက်က ဘယ်လိုရည်ရွယ်ချက်မျိုး ဖြစ်မလဲ"

မိုးစီတောင်းက တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး...

"သူတို့ရဲ့ရည်ရွယ်ချက်က သိုင်းလောကတစ်ခုလုံး ဂယက်ရိုက်လှုပ်ရှားသွားအောင်လုပ်ပြီး ရှောက်လုံနဲ့ ရန်တိုက်ပေးတယ်ဆိုတာ ထင်ရှားနေပြီပဲ"

ရှောက်လုံက ကြေမသွားသော ကျောက်တုံးအား လှမ်းကြည့်လိုက်ပြီး...

"ဒီပြဿနာကိုဘယ်သူဟာကဖန်တီးနေလဲဆိုတာ ရှောက်လုံအတွက် စုံစမ်းပေးရလိမ့်မယ်ထင်တယ်"

မိုးစီတောင်း၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး...ဒီပြဿနာကို စုံစမ်းမယ်ဆိုရင် ကျွန်တော်လည်း ဆရာကြီးနဲ့အတူ လိုက်ပြီး စုံစမ်းချင်ပါတယ်"

ရှောက်လုံမှာ မိုစီတောင်းအား စိတ်ထဲမှ ကျိတ်၍ အလွန် ကျေးဇူးတင်သွားမိသည်။

မိုစီတောင်း၏ သစ္စာသမာဓိကိုလည်း လေးစားသွားမိ၏။

သို့သော်...

ရှောက်လုံ ခေါင်းခါယမ်းလိုက်သည်။

"ဒီပြဿနာကိုဖန်တီးနေတဲ့လူဟာ တော်တော်လေး ရက်စက် ယုတ်မာပုံရတယ်၊ ဒီတော့ ကျုပ်အနေနဲ့ မောင်ရင့်ကို အန္တရာယ် များလှတဲ့ ပြဿနာထဲကို မဝင်စေချင်ဘူး"

မိုစီတောင်း ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူးဆရာကြီး၊ အမှန်တရားဘက်က ရပ်တည်တာ ဖြစ်လို့ သေသွားလည်း မြင့်မြတ်ပါတယ်"

ရှောက်လုံ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"မောင်ရင့်ရဲ့ စိတ်ဓာတ်နဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်၊ ဒါပေမယ့် မောင်ရင် ဒီကိစ္စထဲ ဝင်မပါတာ မောင်ရင့်အတွက် အကောင်းဆုံးလို့ ကျုပ်ထင်တယ်၊ နောက် ရှောက်လုံနဲ့တွေ့ကြတော့ မှာပဲ မောင်ရင့်သဘောအရ တိုင်ပင်ပြီး ဆုံးဖြတ်စေချင်တယ်"



မိုစီတောင်း ခေတ္တတွေဝေသွားပြီး...

"ဒါဆို ကျွန်တော့်ရဲ့မိတ်ဆွေ ရှောက်လုံဟာ အခုဘယ်မှာ ရှိနေပါသလဲ"

"အဲဒါကိုတော့ ကျုပ်လည်း မသိဘူး၊ ဒါပေမယ့် အခုလို ကောက်ကျစ်ယုတ်မာတဲ့ လုပ်ကြံမှုတွေပေါ်နေတယ်ဆိုရင်တော့ မကြာ ခင် သူကိုယ်တိုင်ထွက်လာပြီး ဖြေရှင်းလိမ့်မယ် ထင်ပါတယ်"

ရှောက်လုံက ထိုသို့ပြောပြီး နားစွင့်လိုက်၏။

"ဟော...မောင်ရင် လူတစ်ယောက်လာနေတဲ့ခြေသံလိုလို ကြားရတယ်၊ မောင်ရင်ဒီကနေ မြန်မြန်ထွက်သွားပေတော့"

မိုစီတောင်းမှာ မည်သည့်စကားမျှ ပြန်ပြောမနေတော့ဘဲ ရှောက်လုံအား အရိုအသေပေးလိုက်ပြီးနောက် နေရာမှ ပြေးထွက် သွားလေသည်။

○ ◎ ○

မိုစီတောင်း ထွက်သွားပြီးသည်နှင့် ရှောက်လုံက ပင်စည် ကြီးမားလှသော ချယ်ရီပင်ကြီးတစ်ပင်၏နောက်သို့ ပြေး၍ပုန်းကွယ် နေလိုက်၏။

အချိန်မှာ ညနေမှောင်စပျိုးအချိန်ဖြစ်၍ ချယ်ရီတောတစ်ခုလုံး ရီမှောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ရိပ်ပြိုးအချိန်တွင် ပြန့်ကျဲနေသော အလောင်းကောင်များ ကို မြင်တွေ့ရသည်မှာ အလွန်ချောက်ချားဖွယ် ကောင်းနေ၏။

ရှောက်လုံ ပုန်းကွယ်ပြီး မကြာမီ လူနှစ်ဆယ်ကျော်ခန့် လဲကျနေသော အလောင်းကောင်များအနီးသို့ ရောက်ရှိလာ၏။

ရှေ့ဆုံးမှ ဦးဆောင်လာသူနှစ်ဦးမှာ အဝါရောင်နှင့် ငွေရောင် ဝတ်စုံဝတ်ဆင်ထားသော အဘိုးကြီးနှစ်ဦး ဖြစ်သည်၊

ရှောက်လုံက ထိုအဘိုးအိုကြီးနှစ်ဦးအား သေချာစွာကြည့်လိုက်၏။

အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုမှာ မဟာမိုးမြေဂိုဏ်းမှ ဂိုဏ်းခွဲမှူး ဘိလူကြီး 'ပိုင်ကွမ်း' ပင် ဖြစ်သည်။

ငွေရောင်ဝတ်စုံနှင့် အဘိုးအိုမှာမူ ငွေဒဂါး 'ဟန်စန်း' ဖြစ်နေ၏။

ကျန်လူများမှာ မဟာမိုးမြေဂိုဏ်းမှ ဂိုဏ်းဝင်များပင်ဖြစ်သည်။

ရှောက်လုံမှာ လက်စားချေလိုသော စိတ်ကြောင့် ကလိကလိ ဖြစ်နေသည်။

ငွေဒဂါးအား ဤကဲ့သို့ နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံနိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပေ။

ရှောက်လုံ အဓိကမေးမြန်းချင်သည့်အချက်မှာ ကျောက်စိစား



ဂိုဏ်းချုပ် ကုန်းမှအား အဘယ့်ကြောင့် နှုတ်ပိတ်ခဲ့ရသနည်း ဆိုသည့် အချက်ပင်ဖြစ်သည်။

ထိုစဉ်...

ငွေဒဂါးဟန်စန်း၏စကားသံ ထွက်ပေါ်လာသည်။

"ဂိုဏ်းခွဲမှူးကြီးအနေနဲ့ ရှောက်လုံဟာ လူတကာကို လှောက်သတ်နေတယ်ဆိုတဲ့အချက်ကို လက်ခံသလား"

ပိုင်ကွမ်းက သေဆုံးနေကြသူများကို တစ်ချက်ကြည့်လိုက်ပြီး...

"ဒီသတင်းက ကြားရတာပဲရှိတယ်၊ လက်တွေ့မမြင်ရတော့ စဉ်းစဉ်းစားစားယုံရဖို့ ခက်တယ်၊ နေပါဦး... ခင်ဗျားကရော ဘယ်လိုထင်သလဲ"

ငွေဒဂါးဟန်စန်းက တစ်ချက်စဉ်းစားလိုက်ပြီးမှ...

"ကျုပ်အနေနဲ့ကတော့ တခြားကိစ္စတွေကို မမှန်းဆချင်ဘူး၊ ဒါပေမယ့် တုကုယင်း သေဆုံးသွားရတာဟာ သူ့လက်ချက်လို့ ထင်မြင်ယူဆထားတယ်"

ပိုင်ကွမ်းက...

"ခင်ဗျား သေချာလို့လား"

ဟန်စန်းက သက်ပြင်းတစ်ချက်ချရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဂိုဏ်းချုပ်နဲ့တွေ့တုန်း တွေ့ဆုံမှန်းဆခဲ့တဲ့ ယူဆချက်တမနပါ၊ အခုသေသေချာချာ ပြန်စဉ်းစားကြည့်တော့ မဖြစ်နိုင်လောက်ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

ဟန်စန်းက တည်ကြည်သော မျက်နှာထားဖြင့်...

"တုကုယင်း သေဆုံးသွားရတာဟာ စားလိုလက်နက်မျိုးမဟုတ်ဘူး၊ ရှတ်ကောက်လို တောင်ဝှေးလို လက်နက်မျိုးနဲ့ အသတ်ခံရတာ၊ ရှောက်လုံ သုံးတာက စားလက်နက်ပဲ"

ပိုင်ကွမ်းက အုံ့ဩသော မျက်နှာဖြင့်...

"ဒါကို ခင်ဗျားတို့က ဘယ်လိုလုပ်သိသလဲ"

"တုကုယင်းရဲ့အလောင်းကို ကျုပ်ကိုယ်တိုင် သယ်ယူခဲ့တာပဲ၊ အဲဒီတုန်းက အမည်မဲ့အဘိုးအိုက ကျုပ်ကို မှားခေါ်သွားတယ်၊ တုကုယင်းက ကျန်ခဲ့ပြီး လုပ်ကြံခံရတာပဲ"

ပိုင်ကွမ်းက အတန်ကြာအောင် စဉ်းစားနေလိုက်ပြီး...

"အင်း...ဒါဟာ တိုက်ဆိုင်မှုတစ်ခုဖြစ်သွားတာ နေလိမ့်မယ်၊ တကယ်တော့ တုက ုင်းဟာ ဂိုဏ်းချုပ်ကြီးအမိန့်နဲ့ အမည်မဲ့အဘိုးအိုနောက်ကို လိုက်ရင်း အခုလို အသတ်ခံရတာပဲဖြစ်မယ်"

ပိုင်ကွမ်းက ခေတ္တနားလိုက်ပြီး ဆက်ပြောသည်။



"တုကုယင်းကိုသတ်တာ ရှောက်လုံလည်းမဟုတ်ဘူး၊ အမည်မဲ့အဘိုးအိုလည်းမဟုတ်ဘူးဆိုရင် တရားခံဟာ ဘယ်သူဖြစ်မလဲ၊ တကယ်တော့ တုကုယင်းရဲ့အသက်ကို နုတ်ယူဖို့ဆိုတာ သာမန်သိုင်းသမားအဆင့်နဲ့ မရနိုင်ဘူး"

ဟန်စန်းက...

"အဲဒါကို စဉ်းစားရ ခက်နေတယ်"

ပိုင်ကွမ်းက ဖျတ်ခနဲစဉ်းစားလိုက်ပြီး...

"သိုင်းလောကမှာ တုတ်ကောက်လက်နက်ကိုင်တဲ့ အဆင့်မြင့် သိုင်းသမား ဘယ်နှစ်ယောက်ရှိမလဲ"

ဟု မေးလိုက်လေသည်။

ဟန်စန်းက ချက်ချင်း အဖြေပေးလိုက်၏။

"အခုချက်ချင်း စဉ်းစားလို့ ရမှာမဟုတ်ဘူး"

ပိုင်ကွမ်းက လဲကျသေဆုံးနေသူများကို ညွှန်ပြလိုက်ပြီး...

"ဒီအလောင်းတွေကို ဘယ်လိုလုပ်ကြမလဲ"

ဟန်စန်း တွေဝေသွားသည်။

အတန်ကြာမှ...

ရပ်နေသော ဂိုဏ်းသားများအား လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအလောင်းတွေကို အမြန်ဆုံး မြှုပ်ပစ်လိုက်"

သူက ထိုသို့အမိန့်ပေးလိုက်သည်နှင့် ဂိုဏ်းသားဆယ်ဦးတို့က အလောင်းကောင်များအား မြေမြှုပ်ရန် ပြင်ဆင်ကြတော့၏။

○ ◎ ○

ဂိုဏ်းသားများမှာ အလုပ်ရှုပ်နေစဉ် ဟန်စန်းက ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။

ဤတွင်...

သွေးစာရေးထားသော ကျောက်တုံး အပိုင်းများကို ညွှန်ပြလိုက်ပြီး...

"ဟင်...ဒီသွေးစာလုံးရေးထားတဲ့ ကျောက်တုံးကို ဘယ်သူက ကြေမွအောင် လုပ်လိုက်တာပါလိမ့်"

ထိုစဉ်...

စကားသံတစ်ချက် ရုတ်တရက် ထွက်ပေါ်လာ၏။

"ကျုပ် အမည်မဲ့ အဘိုးအိုပါ"

အသံနှင့်အတူ အဘိုးအိုတစ်ဦးသည် ချယ်ရီပင်စည်အကွယ်မှ ထွက်ပေါ်လာပြီး ဖြည်းဖြည်းမှန်မှန်ဖြင့် လမ်းလျှောက်လာနေသည်။

ထိုအသံကြောင့် အလောင်းများကို မြှုပ်နေသော ဂိုဏ်းသားတို့ပါလည်း ဝိုင်းအုံလာသည်။



ဟန်စန်းမှာ အမည်မဲ့အဘိုးဟန်ဆောင်ထားသော ရှောက်လုံကို တွေ့လိုက်သည်နှင့် ထိတ်လန့်သွားပြီး...

"ဟင်...အမည်မဲ့ အဘိုးအို"

နှုတ်မှလည်း အလန့်တကြား အော်မိလိုက်သည်။

ပိုင်ကွမ်းက အမည်မဲ့အဘိုးအိုအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ဂိုဏ်းသားများအား အော်ဟစ်အမိန့်ပေးလိုက်သည်။

"သွား...မင်းတို့အလုပ် မင်းတို့ဆက်လုပ်ကြစမ်း"

ဂိုဏ်းသားများမှာ ချက်ချင်းလှည့်ထွက်သွားပြီး သူတို့အလုပ်ကို သူတို့ဆက်လုပ်နေကြ၏။

ပိုင်ကွမ်းက ရှောက်လုံအား စတင်နှုတ်ဆက်လိုက်၏။

"မမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာပါတယ်၊ အခု ဒီလူတွေ အသတ်ခံရတဲ့ကိစ္စကို ဆရာကြီး ဘယ်လိုယူဆပါသလဲ"

ရှောက်လုံက ဟန်စန်းအား တစ်ချက်ကြည့်လိုက်၏။

ထို့နောက်...

ပိုင်ကွမ်းနှင့် မျက်နှာချင်းဆိုင်နေရာသို့ တိုးရွှေ့ရပ်လိုက်ပြီး...

"ကျုပ်လည်း ဘယ်လိုမှ မယူဆတတ်အောင်ဖြစ်နေတယ်၊ ဒါပေမယ့် ရှောက်လုံ သတ်တာမဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်းက ရှောက်လုံအား အဓိပ္ပာယ်ပါပါဖြင့် တစ်ချက်ကြည့်လိုက်ပြီး...

"ရှောက်လုံ သတ်တာမဟုတ်ဘူးလို့ ဘာကြောင့် ပြောနိုင်တာလဲ"

ရှောက်လုံက တစ်ချက်ပြုံးလိုက်ပြီးပြော၏။

"ဒါကတော့ ရှင်းပါတယ်၊ လူတစ်ယောက် တကယ်သတ်တာမှန်ရင် သူ့နာမည်ရေးထားခဲ့စရာ မလိုဘူး၊ အခုဟာက အထင်လွဲအောင် တမင်အကွက်ဆင် ဖန်တီးထားတာပဲ"

ဤတွင်...

ဟန်စန်းက ဝင်မေးလာ၏။

"ဒါဆို တကယ့်ယင်းကို သတ်တာကရော"

ရှောက်လုံ ခေါင်းတစ်ချက် ခါးယမ်းလိုက်ပြီး...

"ဒါတော့ ကျုပ်လည်း မသိဘူး"

ပိုင်ကွမ်းက ရှောက်လုံအား စေ့စေ့ကြည့်ကာ...

"နောင်ကြီးဟာ ဗိဇ္ဇာဥ်အလံရဲ့ ညီလား"

ရှောက်လုံက အေးစက်သောအမူအရာဖြင့်...

"ဒီစကားအမေးခံရတာ အကြိမ်ပေါင်း မနည်းတော့ဘူး၊ ကျုပ်ဖြေဖို့တောင် ပျင်းလာပြီ"



ရှောက်လုံက ထိုသို့ပြောလိုက်ပြီးနောက် ဟန်စန်းဘက်လှည့်ကာ မေးလိုက်၏။

"ဟန်စန်း...ခင်ဗျားကို ကျုပ်တစ်ခုမေးချင်တယ်"

ဟန်စန်းက မျက်မှောင်ကြုတ်သွားကာ...

"ဘာမေးချင်လို့လဲ"

ရှောက်လုံက သက်ပြင်းတစ်ချက်ချပြီး...

"ဘာကြောင့် ကျောက်စီမေးကိုဏ်းချုပ်ကို လုပ်ကြံလိုက်ရတာလဲ"

ဟန်စန်းမှာ မျက်နှာတစ်ချက်ပျက်သွားပြီး နားမလည်ဟန်ဖြင့်...

"ကျုပ် ဘယ်တုန်းက လုပ်ကြံခဲ့လို့လဲ၊ သူ့ကို လုပ်ကြံတာ ရှောက်လုံပဲ ဖြစ်မှာပေါ့"

ရှောက်လုံ ဒေါသထွက်လာသည်။

"ခင်ဗျား ဟန်ဆောင်မနေနဲ့၊ သူ့ကို ဘာကြောင့်လုပ်ကြံရတာလဲ၊ ပြောစမ်း"

သူ လေသံမာမာဖြင့် မေးလိုက်၏။

ဟန်စန်း ခေါင်းခါယမ်းကာ...

"ကျုပ်မှမသိတာ ဘာပြောနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်စန်းက ဘုူးကွယ်နေ၏။

ရှောက်လုံက ရှုံးရဲ့စွာကြည့်လိုက်ပြီး...

"ကောင်းပြီ၊ ခင်ဗျားအနေနဲ့ ငွေဒင်္ဂါးလက်နက်ကို ထုတ်သုံးဖို့ အခွင့်အရေးပေါ်လာပြီ"

ရှောက်လုံက ထိုသို့ပြောပြီး ပိုင်ကွမ်းဘက်လှည့်ကာ ပြောလိုက်ပြန်၏။

"ကဲ...မိတ်ဆွေလည်း ဒီကိစ္စထဲဝင်မပါနဲ့ ဟုတ်လား"

ဤတွင်...

ပိုင်ကွမ်းက ရယ်မောလိုက်ပြီး...

"လိုအပ်ရင်တော့ ဝင်ရမှာပေါ့"

ဤစကားကြောင့် ရှောက်လုံစိတ်ထဲ အနည်းငယ် အကျပ်ရိုက်သွားတော့၏။

အကယ်၍...

ပိုင်ကွမ်း ဝင်ပါလာလျှင် သူက ဓားကိုထုတ်၍ အသုံးပြုရတော့မည် ဖြစ်၏။

သို့ဆိုလျှင် သူ၏ဇာတိရုပ်လည်း ပေါ်သွားပေတော့မည်။ မည်သည့်နည်းနှင့်မဆို ဓားကိုမထုတ်ဘဲနှင့် လက်ချည်းပဲ ဤသိုင်းသမားနှစ်ယောက်ကို ယှဉ်နိုင်လိမ့်မည် မဟုတ်ချေ။



ရှောက်လုံအတွက် စဉ်းစားရအလွန်ခက်နေ၏။

ဘီလူးကြီး ပိုင်ကွမ်းနှင့် ငွေဒင်္ဂါးဟန်စန်းတို့၏အမည်ကို ကြားလိုက်သည်နှင့် သိုင်းလောကသားများ ကျောချမ်းသွားတတ်ကြသည်။

သို့သော်...

ဤသို့မမျှော်လင့်ဘဲ တွေ့ရသော အခွင့်အရေးကို ရှောက်လုံက လက်လွှတ်မခံလိုပါချေ။

ထိုစဉ်...ပိုင်ကွမ်းက ရှောက်လုံအား မေးလာသည်။

"ကျောက်စိမ်းဂိုဏ်းချုပ်ကို လုပ်ကြံရတဲ့အကြောင်းရင်းကို နောင်ကြီး တကယ်သိချင်သလား"

ပိုင်ကွမ်းအနေဖြင့် အမည်မဲ့အဘိုးအိုအား အနည်းငယ် ကြောက် ရွံ့နေဟန်ရှိသည်။

ရှောက်လုံက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်...တကယ်ပဲ သိချင်တယ်"

"ကောင်းပြီ...ဒီလိုဆိုရင် ကျုပ်ပြောပြမယ်၊ တကယ်တော့ ကျောက်စိမ်းဂိုဏ်းချုပ် ကုန်းမုဟာ ကျုပ်တို့ဂိုဏ်းထဲကိုဝင်ဖို့ ငြင်းဆန်ခဲ့တယ်၊ ကျုပ်တို့အနေနဲ့ကလည်း သူ့ကို နဂါးဂိုဏ်းရဲ့ ဘက်တော်သားအဖြစ် အရောက်မခံနိုင်ဘူး၊ ဒါကြောင့် သူ့ကို ရှင်းပစ်လိုက်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက စေ့စေ့ကြည့်ပြီး...

"ဒါဟာ အမှန်ပဲလား"

"အမှန်ပါပဲ"

ဤအတိုင်းဆိုလျှင် ငွေဒင်္ဂါးဟန်စန်းမှာ ကုန်းမှုအားလုပ်ကြံလိုက်ခြင်းမှာ နှုတ်ပိတ်လိုက်ခြင်းမဟုတ်ကြောင်း ထင်ရှားနေ၏။

ဤသို့ဆိုလျှင်...

ကျောက်စိမ်းဓားအမှုနှင့်လည်း လုံးဝမပတ်သက်တော့ချေ။

အမှန်တွင်လည်း ထိုစဉ်က နဂါးဂိုဏ်းမှ တမန်တော်လွှေရှမ်းသည်လည်း အသတ်ခံရသေးသည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ပိုင်ကွမ်း၏အဖြေမှာ ယုတ္တိရှိနေ၏။

ထို့ကြောင့်...

ရှောက်လုံမှာ ဟန်စန်းနှင့် အကြိတ်အနယ်တိုက်ခိုက်ရန် မလိုတော့ချေ။

ရှောက်လုံက ထိုသို့စဉ်းစားနေစဉ် ငွေဒင်္ဂါးဟန်စန်းက အေးစက်သော လေသံဖြင့် ပြောလာ၏။

"ကဲ...ဂိုဏ်းခွဲမှူးကြီး၊ အခုအချိန် ပြဿနာကို ဖြေရှင်းဖို့ အကောင်းဆုံးအချိန်ပဲ"



ပိုင်ကွမ်း ခေါင်းညိတ်လိုက်ပြီး ရှောက်လုံဘက်လှည့်လိုက်သည်။

"ကျုပ်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမလို့ပဲ"

ဤတွင် ပိုင်ကွမ်းက တစ်လုံးချင်း ဖြည်းလေးစွာပြောလိုက်၏။

"နောင်ကြီးနဲ့ ဝိညာဉ်အလံရယ်၊ ရှောက်လုံရယ် ခင်ဗျားတို့ သုံးယောက် ဘယ်လိုပတ်သက်နေသလဲ"

ရှောက်လုံက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်တို့ညီနောင်နဲ့ ရှောက်လုံတို့ဟာ မိတ်ဟောင်း ဆွေဟောင်းတွေပါပဲ၊ နေပါဦး...ခင်ဗျားတို့နဲ့ ရှောက်လုံတို့ ဘာပြဿနာများ ရှိနေလို့လဲ"

ပိုင်ကွမ်းက အံတစ်ချက်ကြိတ်လိုက်ပြီး...

"သူဟာ ကျုပ်တို့ဂိုဏ်းသားတွေကို ဒဏ်ရာရအောင်လုပ်ခဲ့တယ်၊ ပြီးတော့ တခြားလူတွေကို သတ်တာလည်း သူပဲ၊ ဒါကြောင့် သူ့ကို ကျုပ်တို့ သိပ်တွေ့ချင်တယ်"

ပိုင်ကွမ်းက ချောင်းတစ်ချက် ဟန့်ပြီး စကားဆက်လိုက်၏။

"ပြီးတော့ ကျုပ်တို့ဂိုဏ်းက ဂိုဏ်းခွဲမှူးတကုယင်းကို သတ်သွားတာလဲ သူပဲ"

ရှောက်လုံမှာစိတ်ထဲ၌ ကျိတ်၍ရယ်ချင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ်...

တုကုယင်းသည် အသံရှင်၏လက်ချက်ကြောင့် သေဆုံးသွားရသည် မဟုတ်ပါလား။

ရှောက်လုံက ကောင်းကင်ပေါ် တစ်ချက်မော့ကြည့်လိုက်ပြီး...

"ရှောက်လုံကို ရှာတွေ့ဖို့ဆိုတာ မလွယ်ပါဘူး"

ဟန်စန်းက ခပ်မာမာဖြင့် ပြန်ပြောသည်။

"ကျုပ်တို့ သူ့ကို မတွေ့တွေ့အောင်ရှာမယ်"

ရှောက်လုံက မည်သို့မျှပြန်မပြောဘဲ ဟန်စန်းအား စိုက်ကြည့်နေလိုက်၏။

ထိုစဉ်...

ပိုင်ကွမ်းက ကြားဝင်ပြောလာသည်။

"ဒီအကြောင်းခဏထားပြီး နောင်ကြီးအကြောင်းကို ပြောကြရအောင်"

ရှောက်လုံ အံ့သြသွားသည်။

"ကျုပ်အကြောင်း ဘာသိချင်လို့လဲ"

ဤတွင် ပိုင်ကွမ်းက ဖြည်းလေးစွာဖြင့် ပြောသည်။

"နောင်ကြီးအစ်ကို ဝိညာဉ်အလဲ ဘယ်မှာရှိနေပါသလဲ"

"အခု သူဘယ်မှာရှိတယ်ဆိုတာ ကျုပ်မသိဘူး"



ပိုင်ကွမ်းက တစ်ချက်စိုက်ကြည့်လိုက်၏။

ရှောက်လုံ ခေါင်းခါယမ်းလိုက်ပြီး...

ပိုင်ကွမ်း၏မျက်နှာ ရုတ်ခြည်း တင်းမာသွား၏။

"ကျုပ်တို့အနေနဲ့ နောင်ကြီးနဲ့ မျက်နှာပျက်မယ့်အလုပ်မျိုး မလုပ်ချင်ဘူး၊ ဝိညာဉ်အလဲကိုပြောလိုက်ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့နဲ့လာတွေ့ပါလို့၊ ဒီလိုမှမဟုတ်ရင် တစ်သက်လုံး ဒုက္ခ ရောက်သွားလိမ့်မယ်"

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် ရှောက်လုံ ရင်ထိတ်သွား၏။

"ဘယ်လိုအကြောင်းလဲဆိုတာ ပြောပါဦး၊ ကျုပ်သူ့ကိုတွေ့ရင် ပြောလိုက်မယ်"

ပိုင်ကွမ်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ဒီကိစ္စကို တခြားလူတွေပြောလို့မဖြစ်ဘူး၊ သူကိုယ်တိုင်လာပြီးဖြေရှင်းမှ ဖြစ်လိမ့်မယ်"

ရှောက်လုံက ခေါင်းကို ဆတ်ပြလိုက်ပြီး...

"သူ့ရဲ့ကိစ္စမှန်သမျှကို ကျုပ်တို့အားလုံး တာဝန်ယူပါတယ်"

"အို...ဒီလို တခြားသူ တာဝန်ယူတာမျိုး လက်မခံနိုင်ဘူး"

ရှောက်လုံ ပခုံးတွန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒ်လိုဆို ကျုပ်ကလည်း ဘာမှလုပ်မပေးနိုင်ဘူး"

ထိုစဉ်...

ဂိုဏ်းသားရောက်ရှိလာပြီး ပိုင်ကွမ်းအား အရိုအသေပေးလိုက်၏။

ထို့နောက်...

တုန်တုန်ယင်ယင် အမူအရာဖြင့် ပိုင်ကွမ်းအားသတင်းပို့သည်။

"ဂိုဏ်းခွဲမှူး ခင်ဗျာ၊ မိန်းကလေး ဘယ်မှာရှိတယ်ဆိုတာ သတင်းရခဲ့ပါပြီ"

ပိုင်ကွမ်း၏မျက်နှာ ပြုံးယောင်သမ်းသွားသည်။

ထို့နောက် ဟန်စန်းဘက်သို့လှည့်ကာ...

"ကျုပ်တို့ သွားကြစို့"

ရှောက်လုံ၏စိတ်ထဲတွင် အမြန်စဉ်းစားလိုက်၏။

သူတို့ပြောနေကြသည့် မိန်းကလေးမှာ မည်သူနည်း။

ထိုစဉ်...

ပိုင်ကွမ်းက ရှောက်လုံအားထပ်၍ ပြောလိုက်၏။

"နောင်ကြီးရဲ့ အစ်ကိုကို ပြောလိုက်ပါ၊ ကျုပ်ကို အမြန်ဆုံး လာရောက်တွေ့ဆုံဖြေရှင်းပါလို့ ဟုတ်လား"



ပိုင်ကွမ်းက ပြောပြီးသည်နှင့် လက်မြှောက်၍ အချက်ပြလိုက်၏။

ထိုအခါ...

ဟန်စန်းအပါအဝင် ဂိုဏ်းသားအချို့တို့ထွက်ခွာသွားကြလေတော့သည်။

○ ◎ ○

www.burmeseclassic.com

www.burmeseclassic.com

## ရန်စ

ပိုင်ကွမ်းတို့ထွက်ခွာသွားပြီးသောအခါ ရောက်လုံမှာ တစ်ချိန်က စကျားမြို့အနီး သီလရှင်ကျောင်းသို့ မြင်းလှည်းဖြင့် ပို့ပေးခဲ့သော 'တုကူး' တို့ ညီအစ်မနှင့် မိန်းမကြီးတစ်ဦးအား သတိရလာသည်။ သူ့ကိုရှာတွေ့ပြီဆိုသော မိန်းကလေးမှာ သီလရှင်ကျောင်းတွင် ပုန်းနေသော တုကူးဖြစ်နေမလား။ ရောက်လုံမှာ ထိုသို့တွေးမိသည်နှင့် ကြာကြာစဉ်းစားမနေတော့ဘဲ စကျားမြို့အနီးရှိ သီလရှင် ကျောင်းသို့ ဦးတည်၍ ထွက်ခဲ့လေတော့၏။

○ ○ ○

ရောက်လုံ စကျားမြို့အနီးသို့ ရောက်သောအခါ ညဉ့်သန်းခေါင် ကျော်၍ နံနက်ပိုင်းသို့ပင် ကူးချေပြီ။



ရောက်လုံက စကျားမြို့ကို ကျော်လွန်၍ သီလရှင်ကျောင်း အနီးသို့ ရောက်လာ၏။

ထိုစဉ်...

"အား"

"အမယ်လေး"

သီလရှင်ကျောင်းဆီမှ ထိတ်လန့်တကြား အော်ဟစ်သံများကို ကြားလိုက်ရ၏။

ရောက်လုံမှာ သူထင်ထားသည့်အတိုင်း ဟန်စန်းတို့လူစုသည် တုကူးတို့ထံ ရောက်နေပြီလောဟု တွေးလိုက်မိ၏။

တွေးရင်း ရောက်လုံမှာ စိုးရိမ်စိတ်ဝင်လာပြီး ကိုယ်ဖော့ပညာ သုံး၍ အမြန်ဆုံး ပြေးလေတော့၏။

သီလရှင်ကျောင်းရှေ့သို့ရောက်သောအခါ ပြင်ထန်စွာဖြစ်ပွားနေသော တိုက်ပွဲကို တွေ့လိုက်ရ၏။

မြေပြင်တွင် လူဆယ်ယောက်ခန့် လဲကျနေ၏။

တိုက်ပွဲအလယ်တွင် အဘိုးအိုနှစ်ဦး၊ လူရွယ်တစ်ဦးက လူတစ်ယောက်အား ဝိုင်း၍တိုက်ခိုက်နေ၏။

ကျန်လူဆယ်ဦးခန့်က သီလရှင်ကျောင်းအား ဝိုင်းရံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ကျောင်းအတွင်းမှ လူရိပ်လူယောင်ဟူ၍ လုံးဝထွက်မလာချေ။

ရှောက်လုံက အကွယ်တစ်နေရာတွင် ငုံးအောင်းနေလိုက်ပြီး တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်ရှုလိုက်၏။

တွေ့လိုက်ရသောမြင်ကွင်းကြောင့် ရှောက်လုံ၏စိတ်ထဲတွင် တုန်လှုပ်သွားမိ၏။

တိုက်ပွဲအလယ်တွင် အဝိုင်းခံနေရသည့်သူမှာ အသံရှင်ဖြစ်နေသောကြောင့် ဖြစ်၏။

ထူးဆန်းနေသည်မှာ သီလရှင်ကျောင်းအတွင်းမှ မည်သူတစ်ဦးတစ်ယောက်မျှ ထွက်မလာခြင်းပင်ဖြစ်၏။

အသံရှင်မှာ တစ်ယောက်တည်း ခုခံတိုက်ခိုက်နေပုံရ၏။

အသံရှင်မှာ တုတ်ကောက်ဝတ်လက်နက်ဖြင့် အစွမ်းကုန် ခုခံတိုက်ခိုက်နေ၏။

သူနှင့်တိုက်ခိုက်နေသောသူများမှာ အဆင့်မြင့် ဓားသမားများဖြစ်ကြ၏။

ဓားသုံးလက် စုပေါင်းတိုက်ခိုက်သည့်တိုက်ကွက်မှာ အလွန်ပြင်းထန်လှ၏။



အသံရှင်၏တုတ်ကောက်လက်နက်မှာ ဓားသုံးလက်ကြားတွင် ဝဲပျံနေ၏။

အပြင်ဘက်တွင် ရုတ်ရုတ်သဲသဲဖြင့် မငြိမ်မသက်ဖြစ်နေသလောက် သီလရှင်ကျောင်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

လွန်စွာ အံ့သြဖွယ်ကောင်းနေသည်။

ရှောက်လုံက ပိုင်ကွမ်းနှင့် ဟန်စန်းတို့ ရောက်ရှိမလာခင် တိုက်ပွဲကို အဆုံးသတ်အောင် လုပ်ပစ်ချင်၏။

သို့သော်…

မိမိမှာ မည်သည့်အသွင်မျိုးဖြင့် ထွက်၍တိုက်ခိုက်ရမည်ကို စဉ်းစားမရအောင် ဖြစ်နေ၏။

အဓိကအချက်မှာ ဓားသုံးရမည်လော သို့မဟုတ် လက်ဝါးသုံးရမည်လော။

ဓားကိုသုံးလျှင် ရှောက်လုံဆိုသည့်အမည် ပေါ်သွားမည် ဖြစ်သည်။

အသံရှင်မှာ အသည်းအသန် ခုခံနေရ၏။

ထိုသို့တိုက်ခိုက်နေရင်းမှ အဘိုးအိုတစ်ဦးက အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

"ဟေ့ကောင်တွေ ကျောင်းထဲဝင်ရှာကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသံထွက်လာပြီးနောက် လူရှစ်ဦးခန့်မှာ ကျောင်းတံခါးဝဆီသို့ ပြေးသွားကြ၏။

ရှောက်လုံမှာ ဆက်ပြီးစဉ်းစားမနေတော့ဘဲ အမည်းမဲ့ အဘိုးအို အသွင်ဖြင့်ပင် တိုက်ပွဲအတွင်းသို့ ဝင်လိုက်ရတော့၏။

○ ❂ ○

ရှောက်လုံ၏ခန္ဓာကိုယ်မှာ လျှင်မြန်သော အရှိန်ဖြင့် ကျောင်းတံခါးဝသို့ ရောက်လာ၏။

ကျောင်းတံခါးဝသို့ရောက်သည်နှင့် မှန်တိုင်းလက်ဝါးသိုင်းဖြင့် အတွင်းအားအကုန်ထုတ်ကာ ရိုက်ချလိုက်၏။

လေပွေလှိုင်းတစ်ခုသည် ကျောင်းတံခါးသို့ပြေးဝင်လာနေသော လူရှစ်ဦးဆီသို့ ပြေးဝင်သွား၏။

ထိုလေပွေလှိုင်းက လူရှစ်ယောက်အား ရိုက်ခတ်သွားသည်။

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ လူရှစ်ယောက်မှာ ကစဉ့်ကလျား ဖြစ်သွားကြသည်။

ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကြောင့် စောစောက အမိန့်ပေးလိုက်သော အဘိုးအိုမှာ ရုတ်တရက် ကြောင်ငေးလျက် ရပ်တန့်သွားလေသည်။



တစ်ချိန်တည်းမှာပင် အဘိုးအိုနှစ်ဦးနှင့် လူမှူယ်တို့မှာ ရှောက်လုံထံ ခုန်ဝင်လာကြပြီး သုံးထောင့်သုံးနေရာမှ သူ့ကို ဝိုင်းလိုက်၏။

ထိုအထဲမှ အဘိုးအိုတစ်ဦးက…

"နောင်ကြီးက ဘယ်သူပါလဲ"

ရှောက်လုံက…

"ကျုပ်က အမည်မဲ့အဘိုးအိုပဲ"

မေးလာသော အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘာ…ဘယ်လို"

"မတရားမှုတွေ လိုက်လံချေမှုန်းနေတဲ့ အမည်မဲ့အဘိုးအိုလေ"

အဘိုးအိုက အသံရှင်အား ညွှန်ပြလိုက်ပြီး…

"ဒီလူကြီးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ရှောက်လုံက…

"ဘယ်လိုမှ မပတ်သက်ဘူး၊ မတရားတာတွေ့ရင် ကျုပ်က တော့ ဝင်ပါရမှာပဲ"

"ဪ…ဟုတ်လား"

အဘိုးအိုက ခနဲ့တဲ့တဲ့ပြောရင်း ရှောက်လုံအား ရုတ်တရက် ဝင်၍ တိုက်ခိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်အဘိုးအိုနှင့် လူရွယ်ကလည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လာကြသည်။

ရှောက်လုံ၏ခန္ဓာကိုယ်မှာ လူရွယ်၏ဓားဆီသို့ ရိပ်ခနဲပြေးဝင်လိုက်၏။

လူရွယ်၏ဓားရှည်သည် ရှောက်လုံ၏ ရင်ဝတည့်တည့်သို့ တိုးဝင်လာ၏။

သို့သော်...

လူရွယ်၏ဓားမှာ ရှောက်လုံ၏အသားထဲ စိုက်ဝင်မသွားဘဲ ကွေးကောက်၍ သွားလေသည်။

"ဟာ"

ဤဖြစ်ရပ်ကို မြင်လိုက်ရသော အဘိုးအိုနှစ်ဦးမှာ လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားကြ၏။

အချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်ကလေးအတွင်း၌ ဖြစ်၏။

"ပုန်း"

"အား"

ကျယ်လောင်သောအသံနှင့် စူးရှစွာအော်လိုက်သောအသံကပါ ဆက်တိုက်ထွက်ပေါ်လာသည်။



လူရွယ်၏ရင်ဝတွင် ရှောက်လုံ၏လက်ဝါးချက်ထိသွားချေပြီ။

လူရွယ်မှာ နောက်သို့လွင့်စဉ်သွားပြီး သွေးများအန်ထုတ်လိုက်၏။

ထို့နောက်...

တုတ်တုတ်မျှပင် မလှုပ်တော့ချေ။

အဘိုးအိုနှစ်ဦးမှာ တိုက်ခိုက်ရန်ပင် မေ့လျော့ကာ ကြက်သေသေနေကြ၏။

ရှောက်လုံက ယင်းအခွင့်ကောင်းကို လက်လွှတ်မခံဘဲ မှန်တိုင်းလက်ဝါးသိုင်းဖြင့် အဘိုးအိုနှစ်ဦးအား ထပ်မံရိုက်ချလိုက်ပြန်၏။

"ဟင်"

အဘိုးအိုနှစ်ဦး သတိဝင်လာပြီး အထိတ်တလန့်ဖြင့် ပြန်လည်ခုခံလာကြသည်။

သို့သော်...

နောက်ကျသွားပြီဖြစ်၏။

"ဝုန်း"

"ဝုန်း"

ကျယ်လောင်အသံများနှင့်အတူ အဘိုးအိုနှစ်ဦးမှာ အဝေးသို့လွင့်စဉ်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဒယီးဒယိုင်ဖြင့် ပြန်လည်ထရပ်လာနိုင်ကြသော်လည်း အတွင်းဒဏ်ရာရရှိသွားကြသည်မှာ ထင်ရှားနေ၏။

ရှောက်လုံက အတွင်းအား အပြည့်အဝ အသုံးမပြုလိုက်ခြင်းကြောင့်သာ အသက်ချမ်းသာရာရသွားခြင်းပင် ဖြစ်လေတော့သည်။

အသံရှင်မှာ ရှောင်လုံ မရိပ်မိခင် ဝါးတောအတွင်းသို့ တိုးဝင်ပုန်းကွယ်နေလိုက်၏။

မရှေးမနှောင်းမှာပင် ငွေဒဂါးဟန်စန်းနှင့် ဘီလူးကြီး ပိုင်ကွမ်းတို့ ရောက်ရှိလာလေတော့သည်။

○ ◎ ○

ဟန်စန်းနှင့် ပိုင်ကွမ်းတို့အား မြင်လိုက်ရသောအခါ ရှောက်လုံ ရင်ထိတ်သွားသည်။

အသံရှင်အား လှမ်းကြည့်လိုက်သော်လည်း မတွေ့ရတော့ချေ

ဤသို့ဆိုလျှင် ရန်သူများအား သူတစ်ယောက်တည်း ခံ တိုက်ခိုက်ရပေတော့မည်။

ပိုင်ကွမ်းက ဒေါသတကြီးဖြင့် တိုက်ပွဲအခြေအနေအား ကြည့် လိုက်ပြီးနောက် ရှောက်လုံဘက်သို့ လှည့်လိုက်သည်။

"လက်စသတ်တော့ ခင်ဗျားလက်ချက်ကိုး၊ အခု ဘာပြောင်းချင် သေးလဲ"



ပိုင်ကွမ်းက ဒဏ်ရာရထားသော အဘိုးအိုနှစ်ဦးဘက်သို့ ပြန် လှည့်ပြီး...

"ကဲ...အဖွဲ့ခေါင်းဆောင်လီ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းစုံ ပြော ပြစမ်း"

အဘိုးကြီးနှစ်ဦးအနက် အရပ်ရှည်သော အဘိုးအိုက ပိုင်ကွမ်း အား အရိုအသေပေးလိုက်ပြီး...

"ဂိုဏ်းခွဲမှူးကြီးခင်ဗျာ၊ ကျုပ်နဲ့ ဆရာချန် အပါအဝင် ဂိုဏ်း သားတွေဟာ ဒီနေရာကို အချိန်မီရောက်လာခဲ့ပါတယ်၊ ရှောက် ရှောက်ချင်းပဲ ထွက်ပေါက်မရှိအောင် ပိတ်ဆို့ပြီး ဂိုဏ်းခွဲမှူးကြီးနဲ့ ဆရာကြီး ဟန်စန်းတို့ အလာကို စောင့်မျှော်နေပါတယ်၊ အဲဒီအချိန် မှာ မမျှော်လင့်ဘဲ ဝတ်ရုံနက်ဝတ်ဆင်ထားတဲ့ မျက်ဖုံးစွပ်ရှင် ရောက် လာပြီး ကျွန်တော်တို့ကို တိုက်ခိုက်တော့တာပဲ"

ပိုင်ကွမ်း မျက်မှောင်ကြုတ်သွား၏။

"မျက်နှာဖုံးစွပ်နဲ့လူ ဟုတ်လား၊ အခု အဲဒီလူကော"

"အခု ထွက်ပြေးသွားပါပြီ"

"သူဟာ ဘယ်သူလို့ ထင်သလဲ"

အဖွဲ့ခေါင်းဆောင်လီ ခေါင်းခါယမ်းလိုက်ပြီး...

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်းက မျက်နှာတစ်ချက် တင်းသွားပြီး...

"နေပါဦး...မင်းတို့ရဲ့အင်အားနဲ့တောင် သူ့ကိုတိုက်ခိုက်လို့ မရဘူး ဟုတ်လား"

အဖွဲ့ခေါင်းဆောင်လီက...

"အဲဒီလူကြီးရဲ့သိုင်းပညာဟာ အတော်ကြောက်စရာကောင်းလှပါတယ်၊ ကျုပ်တို့သုံးယောက် အပြင်းအထန် တိုက်ခိုက်နေတုန်း ဟောဒီအဘိုးကြီး ရောက်လာပြီး ကြားဝင်တာနဲ့...."

ပိုင်ကွမ်း လက်ကာပြလိုက်သည်။

"တော်ပြီ"

ပိုင်ကွမ်း၏အကြည့်က ရှောက်လုံထံသို့ ချက်ချင်းကျရောက်လာ၏။

"မျက်နှာဖုံးစွပ်နဲ့လူက ဘယ်သူလဲ"

ရှောက်လုံ ခေါင်းခါယမ်းလိုက်၏။

"ကျုပ်မသိဘူး၊ ကျုပ်ဒီနေရာကိုရောက်လာတော့ ဟို မျောက်လောင်းတွေက သီလရှင်ကျောင်းကို ဖျက်ဆီးမယ်လုပ်နေတာ တွေ့လို့ ကျုပ်ဝင်ပြီး တိုက်ခိုက်ရတာပဲ၊ ဒီလို ကျောင်းဝင်းထဲမှာ အခုလို ခိုက်ရန်ဖြစ်ပွားနေတာ ကျုပ်မလိုလားဘူး"

ဤသို့တွင် ဟန်စန်းက မဲ့လိုက်ပြီး...



"ဘာလဲ...နောင်ကြီးက တိုက်ခိုက်မှုလို့ ဆိုချင်တာလား"

ရှောက်လုံ ပခုံးတွန့်လိုက်၏။

"ကျုပ်ရဲ့စကားကို မယုံဘူးဆိုရင်လည်း မတတ်နိုင်ဘူး"

ဟန်စန်း၏မျက်နှာ တင်းမာသွား၏။

"ယုံတာမယုံတာထက် အမှန်အတိုင်းသိရအောင်တော့ လုပ်ရမှာပဲ"

ရှောက်လုံ ရယ်မောလိုက်သည်။

ပြီးမှ...

"ဘာလဲ...ခင်ဗျားက မဖြစ်စလောက် ငွေဒင်္ဂါးပြားကို သုံးဦးမလို့လား"

ရှောက်လုံက နှုတ်မှပြောရင်း ဟန်စန်း၏လှုပ်ရှားမှုကို အကဲခတ်ကြည့်ရှုနေ၏။

ဟန်စန်း အသုံးပြုလိုက်သော ငွေဒင်္ဂါးလက်နက်ပုန်းမှာလေတိုးသံ လုံးဝမကြားရပေ။

ထို့အတူ...

လှုပ်ရှားမှုမှာလည်း အလွန်လျင်မြန်လှသဖြင့် သတိမထားလျှင် ခံသွားရပေလိမ့်မည်။

ဟန်စန်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေဒင်္ဂါးလက်နက်မသုံးဘဲနဲ့ ခင်ဗျားကို ထိန်းထားနိုင်တယ်ဆိုတာရော သိရဲ့လား"

ဟန်စန်း၏စကားကြောင့် ရှောက်လုံ အံ့အားသင့်သွား၏။

ဟန်စန်း အဘယ်ကြောင့် ဤသို့ပြောသနည်း။

တစ်ခါက ဟန်စန်းသည် သူ၏လက်ချက်မိခဲ့ဖူးပေသည်။

ထိုစဉ်က ဟန်စန်းသည် ငွေဒင်္ဂါးသုံးပြားတိတိဖြင့် ရှောက်လုံအား ပစ်ခဲ့ဖူး၏။

သို့သော်...

ရှောက်လုံမှာ ငွေဒင်္ဂါးသုံးပြားစလုံး ထိမှန်ခံခဲ့ရသော်လည်း မည်သို့မျှ မဖြစ်ခဲ့ချေ။

ဤသည်ကို သိထားသော ငွေဒင်္ဂါးသည် အဘယ်ကြောင့် ယခုလို ကြုံးဝါးနေသနည်း။

အမှန်စင်စစ်...

ဟန်စန်းကြုံးဝါးခြင်းသည် အနီးတွင်ရှိနေသော ပိုင်ကွမ်းအားကိုးဖြင့် ကြုံးဝါးခြင်းသာ ဖြစ်လေသည်။

○ ◎ ○

ဟန်စန်း၏စကားကို ရှောက်လုံ သံသယအနည်းငယ်ဝင်လာမိ၏။



ထို့ကြောင့်...

ဟန်စန်းအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ဟော့...မင်းမှာ ငွေဒင်္ဂါးပြားကလွဲလို့ အခြားလက်နက်တွေ ရှိတော့ဘူးလား"

ဟန်စန်းက အဖြေမပေးဘဲ ပိုင်ကွမ်းအားကြည့်ကာ...

"ကဲ...ဂိုဏ်းခွဲမှူးကြီး၊ သူ့ကိုလွှတ်ပေးလို့ မဖြစ်တော့ဘူး"

ပိုင်ကွမ်းက ရှောက်လုံအား ခပ်တည်တည်ဖြင့်ကြည့်၏။

"ဟုတ်တယ်၊ ကျုပ်တို့ဂိုဏ်းအနေနဲ့ ခင်ဗျားကိုကြည့်နေလို့ မဖြစ်တော့ဘူး၊ ခင်ဗျားဒီနေရာကို ဒီညရောက်လာခဲ့တာဟာ ရှောက်လုံနဲ့ အချိတ်အဆက်လုပ်ပြီး ရောက်လာခဲ့တာမဟုတ်လား၊ ဒီတော့ ခင်ဗျားကို ကျုပ်တို့ဂိုဏ်းက ရှင်းပစ်ရလိမ့်မယ်"

ပြောပြောဆိုဆို ပိုင်ကွမ်းက ရှေ့သို့ တိုးလာ၏။

ထိုစဉ်...

ဟန်စန်းကလည်း ပိုင်ကွမ်းနှင့်ယှဉ်၍ ဖြိုင်တူတက်လာသည်။

သုံးလေးလှမ်းမျှ တက်ပြီးသည်နှင့်...

"ဟား"

ညာသံပေးကာ ပိုင်ကွမ်းနှင့်ဟန်စန်းတို့က ဖြိုင်တူပင် တိုက်ခိုက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ပူးပေါင်းတိုက်ခိုက်လာမှုမှာ အလွန်ကြောက်မက်ဖွယ် ကောင်းလှ၏။

ဘေးနှစ်ဖက်ဆီမှ လက်ဝါးအားလှိုင်းနှစ်ခုသည် ရှောက်လုံထံသို့ အရှိန်ပြင်းစွာ တိုးဝင်လာ၏။

ရှောက်လုံက လက်နှစ်ဖက်ကို ဆန့်ကာ တန်ပြန်တွန်းထုတ်လိုက်၏။

"ဒုန်း"

ကျယ်လောင်သောအသံနှင့်အတူ သုံးယောက်သား ခြေ တစ်လှမ်းစီ ဆုတ်သွားကြ၏။

ရှောက်လုံမှာ ပေါ့ပေါ့တန်တန်လုပ်၍မဖြစ်မှန်း သိသွား၏။

ထို့ကြောင့်...

အစွမ်းကုန် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

မဟာမိုးမြေဂိုဏ်းသားများမှာလည်း ဤမျှ ပြင်းထန်သော တိုက်ပွဲမျိုးကို တစ်ကြိမ်မျှမတွေ့ဖူးသေးသဖြင့် စိတ်ဝင်စားစွာကြည့်နေကြ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် သိုင်းကွက်ပေါင်း ဆယ်ကွက်ကျော် တိုက်ခိုက်ပြီး ဖြစ်သွားသည်။

ရှောက်လုံမှာ တိုက်ခိုက်နေရင်းမှ တစ်ဖက် ရန်သူများအား အနိုင်ရရှိဖို့ မလွယ်ကြောင်း သတိထားမိ၏။



ဟန်စန်းမှာ အလွန်ရက်စက်ကြမ်းကြုတ်သော လူတစ်ယောက် ဖြစ်သည်။

သို့သော်...

ယခုတိုင် သူ၏ ငွေဒင်္ဂါးလက်နက်ကို ထုတ်၍မသုံးသေးချေ။

အကယ်၍...

ဟန်စန်းသည် ငွေဒင်္ဂါး လက်နက်ပုန်းကို ထုတ်သုံးခဲ့ပြီး ရှောက်လုံ၏ သံမဏိကိုယ်ကျပ်အင်္ကျီလွတ်နေသော နေရာများသို့ ပစ်ခတ်တိုက်ခိုက်ခဲ့လျှင် ရှောက်လုံအတွက် အခြေအနေဆိုးရွားသွားနိုင်၏။

လက်ရှိအခြေအနေအရ အဓိကပြိုင်ဘက်မှာ ပိုင်ကွမ်းပင် ဖြစ်သည်။

သူ၏ ပြင်းထန်သည့် လက်ဝါးကိုခုခံနိုင်သည့်သူမှာ အလွန်ရှားလေသည်။

တိုက်ပွဲမှာ အချိန်အတော်ကြာသည်အထိ မပြီးဆုံးသေးချေ။

သဲသဲမဲမဲ တိုက်ခိုက်နေကြဆဲပင် ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော သီလရှင်

ဘောမှရပ်ကြည့်နေသူများမှာ တိုက်ပွဲ၏အနိုင်အရှုံးကို မျှော်လင့်စောင့်စားနေကြ၏။

သီလရှင်ကျောင်းအား ဝိုင်းရံထားသူများပင် သတိမေ့လျော့ကာ ငေးစိုက်ကြည့်နေကြ၏။

ထိုစဉ်...

"အားလုံး ရပ်လိုက်ကြပါ"

အေးမြကြည်လင်သည့်အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာလေသည်။

ထိုအသံမှာ ကြားလိုက်ရသူ၏နှလုံးအိမ်အတွင်း စိမ့်ဆင်းသွားနိုင်၏။

တိုက်ပွဲမှာ ရုတ်ခြည်း ရပ်တန့်သွားသည်။



စောစောက ပွက်လောရိုက်နေသည့် ဝန်းကျင်သည် ယခုချက်ချင်း တိတ်ဆိတ်ခြင်းက ကြီးစိုးသွား၏။

လူတိုင်းလူတိုင်းမှာ အသက်မရှူဘဲ အသက်ကို အောင့်ထားသလားဟု ထင်ရ၏။

အားလုံးက ထိုအသံလာရာဆီသို့ အာရုံစူးစိုက်၍ကြည့်လိုက်ကြ၏။

ထိုအခါ...

တံခါးဝတွင် သီလရှင်ကြီးတစ်ပါး ရပ်နေသည်ကို တွေ့မြင်ရ၏။

ထိုသီလရှင်ကြီးမှာ ကျောက်ဆစ်ရုပ်တုတစ်ခုပမာ လှုပ်မရှားဘဲ ငြိမ်သက်စွာနေခြင်းဖြစ်သည်။

ရှောက်လုံက လေပြင်းတစ်ချက်ရှူလိုက်ပြီး တံခါးဝသို့ လှမ်းကြည့်လိုက်၏။

ကျောင်းတံခါးဝတွင် တွေ့လိုက်ရသော သီလရှင်ကြီးမှာ 'တုကူး' ၏ ဆရာမှန်း ချက်ချင်းသိလိုက်၏။

ထိုသီလရှင်ကြီး၏ မျက်လုံးအစုံမှာ တည်ငြိမ်နေသော်လည်း လွန်စွာကြည်လင်တောက်ပနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်းက ကြာရှည်စွာကြည့်မနေနိုင်တော့ဘဲ ရှေ့သို့တစ်လှမ်း တက်လိုက်ပြီး မေးသည်။

"မယ်တော်ကြီးရဲ့ ဘွဲ့နာမည် ဘယ်လိုခေါ်ပါသလဲ"

သီလရှင်ကြီး အလွန်တရာမှ တည်ငြိမ်အေးမြလှသော အသံဖြင့် ပြန်လည်ဖြေကြား၏။

"ကျုပ်ရဲ့ဘွဲ့နာမည်က 'ဝူးမေ' လို့ ခေါ်ပါတယ်၊ ဘယ်အတွက်ကြောင့် ဒီလိုငြိမ်းချမ်းလှတဲ့နယ်မြေမှာလာပြီး ခိုက်ရန် ဖြစ်ပွားနေကြဟာလဲ"

ဤတွင်...

ပိုင်ကွမ်းက သီလရှင် ဝူးမေအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး...

"ငြိမ်းချမ်းတဲ့ နယ်မြေသာဆိုတယ်၊ ဘာကြောင့် သိုင်းလောကထဲက မိန်းကလေးနှစ်ယောက်ကို စောင့်ရှောက်ထိန်းသိမ်းထားရတာလဲ"

သီလရှင် ဝူးမေက တည်ငြိမ်သောလေသံဖြင့်...

"ဘယ်သူတွေ ဆိုလိုတာလဲ"

ဟု မေးလိုက်သည်။

ပိုင်ကွမ်းက ချက်ချင်း ပြန်ဖြေလိုက်၏။



"ကျုပ်တို့ဂိုဏ်းထွက်ပြေးတဲ့ 'တရားခံ' မိန်းကလေးနှစ်ဦးကို ပြောတာပဲ၊ သူတို့ကို ကျုပ်လက်ထဲ အေးအေးဆေးဆေး အပ်မယ်ဆိုရင်တော့ ကျုပ်တို့အနေနဲ့ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲပြန်သွားမယ်"

ဝူးမေက သူ့အားကြည့်ရင်း...

"အခုလည်း ကျောင်းတော်ကို ထိပါးပြီးပြီပဲ"

ဟန်စန်းက ဒေါသတကြီးဖြင့် ဝင်ပြောလာသည်။

"မယ်တော်ကြီးအနေနဲ့ ကျုပ်တို့လိုချင်တဲ့ မိန်းကလေး နှစ်ယောက်ကို တကယ်ပဲ ပြန်မအပ်ဘူးဆိုရင် ဒီကျောင်းတော်ဟာ ပြာဖြစ်သွားလိမ့်မယ် သိလား"

သီလရှင်ဝူးမေ မျက်နှာတစ်ချက် မပျက်ချေ။

ယခုတိုင် အေးချမ်း တည်ငြိမ်သောအသံဖြင့်ပင် ပြန်ပြောသည်။

"သံသရာဆိုတာ လည်တတ်စမြဲပါ၊ ဒါကြောင့် သံသရာလည်တဲ့အလုပ် မလုပ်ချင်ကြပါနဲ့"

ဟန်စန်းမျက်နှာ ကွက်ခနဲပျက်သွားသည်။

ဤသီလရှင်ကြီးမှာ သာမန်ပုဂ္ဂိုလ်တစ်ယောက် မဖြစ်နိုင်မှန်း လည်း အကဲခတ်မိလိုက်သည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် လူသတ်ခြင်းဆိုသည်မှာ ထမင်းစား ရေသောက် သလောက်သာရှိ၏။

နောင်တတရားရဖို့အကြောင်း သူ့တွင် လုံးဝမရှိချေ။

ထို့ကြောင့်...

ဟန်စန်းက ခက်ထန်သောအသံဖြင့်...

"ကျုပ် ဒီကိုလာခဲ့တာ တရားနာဖို့လာခဲ့တာမဟုတ်ဘူး၊ ထွက်ပြေးသွားတဲ့ တရားခံနှစ်ယောက်ကို ခေါ်ဖို့ လာခဲ့တာ"

ဤတွင်...

ဂူးမေက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဒီလိုဆိုရင်တော့ ဘယ်တတ်နိုင်ပါတော့မလဲ၊ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ၊ ကဲ...မင်းတို့ပြောတဲ့လူတွေကို ကျောင်းဝင်းထဲဝင်ပြီး ခေါ်လို့ရရင် ခေါ်သွားပေတော့"

ဟန်စန်း မဲ့ပြုံးပြုံးလိုက်၏။

ထို့နောက်...

ရုတ်ခြည်းပင် ကျောင်းတံခါးဝအနီးသို့ ချက်ချင်းခုန်ဝင်သွားတော့သည်။

ထို့နောက်...

အေးစက်သော လေသံဖြင့်...



"ကျုပ်ကတော့ သိပ်အယုံအကြည်ရှိတဲ့ကောင် မဟုတ်ဘူး၊ လက်တွေ့စမ်းကြည့်ရတာပေါ့"

ထိုသို့ပြောရင်း ရှေ့သို့ဆက်လျှောက်လာ၏။

ဟန်စန်းသည် တံခါးဝရှိ ကျောက်လှေခါးထစ်အား နင်းမိသည်နှင့်တစ်ပြိုင်နက် သီလရှင်ကြီး ဂူးမေက သူမ၏ကြီးမားသော အင်္ကျီစကို တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဟူး"

ပြင်းထန်သော အားလှိုင်းတစ်ခုသည် ဟန်စန်းထံသို့ တစ်ဟုန်ထိုး တိုးဝင်လာ၏။

ဟန်စန်းက လက်ဝါးနှစ်ဖက်ကို ရုတ်ခြည်း ဖြန့်၍ကာလိုက်၏။

သို့သော်...

အားချင်းမမျှသောကြောင့် ဟန်စန်းမှာ နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်သွားသည်။

ဟန်စန်း ဒေါသထွက်သွားသည်။

"သေပေတော့"

အော်ငေါက်ကာ လက်ဝှေ့ယမ်းပြီး ငွေဒဂါးလက်နက်ပုန်းများကို ပစ်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ဝူးမေက အကျီလက်ကို ဝှေ့ယမ်းလိုက်၏။

ဟန်စန်းပစ်လွှတ်လိုက်သော ငွေဒင်္ဂါးလက်နက်ပုန်းများမှာ အဝေးသို့ လွင့်စဉ်ထွက်သွားတော့၏။

"ဟင်"

ဟန်စန်းမှာ ဤအခြင်းအရာကြောင့် လွန်စွာထိတ်လန့် တုန်လှုပ်သွား၏။

သီလရှင် ဝူးမေမှာမူ မူလနေရာတွင် တည်ငြိမ်စွာဖြင့် ရပ်မြဲရပ်နေ၏။

ရှောက်လုံမှာ ဆေးတွင်ရပ်လျက်ကြည့်ရင်း ဤသီလရှင်ကြီး၏ အတွင်းအားများကို မခန့်မှန်းနိုင်အောင်ပင် ဖြစ်နေ၏။

ပိုင်ကွမ်းမှာ သီလရှင်ကြီးအား ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်ကြောင်း တွေးမိလိုက်၏။

"သီလရှင်ကြီးရဲ့ သိုင်းပညာက အတော်ကြောက်စရာကောင်းပါလား၊ ပြီးတော့ အမည်မဲ့အဘိုးအိုကလည်း ရှိနေသေးတယ်၊ ဒီနေ့ အဖို့တော့ လက်လျှော့ပြီး ပြန်ရမယ့်ပုံပဲ၊ ဘာပဲဖြစ်ဖြစ် အခြေအနေကြည့်ပြီး လှုပ်ရှားရတော့မှာပဲ"

ပိုင်ကွမ်းက စိတ်ထဲတွင် ထိုသို့ဆုံးဖြတ်လိုက်ပြီး ဟန်စန်းနှင့် ပခုံးချင်းယှဉ်ကာ ရပ်လိုက်၏။



ထို့နောက်...

အေးတိအေးစက်လေသံဖြင့် မေးလိုက်၏။

"ဆရာလေးက ရာဇဝတ်သားတွေကို ကာကွယ်ပေးချင်တဲ့ သဘောလား"

သီလရှင်ဝူးမေက ချက်ချင်း ပြန်မေးသည်။

"ဘယ်လိုအချက်နဲ့ ရာဇဝတ်သားလို့ ခေါ်တာလဲ"

"ကျုပ်တို့ဂိုဏ်းက ထွက်ပြေးလို့ ရာဇဝတ်ကောင်လို့ ခေါ်တာ ရှင်းပြီလား"

"အင်း...မင်းတို့နဲ့ဆက်ပြီး ငြင်းခုံမနေချင်တော့ပါဘူး"

ပိုင်ကွမ်းက သက်ပြင်းတစ်ချက်ချရင်း...

"သူတို့နဲ့ ဆရာလေးဟာ ဘယ်လိုများပတ်သက်နေပါသလဲ"

"ဒါကို မင်းတို့မေးနေစရာ မလိုဘူး၊ ကျုပ်က မှန်တယ် ထင်လို့ လုပ်တာပဲ"

ပိုင်ကွမ်း၏မျက်နှာ တင်းခနဲဖြစ်သွား၏။

"ဒီလိုဆိုရင် နောက်မှ ကျုပ်တို့ အဆိုးမဆိုနဲ့"

"ရပါတယ်၊ မင်းတို့ကြိုက်သလိုလုပ်နိုင်တယ်"

ဟန်စန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဝင်းထဲဝင်နိုင်ရင် တရားခံတွေကို ခေါ်သွားနိုင်တယ်လို့ ဆရာလေးပြောခဲ့တယ်နော်"

"ကျုပ်ပြောပြီးသားစကား တည်ပါတယ်"

"ကောင်းပြီလေ၊ စမ်းကြည့်ရတာပေါ့"

ဟန်စန်းက ပိုင်ကွမ်းအား ကြည့်လိုက်၏။

ပိုင်ကွမ်းက အတွင်းအားကို စုစည်းလိုက်ပြီး လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်လိုက်၏။

သီလရှင် ဂူးမေကလည်း လက်ကို ဖြည်းညင်းစွာ မြှောက်လာသည်။

ထိုအခါ...

ကြီးမားကျယ်ပြန့်လှသော အင်္ကျီလက်မောင်းအိုးအတွင်းမှ လက်ဝါးနှစ်ဖက်က ထွက်ပေါ်လာသည်။

လက်ဝါးနှစ်ဖက်မှာ ကြည့်နေရင်းကပင် တဖြည်းဖြည်း အစိမ်းရောင်သမ်းသို့ ကူးပြောင်းသွားသည်။

သူ၏လက်ဝါးနှင့် လုံးဝမတူတော့ဘဲ ကျောက်စိမ်းလက်ဝါးကဲ့သို့ ဖြစ်သွား၏။

ပိုင်ကွမ်းမှာ ထိုလက်ဝါးအားမြင်လိုက်ရသည့်တစ်ခဏအတွင်းမှာပင် အလန့်တကြား အော်လိုက်မိသည်။



"ကျောက်စိမ်းလက်ဝါး"

ဟန်စန်းမှာလည်း နောက်သို့ အလန့်တကြား ဆုတ်သွားမိတော့သည်။

○ ◎ ○

ပိုင်ကွမ်း မျက်စိပျက်မျက်နှာပျက် ဖြစ်နေ၏။

သီလရှင်ဂူးမေအား မျက်လုံးပြူးကြီးဖြင့် ကြည့်လိုက်ပြီး...

"ဆရာလေးဟာ 'ကျောက်စိမ်းမယ်' လား"

ဟု မေးလိုက်သည်။

သီလရှင်ဂူးမေက တည်ငြိမ်သောလေသံဖြင့်...

"ဟုတ်ပါတယ်"

ပိုင်ကွမ်း ခေါင်းငိုက်စိုက်ကျသွား၏။

သူ့တွင် နောက်ဆုတ်စရာလမ်းမှတစ်ပါး အခြား မရှိတော့ချေ။

ကျောက်စိမ်းမယ်မှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ့်ခန့်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူတစ်ယောက်ဖြစ်ခဲ့သည် မဟုတ်ပါလား။

ပိုင်ကွမ်းက ချက်ချင်းပင် ဝိုဏ်းသားများအား လက်ဝှေ့ယမ်းပြကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အားလုံး ခဏနောက်ဆုတ်ကြစို့"

သူ၏စကားအဓိပ္ပာယ်မှာ နောက်တစ်ကြိမ်ထပ်လာဦးမည်ဟူ၍ ဖြစ်သည်။

သီလရှင်ဂူးမေမှာ လက်ကိုအသာပြန်ချလိုက်ပြီး လေသံအေးအေးဖြင့် ပြောလိုက်သည်။

"ပြန်ကြမယ်ဆိုရင်လည်း ကျောင်းဝင်းကို မူလအတိုင်း သန့်ရှင်းအောင် လုပ်ပေးခဲ့ကြပါ"

ပိုင်ကွမ်းမှာ ချက်ချင်း နောက်သို့လှည့်လိုက်ပြီး အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟေ့...အလောင်းတွေအားလုံး ပြန်သယ်သွားကြစမ်း"

ပိုင်ကွမ်း၏အမိန့်ပေးသံကြောင့် ဂိုဏ်းသားများမှာ ကျောင်းဝင်းအား ရှင်းလင်းလိုက်ကြ၏။

ပိုင်ကွမ်းမှာ ရှောက်လုံအား လှမ်းကြည့်လိုက်ပြီးနောက်...

"ဒီနေ့အတွက် အခွင့်အရေးမရှိပေမယ့် နောက်တစ်ခါတွေ့ကြသေးတာပေါ့"

ရှောက်လုံကလည်း ဂရုမစိုက်သည့်ဟန်ဖြင့်...

"ကျုပ်ကလည်း အမြဲအဆင်သင့်ပါပဲ"



ပိုင်ကွမ်းက သူ့အား မကျေမနပ်တစ်ချက်ကြည့်လိုက်ပြီး ဟန်စန်းနှင့်အတူ ကျောင်းဝင်းအတွင်းမှ ထွက်ခွာသွားကြလေတော့သည်။

○◎○

www.burmeseclassic.com

www.burmeseclassic.com

## မျက်နှာမဲ့ သမားတော်

ရှောက်လုံမှာ ပိုင်ကွမ်းတို့ကွယ်ပျောက်သွားသည်အထိ ရပ်ကြည့်နေလိုက်ပြီးနောက် သီလရှင်ဂူးမေဘက်သို့ လှည့်လိုက်၏။

ကျောင်းတံခါးဝတွင် သီလရှင်ဂူးမေအား မတွေ့ရတော့ချေ။

သီလရှင်ဂူးမေသည် ကျောင်းဆောင်ထဲသို့ ပြန်ဝင်သွားခဲ့ပြီဖြစ်သည်။

ရှောက်လုံမှာ တကူးတို့ညီအစ်မနှစ်ဦး၏ အခြေအနေအား မေးချင်နေ၏။

သို့သော်...

သီလရှင်ဂူးမေမှာ ကျောင်းဆောင်ထဲသို့ဝင်သားပြီဖြစ်၍ မေးခွင့်မရတော့ချေ။

ကျောင်းဆောင်အတွင်းသို့လိုက်၍ ဝင်မေးရမည်ဆိုပါကလည်း



သီလရှင်ကျောင်းဆောင်အတွင်း ယောကျ်ားသားများ မဝင်ရသဖြင့် အခက်တွေ့နေ၏။

ရှောက်လုံမှာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိဘဲ အတန်ကြာတော့မှ ရှောက်လုံမှာ ဆုံးဖြတ်ချက်ချကာ ထွက်ခွာသွားရန် ပြင်လိုက်၏။

ထိုစဉ်...

ချိုလွင်သော အသံတစ်ချက် သူ၏နောက်ကျောဆီမှ ထွက်ပေါ်လာသည်။

"ရှင်ဒီကို မမျှော်လင့်ဘဲ ရောက်လာတဲ့အတွက် အများကြီးအဆင်ပြေသွားတယ်"

ရှောက်လုံမှာ အသံလာရာဆီသို့ ချက်ချင်းလှည့်ကြည့်လိုက်သည်။

"ဪ...တဂှားကိုး"

သူ့အား လှမ်းပြောလိုက်သည့်အသံရှင်မှာ တဂှားဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ရှောက်လုံက ရေရွတ်မိလိုက်၏။

"ရှင် ဘယ်လိုကနေဘယ်လို ဒီကိုအချိန်မီရောက်လာခဲ့တာလဲ"

"ကျုပ် စုလျားမြို့ကိုလာရင်း အသံတွေကြားတာနဲ့ ဝင်လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



တုဗ္ဗား အံ့သြသွားပြီး...

"အိုး...တိုက်ဆိုင်လွန်းလှပါလား"

ရှောက်လုံက ကျောင်းဆောင်ဆီသို့ တစ်ချက်လှမ်း၍အကဲခတ်ကြည့်ပြီး မေးလိုက်၏။

"ဒါနဲ့ ဒေါ်လေးကူးလျှံနဲ့မင်းရဲ့အစ်မကော နေကောင်းကြရဲ့လား"

တုဗ္ဗားက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အင်း...နေလို့ကောင်းပါတယ်၊ ဒါပေမယ့် မမကိုကြည့်ရတာ လူသေတစ်ယောက်လိုပါပဲ၊ ဒေါ်လေးကူးလျှံက သူ့အတွက်နဲ့ နေ့စဉ်မျက်ရည်ကျနေရတယ်"

ရှောက်လုံ သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မင်းတို့ရဲ့ဆရာ မယ်တော်ကြီးက ထိပ်သီးသိုင်းသမားကြီးတစ်ဦးပဲ၊ သူကကော မကုနိုင်ဘူးလား"

ဤတွင်...

တုဗ္ဗားက ရှောက်လုံအနီးသို့ တိုးကပ်လာပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"မမဟာ အတွင်းဒဏ်ရာ ရထားတဲ့အပြင် စိတ်အာရုံပျံ့နေတယ်၊ ဒါဟာ အဆိပ်တစ်မျိုးကြောင့်လို့ ဆရာကပြောပါတယ်၊



အတွင်းဒဏ်ရာကို ဆရာက ကုသပေးနိုင်ပေမယ့် အဆိပ်ပြယ်အောင်တော့ ဆရာလည်း မစွမ်းဆောင်နိုင်ဘူး"

ရှောက်လုံ စိတ်မကောင်းဖြစ်သွားသည်။

"ဒီလိုဆို ကျုပ်ဘာကူညီရမလဲ"

တုဗ္ဗားက တစ်ချက်စဉ်းစားလိုက်ပြီး...

"မမရဲ့ရောဂါကို ကုသပေးနိုင်တဲ့လူဟာ တစ်ယောက်ပဲ ရှိတယ်တဲ့၊ အဲဒီလူကတော့ မျက်နှာမဲ့ သမားတော်ပဲ"

ရှောက်လုံ၏မျက်နှာ ပြုံးရွှင်သွားသည်။

"မျက်နှာမဲ့သမားတော် ဟုတ်လား၊ ဒီလိုဆို ဘာမှမပူနဲ့တော့၊ သူ့ကိုတွေ့အောင်ရှာပေးဖို့ ကျွန်တော်တာဝန်ယူတယ်၊ မျက်နှာမဲ့သမားတော်ဟာ အင်မတန် လက်ပေါက်ကပ်တဲ့ လူ့ခွစာတစ်ယောက်ပဲ၊ ရှာတွေ့ဖို့ခက်ခဲမယ်"

ထိုစဉ်...

"မောင်ရင့်ရဲ့ အကူအညီတွေယူရတာလည်း အားနာလှပါပြီ၊ မောင်ရင့်အနေနဲ့ မျက်နှာမဲ့သမားတော်ရှိမယ့်နေရာကိုသာပြောပါ ဒေါ်ဒေါ် သွားတွေ့ပါမယ်"

စကားသံနှင့်အတူ အမျိုးသမီးကြီးတစ်ဦး ရိပ်ခနဲရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးမှာ ကူးလျှံပင် ဖြစ်သည်။

ရှောက်လုံက သူမအားကြည့်ရင်း...

"ဒေါ်ဒေါ်သွားဖို့ မလိုပါဘူး၊ သူ့ကို ကျွန်တော်တွေ့အောင် ရှာပေးပါ့မယ်"

ကူးလျှံက...

"အေးကွယ်...ဖြစ်နိုင်ရင်တော့ ကူညီစေချင်တယ်"

ရှောက်လုံက အတန်ငယ်စဉ်းစားနေပြီးမှ...

"ခုနက ပိုင်ကွမ်းကို မေးလိုက်ရင် ကောင်းမယ်၊ မျက်နှာမဲ့သမားတော် ဘယ်မှာရှိတယ်ဆိုတာ သူသိနိုင်ပါတယ်"

ကူးလျှံ ခေါင်းခါယမ်းလိုက်၏။

"သူသိမှာမဟုတ်ဘူး၊ ဒါပေမယ့် တုကုယင်းတော့ သိနိုင်မယ်"

"သူ အခု လူ့လောကမှာ မရှိတော့ပါဘူး"

ကူးလျှံ အံ့အားသင့်သွားပြီး...

"သူ သေပြီဟုတ်လား"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ အသံရှင်ရဲ့လက်ချက်နဲ့ သေဆုံးသွားတာပါ"

"ဟင်...ဟုတ်လား၊ အသံရှင်က သူ့ကို ဘာကြောင့် သတ်လိုက်ရတာလဲ"



ရှောက်လုံ ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော်လည်း မသိဘူး"

ကူးလျှံက...

"နေပါဦး...စောစောက ရန်သူကို ခုခံတိုက်ခိုက်နေတာ အသံရှင်ပဲ မဟုတ်လား၊ သူအခု ဘယ်ရောက်သွားပြီလဲ"

ရှောက်လုံက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"သူထွက်သွားပြီနဲ့တူတယ်၊ သူက တော်ရုံလူတွေနဲ့ မျက်နှာချင်းမဆိုင်ဘူး၊ အခုကိစ္စလည်း သူက မလွှဲမရှောင်သာလို့ တိုက်ခိုက်ရတာပဲဖြစ်မယ်"

ကူးလျှံက သက်ပြင်းတစ်ချက်ချရင်း...

"တုကုယင်းက အတော်ဆိုးခဲ့တာမှန်တယ်၊ ဒါပေမယ့်လည်း သွေးသားရင်းချာဖြစ်နေတော့ စိတ်မကောင်းဖြစ်မိပါတယ်"

တုဟွားက...

"သူ့အတွက် သေဆုံးသွားတာပဲကောင်းပါတယ်၊ ညီအစ်မချင်းတောင် ရက်စက်တဲ့သူကို ဘယ်သူကမှ သည်းခံနိုင်ကြမှာ မဟုတ်ပါဘူး"

တုကုယင်း၊ တုကူးနှင့် တုဟွားတို့သည် ညီအစ်မများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျောက်စိမ်းမယ်ထံ ပညာသင်ကြားပြီး သိုင်းလောကထဲသို့ အဓေါ်ရင်းဖြစ်သူ ကူးလျှံနှင့် လည်ပတ်ခဲ့သည်။

မဟာမိုးမြေဂိုဏ်းချုပ်၏ စည်းရုံးမှုကြောင့် တုကုယင်းသည် ထိုဂိုဏ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ညီအစ်မနှစ်ယောက်ဖြစ်သော တုကူးနှင့် တုဝှားတို့ကိုလည်း စည်းရုံးခဲ့သည်။

တုကူးနှင့် တုဝှားတို့သည် မဟာမိုးမြေဂိုဏ်း၏ လုပ်ဆောင်မှုများကို ငြင်းဆန်ခဲ့သောကြောင့် တုကုယင်းက တိုက်ခိုက်ခဲ့ရာ တုကူးဒဏ်ရာပြင်းစွာ ရရှိခဲ့သည်။ မည်သူ၏လက်ချက်မှန်းမသိသော အဆိပ်ကိုလည်း မိခဲ့သည်။

တုကူးတို့ညီအစ်မနှင့် ဒေါ်လေးကူးလျှံတို့ မဟာမိုးမြေဂိုဏ်းမှ ထွက်ပြေးလာစဉ် ရှောက်လုံက ကြားဝင်ကူညီခဲ့ခြင်းပင် ဖြစ်သည်။

ယခု...

မဟာမိုးမြေဂိုဏ်းမှလူများသည် တုကူးတို့တည်ရှိရာကို သိသွားခဲ့ချေပြီ။

ရှောက်လုံက တွေးတောစဉ်းစားနေစဉ် တုဝှား၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဒါထက် မျက်နှာမဲ့သမားတော်ကို ရှင်ရှာလို့တွေ့နိုင်ပါ့မလား"



ရှောက်လုံက သက်ပြင်းတစ်ချက်ချရင်း...

"အမှန်အတိုင်းပြောရမယ်ဆိုရင် ကျုပ်က သူနေတဲ့နေရာကို သိထားပါတယ်၊ ဒါပေမယ့် သူရှိမယ်မရှိဘူးဆိုတာတော့ မသေချာဘူး၊ ဒါပေမယ့် ကျုပ်က အဲဒီမှာပဲ အရင်သွားရှာကြည့်ပါ့မယ်"

တုဝှားက...

"ကျွန်မ ရှင်နဲ့လိုက်ခဲ့လို့ ဖြစ်မလား"

ရှောက်လုံ သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီမှာ စောင့်ရှောက်မယ့်လူတစ်ယောက် လျော့သွားမှာပေါ့၊ စိတ်ချပါ၊ ကျုပ်က အဆိပ်ဖြေဆေးရအောင် ယူလာခဲ့ပါမယ်"

ထိုစဉ်...

ကျောင်း၏သေားရှိ ဝါးတောထဲမှ လူရိပ်နှစ်ခု ဖြတ်သွားသည်ကို ရှောက်လုံ ရုတ်တရက်တွေ့လိုက်၏။

ရှောက်လုံမှာ စဉ်းစားမနေတော့ဘဲ ထိုလူရိပ်နောက်သို့ ချက်ချင်း ပြေးလိုက်သွားလေတော့သည်။

ရှောက်လုံမှာ မကြာမီလူရိပ်နှစ်ခု၏ နောက်ကျောသို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ရပ်စမ်း"

ရှောက်လုံ၏အော်သံကြောင့် ရှေ့ဆင့်နောက်ဆင့်ပြေးလွှားနေသော လူရိပ်နှစ်ခုအနက် နောက်မှလိုက်နေသော လူရိပ်မှာ ရပ်တန့်သွားပြီး ရှေ့မှလူရိပ်မှာ ဆက်လက်ပြေးသွား၏။

ရပ်တန့်သွားသောလူရိပ်ကို ရှောက်လုံ တွေ့လိုက်ရသောအခါ လွန်စွာအံ့အားသင့်သွား၏။

"ဩော်…ဆရာကြီးကို"

နောက်မှ ပြေးလိုက်လာသော လူရိပ်မှာ အသံရှင်ပင်ဖြစ်နေ၏။

အသံရှင်က လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး…

"မောင်ရင် အော်တာနဲ့ အစီအစဉ်အားလုံး ပျက်သွားပြီ"

ရှောက်လုံက နားမလည်နိုင်စွာဖြင့်…

"ဘာအစီအစဉ်တွေများ ပျက်သွားလို့လဲ"

"ရှေ့ကလူ လွတ်သွားပြီလေ"

"ဩော်…ဒီအတွက် ဝမ်းနည်းပါတယ်၊ နောက်ကလိုက်နေတာ ဆရာကြီးမှန်းမသိလို့ပါ၊ ရှေ့ကပြေးသွားတာ ဘယ်သူမို့လဲ"

အသံရှင်က ပြေးသွားသောလူနောက်ကျောဘက်ဆီသို့ လှမ်းကြည့်လိုက်ပြီး…

"ဘယ်သူမှန်းတော့ မသိဘူး၊ ဒါပေမယ့် ဒီဂါးရုံတောထဲမှာ



ပုန်းအောင်းပြီး မောင်ရင်တို့ပြောတဲ့စကားတွေ နားထောင်နေတာတွေ့လို့ ဒီကောင့်ကို အမိလိုက်ဖမ်းတာပဲ၊ မောင်ရင်နဲ့သာ မတိုးရင် မိနိုင်တယ်"

ရှောက်လုံက အသံရှင်အား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး…

"ဒါထက် ဆရာကြီးက အခုဘယ်သွားမလို့လဲ"

"ငါအခု စန်းယန်းမြို့ကို သွားမလို့"

"ဘာသွားလုပ်မှာလဲ"

အသံရှင်က ခေတ္တငြိမ်နေပြီးမှ ဖြေသည်။

"မဟာမိုးမြေဂိုဏ်းကို ဖြိုခွဲဖို့အတွက် စန်းယန်းမြို့ကိုသွားမှာ၊ မောင်ရင်နဲ့ကျုပ် စန်းယန်းမြို့မှာပဲ ပြန်ဆုံကြစို့"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဆရာကြီး"

"ဒီနေ့ကစပြီး နောက်ဆယ့်ခြောက်ရက်မြောက်တဲ့နေ့မှာ စန်းယန်းမြို့က 'ရွှေငါးစားသောက်ဆိုင်' မှာ ကျုပ်တို့ပြန်ဆုံကြမယ်၊ ဒီကြားကာလမှာ မောင်ရင်လည်း သတိဝီရိယထားပြီး ရှုပ်ရှားပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ်သွားမယ်"

စကားဆုံးလျှင် လှစ်ခနဲပြေးထွက်သွားလေတော့သည်။

○ ◉ ○

## နတ်သမီးအဆိပ်

မကြာမီ မိုးလင်းပေတော့မည်။

ရောက်လုံမှာ စိတ်ထဲမှ အတွေးပေါင်းစုံကို တွေးရင်း နှေးကွေးသော ခြေလှမ်းများဖြင့် လျှောက်သွားနေ၏။

မိုးစင်စင်လင်းချိန်တွင် ရောက်လုံမှာ မြို့ကလေးတစ်မြို့အနီးသို့ ရောက်လာ၏။

အနောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ စကျားမြို့သည် ဟိုးအဝေးဆီ၌ မှုန်ပျပျကျန်ရစ်သည်ကို တွေ့ရ၏။

မြို့တွင်း၌ စောင့်ကြည့်နေသူများရှိနိုင်သည်ဖြစ်သောကြောင့် မိမိ၏လျှို့ဝှက်ချက်အား မသိအောင် အထူးသတိထားရမည် ဖြစ်ကြောင်း ရောက်လုံ စဉ်းစားမိ၏။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ဘက်တွင် တည်းခိုခန်းတစ်ခန်းငှား၍ အနားယူပြီး ညအချိန်ရောက်မှ လှုပ်ရှားရန် ဆုံးဖြတ်လိုက်လေသည်။

ရှောက်လုံမှာ ထိုသို့စဉ်းစားရင်း မြို့လယ်လမ်းမအတိုင်း လျှောက်ဝင်လာခဲ့၏။

ထိုသို့လမ်းမအတိုင်း လျှောက်လာစဉ် လမ်းခွဲတစ်ခုသို့ အရောက်၌ လူရိပ်နှစ်ခုသည် မိမိထံသို့ ပြေးဝင်လာသည်ကို မမျှော်လင့်ဘဲတွေ့လိုက်ရ၏။

ရှောက်လုံက ထိုလူရိပ်နှစ်ခုအား အသေအချာမြင်လိုက်ရသော အခါ ရင်ထဲထိတ်ခနဲဖြစ်သွား၏။

သူ့ထံသို့ပြေးဝင်လာသူနှစ်ယောက်မှာ ဘီလူးကြီး ပိုင်ကွမ်းနှင့် အပြာရောင်ပိုးသားဝတ်စုံကို ဝတ်ထားသူတစ်ဦးဖြစ်သည်။

ထိုဝတ်စုံပြာနှင့်လူ၏ ချိုင်းကြားတွင် အိတ်တစ်လုံးကို ချိတ်ထား၏။

ရှောက်လုံမှာ ရှောင်တိမ်းချိန် မရလိုက်တော့ချေ။

တစ်ခဏအတွင်း နှစ်ယောက်စလုံး သူ့ရှေ့သို့ရောက်လာ၏။

ထို့နောက်...

ရှောက်လုံ၏ရှေ့တွင် နှစ်ယောက်သား ရပ်လိုက်ကြ၏။

ပိုင်ကွမ်းက ရှောက်လုံအား လှောင်ပြုံးပြုံး၍ကြည့်လိုက်ပြီး...



"ဟဲ...ဟဲ...တော်တော်လက်ရာမြောက်တဲ့ မျက်နှာဖုံးပါပဲ၊ ကျုပ်ကိုတောင် လိမ်ညာနိုင်တယ်ဆိုတော့ ဟဲ...ဟဲ"

ရှောက်လုံ ထိတ်လန့်သွား၏။

ပိုင်ကွမ်းမှာ မိမိဟန်ဆောင်ထားသည်ကို မည်ကဲ့သို့သိသွားသနည်း။

ထိုစဉ်...

ပိုင်ကွမ်းနှင့်ပါလာသူက ဝတ်စုံပြာက ရှောက်လုံအား အသေအချာကြည့်လိုက်ပြီး...

"အရိပ်မဲ့လက်ညှိုး ရှောက်လုံဆိုတာ နာမည်ကြားဖူးနေတာကြာပြီ၊ အခုမှပဲ လူချင်းတွေ့ဖူးတော့တယ်"

ရှောက်လုံမှာ အသက်ရှုကျပ်သွားမတတ်ဖြစ်သွားတော့သည်။

သူမျက်နှာဖုံးစွပ်ထားကြောင်းကို တစ္ဆေသူတော်တစ်ယောက်တည်းသာ သိခဲ့သော်လည်း သူမည်သူမည်ဝါ ဖြစ်ကြောင်းကိုတော့ တစ္ဆေသူတော်ပင် မသိခဲ့ချေ။

ယခု...

ပိုင်ကွမ်းသည် မိမိအား မည်ကဲ့သို့ သိသွားသနည်း။

ထိုသို့တွေးရင်း ရုတ်တရက် ရှောက်လုံခေါင်းထဲတွင် မနေ့က ကျောင်းဝင်းအတွင်း ကူးလျှံတို့နှင့် စကားပြောနေစဉ် ဝါးရုံတောမှ အားထောင်နေသည့်လူတစ်ယောက်အား ချက်ချင်းသတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ရန်သူက မိမိ၏ဟန်ဆောင်မှုကို သိသွားမှတော့ မျက်နှာဖုံးစွပ်ထားခြင်းက ပို၍အနေကျပ်လှသည် မဟုတ်ပါလား။

ဤမျက်နှာဖုံး စွပ်ထားရခြင်းသည် အနေအထိုင် အစား အသောက်၊ အပြောအဆို အားလုံး ကျဉ်းကျပ်လှ၏။

ထို့အပြင် ဓားကိုလည်း မသုံးရချေ။

ရောက်လုံက ချက်ချင်းမျက်နှာဖုံးအား ဆွဲချွတ်လိုက်၏။

သူ၏မူလရုပ်သွင်လည်း ရုတ်ခြည်းပေါ်ထွက်လာသည်။

အပြာရောင်ဝတ်စုံနှင့်လူရွယ်က...

"ခင်ဗျားက ကြည့်ကောင်းသားပဲ"

နှုတ်မှလည်း ရေရွတ်လိုက်သည်။

ရောက်လုံက ထိုလူအား စူးစိုက်ကြည့်လိုက်ပြီး...

"မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ၊ မဟာမိုးမြေဂိုဏ်းမှာ အရင်တုန်းက တစ်ခါမှ မတွေ့ဖူးပါဘူး"

ထိုလူက ပြုံးရင်း...

"ကျုပ်နာမည် တာဝမ်းပါ၊ အပြည့်အစုံကတော့ မရဏ သမားတော် တာဝမ်းပါ"

ရောက်လုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပိုင်ကွမ်းဘက်သို့ လှည့်လိုက်သည်။



"ကဲ... ကျုပ်ရဲ့မျက်နှာအမှန်ကိုသိရပြီပဲ၊ ခင်ဗျား ဘာပြော ချင်သလဲ"

ပိုင်ကွမ်းက...

"ကျုပ် မေးစရာနည်းနည်းရှိတယ်"

"မေးပါ"

ပိုင်ကွမ်းက သူ့အား စေ့စေ့ကြည့်ရင်း...

"မောင်ရင်နဲ့ အရိပ်မဲ့သိုင်းဆရာ ယန်ပန်း ဘယ်လိုပတ်သက် နေသလဲ"

ရောက်လုံက သံပြတ်ဖြင့် ပြန်ဖြေသည်။

"မိတ်ဆွေတွေပါ"

"အခု ယန်ပန်းဘယ်မှာလဲ"

"သေသွားပြီ"

ပိုင်ကွမ်း ဒေါသထွက်သွား၏။

"ဟောကောင် ပေါက်ကရတွေ ပြောမနေနဲ့၊ သူမသေသေးဘူး၊ တစ်နေရာရာမှာ ပုန်းနေတာဖြစ်နိုင်တယ်"

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး"

ပိုင်ကွမ်းက တစ်ချက်စဉ်းစားလိုက်ပြီးမှ...

"ဒီလိုဆို မောင်ရင်နဲ့ ဝိဉာဉ်အလံဟာ ဘယ်လို ပတ်သက် နေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက အေးဆေးသောလေသံဖြင့်...

"ပတ်သက်မှုတော့ရှိပါတယ်၊ ဘယ်လိုပတ်သက်တယ်ဆိုတာတော့ ကျုပ်မဖြေနိုင်ဘူး"

ပိုင်ကွမ်း၏မျက်နှာ ရုတ်ခြည်းခက်ထန်သွား၏။

"မောင်ရင့်ကို ကျုပ်တို့က လေးလေးစားစား ဆက်ဆံနေတာတောင် မောင်ရင်က ပမာမခန့်ပြောနေတုန်းပဲလား၊ မောင်ရင်က သေချင်နေပြီထင်တယ်"

ရှောက်လုံ ပခုံးတွန့်ကာ...

"ခင်ဗျားကရော ဝိညာဉ်အလံကို ဘာကိစ္စနဲ့ တွေ့ချင်တယ်ဆိုတာကိုရော ပြောခဲ့လို့လား"

ထိုစဉ်...

လူသန်ကြီးနှစ်ဦးထမ်းလာသော ဝေါယာဉ်တစ်စင်းက သူတို့အနီးသို့ ရောက်ရှိလာပြီး ရပ်တန့်သွား၏။

○❂○

ရှောက်လုံစိတ်ထဲ တုန်လှုပ်သွားမိသည်။

ဝေါယာဉ်အတွင်းမှလူသည် မည်သူမည်ဝါနည်းဟု စိတ်ထဲမှ ကျိတ်၍ စဉ်းစားလိုက်မိ၏။



ထိုစဉ်...

လူသန်ကြီးတစ်ဦးက ဝေါယာဉ် လိုက်ကာကို မတင်ကာ ဘေးသို့ ရှောင်ထွက်သွား၏။

ရှောက်လုံက အသက်ပြင်းပြင်းရှူကာ ဝေါယာဉ်အတွင်းသို့ လှမ်းကြည့်လိုက်၏။

ဝေါယာဉ်အတွင်း၌ မည်သူမျှမတွေ့ရချေ။

အမှန်စင်စစ်...

ဝေါယာဉ်မှာ ဝေါယာဉ်အလွတ်တစ်စင်းမျှသာဖြစ်လေသည်။

ဤဝေါယာဉ်အလွတ်အား ဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ဤနေရာသို့ လာရောက်ပို့ဆောင်ရသနည်း။

ထိုစဉ်...

တာဝမ်းက ရယ်မောလိုက်ပြီး...

"ဟဲ...ဟဲ...မိတ်ဆွေက အံ့ဩနေသလား၊ မိတ်ဆွေက အမည်ကြီးပုဂ္ဂိုလ်တစ်ဦးဆိုတော့ လူမြင်မခံချင်ဘူး မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့က မိတ်ဆွေအတွက် အဆင်ပြေအောင် ဝေါယာဉ်ကိုပါ တစ်ပါတည်း ယူဆောင်လာခဲ့တာပါ"

ရှောက်လုံ ဒေါသထွက်သွားသည်။

"ဒါက ဘာသဘောလဲ"

www.burmeseclassic.com

www.burmeseclassic.com



တာဝမ်းက ပခုံးတွန့်ရင်း...

"မိတ်ဆွေကို အထူးဧည့်သည်တစ်ယောက်အဖြစ် ခေါ်သွားမလို့ပါ၊ ကျုပ်ဟာ ဒီနေ့ကမှ မဟာမိုးမြေဂိုဏ်းနဲ့ ပူးပေါင်းခဲ့တယ်၊ ဒီနေ့မှာပဲ မိတ်ဆွေကို ဖိတ်ခေါ်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာစရာပါပဲ"

ရှောက်လုံက အံကြိတ်လိုက်၏။

"ခင်ဗျား သေချင်ပြီထင်တယ်"

ပြောပြောဆိုဆို အရိပ်မဲ့သိုင်းပညာကိုထုတ်သုံးရန် ပြင်လိုက်၏။

ထိုသို့ ရှောက်လုံ ပြင်လိုက်သည်နှင့်တစ်ပြိုင်နက် တာဝမ်းကလည်း အင်္ကျီကိုဝှေ့ယမ်းလျက် ကိုယ်ကို တစ်ပတ်လှည့်လိုက်၏။

တာဝမ်း၏၏ခန္ဓာကိုယ် လည်ပတ်သွားနှုန်းမှာ အလွန် လျင်မြန်လှ၏။

ရှောက်လုံမှာ လက်ညှိုးအားကို သုံးရန် ရည်ရွယ်လိုက်စဉ် တစ်ဖက်လူ၏ခန္ဓာကိုယ်မှာ လျင်မြန်စွာ လည်နေသောကြောင့် မတိုက်ခိုက်နိုင်ဘဲ ရှိနေစဉ် ထူးဆန်းသည့်အမွှေးနံ့တစ်ခုက သူ၏နှာခေါင်းအတွင်းသို့ တိုးဝင်လာလေသည်။

ထိုထူးဆန်းသည့်အနံ့ကြောင့် အတွင်းအား အဟန့်အတားဖြစ်သွား၏။



သူ၏သိုင်းကွက်မှာ ပြင်းထန်သောအားမရှိတော့ဘဲ ဟန်သာကျန်ရစ်ခဲ့တော့၏။

ရှောက်လုံ ရင်ထိတ်သွားသည်။

တစ်ဖက်လူသည် အဆိပ်ငွေ့သုံးလိုက်လေသလားဟု စိတ်ထဲတွင် သံသယဖြစ်သွား၏။

ပိုင်ကွမ်းက ခပ်ပြုံးပြုံးဖြင့်ကြည့်ရင်း...

"မောင်ရင့်ကို ကျုပ်ပြောသားပဲ၊ တစ်ချိန်မှာ မောင်ရင်နောင်တရလိမ့်မယ်လို့"

"ခင်ဗျားတို့ အဆိပ်သုံးလိုက်တယ် ဟုတ်လား"

တာဝမ်းက ရယ်မောရင်း...

"အခုလိုလုပ်မိတာ ဝမ်းနည်းပါတယ်၊ အဓိကက မိတ်ဆွေကျုပ်တို့နဲ့အတူ ပါလာဖို့ပဲလေ"

"မင်း...မင်း သေဖို့သာ ပြင်ထားပေတော့"

ရှောက်လုံက ဒေါသတကြီးဖြင့် အော်ဟစ်ရင်း တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော်...

သူ၏ခန္ဓာကိုယ်တစ်ခုလုံး အားအင်မဲ့ကာ နုံးချိလာ၏။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတစ်ခုလုံး ပြာပေသွားပြီး မြေပေါ်လဲကျသွားလေတော့သည်။

ထိုခဏမှာပင် ပိုင်ကွမ်းနှင့် တာဝမ်းတို့ထံမှ အားပါးတရရယ်မောသံကို ကြားလိုက်ရလေတော့သည်။

○ ✪ ○

"ဟော့ကောင်တွေ သူ့ကို ဝေါယာဥ်ထဲသွင်းကြ"

ရှောက်လုံမှာ အသံကို ကောင်းစွာကြားနေရသော်လည်း လှုပ်ရှားနိုင်စွမ်း လုံးဝမရှိတော့ချေ။

ထိုစဥ်...

ငယ်သံပါအောင် အော်ဟစ်သံများက ထွက်ပေါ်လာ၏။

"ဟာ...ဟိုဘက်မှာ ဘာတွေဖြစ်နေတာလဲမသိဘူး၊ ငါ သွားကြည့်လိုက်ဦးမယ်"

ပိုင်ကွမ်းက ပြောပြီး လှစ်ခနဲခုန်ထွက်သွား၏။

လူသန်ကြီးနှစ်ဦးက ရှောက်လုံအား မ,ယူကာ ဝေါယာဥ်အတွင်းသို့ သွင်းလိုက်ကြ၏။

ရှောက်လုံ၏စိတ်ထဲတွင် အခံရခက်နေသည်။

ခေတ္တအကြာ ပိုင်ကွမ်း၏အသံ ပြန်လည်ထွက်ပေါ်လာ၏။



"ကျုပ်တို့ဂိုဏ်းသားလေးယောက် အသတ်ခံလိုက်ရပြန်ပြီ"

တာဝမ်း၏ ပြန်လည်မေးသံက ချက်ချင်းထွက်ပေါ်လာ၏။

"ဘယ်သူ သတ်တာလဲ"

"ရှောက်လုံ"

"ဟင်...ဒါဆို..."

"ဟုတ်တယ်၊ ကျောက်တုံးမှာ သွေးနဲ့စာရေးထားခဲ့တယ်၊ ဟိုတစ်နေ့ကနဲ့ တစ်ပုံစံတည်းပဲ"

"ဒါဆို တစ်စုံတစ်ယောက်က ရှောက်လုံရဲ့အမည်ကိုခံပြီး လိုက်သတ်နေတယ်ဆိုတာ ရှင်းသွားပြီ"

ပိုင်ကွမ်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ အခုမှ ရှင်းသွားပြီ"

"ဒါဆို ဒီလူက ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်တာဖြစ်နိုင်သလဲ"

"အဲဒါတော့ ကျုပ်လည်း မစဥ်းစားတတ်ဘူး"

"ဒီလူသတ်ကောင်ဟာ နဂါးဂိုဏ်းကရော မဖြစ်နိုင်ဘူးလား"

ပိုင်ကွမ်း ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အသတ်ခံရတဲ့အထဲမှာ နဂါးဂိုဏ်းသားတွေလည်း ပါလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



တာဝမ်းက တစ်ချက်စဉ်းစားရင်း...

"တကယ်လို့ သူတို့က အကွက်ဆင်ပြီး အသတ်ခံရသလို ဟန်ဆောင်ရင်ကော မဖြစ်နိုင်ဘူးလား"

ပိုင်ကွမ်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"အင်း...တာဝန်မှူး တာဝမ်းရဲ့အတွေးအခေါ်ဟာ အလွန်သဘာဝကျပါတယ်၊ ဒီလိုလည်းဖြစ်နိုင်ပါတယ်၊ ဒီအတွက် စုံစမ်းကြည့်ကြတာပေါ့"

ဤစကားအားလုံးကို ရှောက်လုံ ကြားနေရ၏။

တာဝမ်း၏ ဉာဏ်သွားပုံများကြောင့်လည်း ထိတ်လန့်သွားမိသည်။

ထိုစဉ်...

ရှောက်လုံ၏ကိုယ်ခန္ဓာသည် ငြိမ့်ခနဲလေထဲသို့ မြောက်တက်သွားသည်ကို ခံစားလိုက်ရ၏။

လူသန်ကြီးနှစ်ဦးက ဝေါယာဉ်အား ရုတ်တရက် မ,၍ ထမ်းလိုက်ခြင်းပင် ဖြစ်သည်။

○ ✿ ○

## အကြောင်းခြင်းရာ ဆယ်နွှယ်ရာ

ရှောက်လုံအား ဝေါယာဉ်ဖြင့် ထမ်းခေါ်လာကြပြီး အတန့်ငယ်ခရီးရောက်လာသောအခါ မြင်းလှည်းပေါ်သို့ တစ်ဆင့် ပြောင်းမာင်လိုက်ကြ၏။

မြင်းလှည်းသည် အရှိန်အဟုန်ပြင်းစွာဖြင့် မောင်းနှင် ရွေ့လျားနေ၏။

ဦးတည်ရာအရပ်သည် မဟာမိုးမြေဂိုဏ်း၏ ဌာနချုပ်ဆီသို့ ဖြစ်၏။

သို့ဖြင့်...

မကြာမီ မဟာမိုးမြေဂိုဏ်းဆီသို့ ရောက်လာ၏။

ရှောက်လုံအား တင်ဆောင်လာသည့် မြင်းလှည်းသည် အလွန်ကြီးကျယ်ခမ်းနားသော ခြံဝင်းအတွင်းရှိ အလွန်ကြီးကျယ်ခမ်းနား

www.burmeseclassic.com

www.burmeseclassic.com



သော ခြံဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုရှေ့၌ ရပ်သွားတော့သည်။

○ ◎ ○

အစောင့်နှစ်ဦးသည် လျင်မြန်စွာ ပြေးထွက်လာကြပြီး ခြံတံခါးဖွင့်ပေးသည်။

"ကဲ... မောင်ရင် ကျုပ်တို့ ဌာနချုပ်ကိုရောက်ပြီ၊ အထဲကိုကြွပါ"

ပိုင်ကွမ်း၏အသံ ထွက်ပေါ်လာသည်။

မြင်းလှည်းသည် အစောင့်များဖွင့်ပေးသော ခြံတံခါးဝမှ ဖြည်းညင်းစွာဝင်လာပြီး ခမ်းနားထည်ဝါသည့်အဆောက်အအုံ၏ ခန်းမရှေ့တွင် ရပ်လိုက်၏။

ရှောက်လုံက မြင်းလှည်းပေါ်မှ အားမရှိသည့်လူနာ တစ်ယောက်ပမာ ဒယီးဒယိုင်ဖြင့် ဆင်းလိုက်သည်။

"ကဲ...အထဲကို ကြွပါ"

ပိုင်ကွမ်းကပြောပြီး ရှေ့မှဦးဆောင်လျက် ဝင်သွား၏။

ရှောက်လုံက နောက်ယိမ်းထိုးလျက် လိုက်ပါလာသည်။

"ကဲ...ဒီမှာခေတ္တထိုင်ပြီး စောင့်နေပါ၊ ကျုပ်ဂိုဏ်းချုပ်ကြီးဆီ သတင်းပို့လိုက်ဦးမယ်"



ပိုင်ကွမ်းက ထိုင်ခုံတစ်လုံးအား ညွှန်ပြပြီးပြောကာ အတွင်းဘက်အခန်းသို့ ဝင်သွား၏။

မကြာမီ ပိုင်ကွမ်း ပြန်ရောက်လာသည်။

"ကဲ... မောင်ရင် ကျုပ်နောက် လိုက်ခဲ့ပါ"

ပြောပြီး စောစောကထွက်လာခဲ့သည့် အခန်းတွင်းသို့ ဦးဆောင်ဝင်သွားသည်။

ရှောက်လုံက ယိုင်နဲ့သော ခြေလှမ်းများဖြင့် နောက်မှ လိုက်သွားသည်။

○ ◎ ○

စင်္ကြံလမ်းတစ်ခုကို ဖြတ်ကျော်လာခဲ့ပြီးနောက် အဆောင်ကြီးတစ်ခုဆီသို့ ရောက်လာ၏။

ထိုင်ခုံတစ်ခုကို ညွှန်ပြပြီး ပိုင်ကွမ်းက ရှောက်လုံအား ထိုင်ခိုင်းလိုက်၏။

အခန်း၏အနောက်ဘက်တွင် ကန့်လန့်ကာကြီးတစ်ခု ကာထားသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား... ရှောက်လုံ ရောက်လာပါပြီ"

ပိုင်ကွမ်းက လိုက်ကာနောက်ကျောဆီသို့ လှမ်းမျှော်ရင်း စကားဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင် ခန်းဆီးနောက်ကွယ်မှ မိန်းမကြီးတစ်ဦး၏ အသံက ထွက်ပေါ်လာသည်။

"မောင်ရင်နဲ့ ဝိညာဉ်အလဲ ဘယ်လိုပတ်သက်နေပါသလဲ"

ရှောက်လုံက ရုတ်တရက် ဇဝေဇဝါဖြစ်သွားကြောင်လျက်ရှိနေပြီး မည်သည့်စကားမျှ ပြန်လည်မဖြေကြားချေ။

ဤတွင်...

ပိုင်ကွမ်းက ကြားဝင်၍ဖြေသည်။

"ဝိညာဉ်အလဲနဲ့ သူဟာ ဆရာတပည့်တွေပါ"

ထိုစဉ်...

လိုက်ကာနောက်ကွယ်မှ မိန်းမကြီး၏အသံက ထပ်မံထွက်ပေါ်လာသည်။

"ဩော်...မင်းက ဝိညာဉ်အလဲရဲ့တပည့်ကိုး"

ယခုတစ်ကြိမ် ရှောက်လုံက ပြန်ပြောလိုက်၏။

"ဟုတ်ကဲ့...ကျုပ်ဟာ ဝိညာဉ်အလဲရဲ့တပည့်ဆိုတာ တချို့တစ်ဝက်တော့ မှန်ပါတယ်"

"ဘယ်လိုလဲကွယ့်"

လိုက်ကာနောက်မှ အမျိုးသမီးကြီး၏ အံ့ဩသည့်စကားသံ ထွက်ပေါ်လာ၏။



ရှောက်လုံ ပြန်ရှင်းပြလိုက်၏။

"ကျုပ်ဟာ ဝိညာဉ်အလဲဆီက သိုင်းပညာရခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် ဆရာတပည့်ပုံစံနဲ့တော့ မဟုတ်ဘူး၊ ကတိတစ်ခုနဲ့ အပေးအယူသဘောပဲ ဆက်ဆံခဲ့ကြတာပါ"

"ဘယ်လို ကတိမျိုးလဲ"

ရှောက်လုံက လိုက်ကာဆီသို့ အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ ဖြည်းဖြည်းချင်းပြောသည်။

"တစ်ချိန်က သူ့ကို အထင်လွဲစိတ်နာသွားတဲ့ သူ့ချစ်သူထံကို သူအားလုံးကို အရှုံးပေးသွားပါပြီဆိုတဲ့ စကားပါပဲ၊ ဒီအတွက် သက်သေပြဖို့ ဟောဒီဝိညာဉ်အလဲကလေးကို ပေးသွားပါတယ်"

ရှောက်လုံကပြောပြီးသည်နှင့် အလဲယော်လေးတစ်ခုကို ထုတ်ပြလိုက်၏။

ထိုအခါ...

လိုက်ကာနောက်မှ အမျိုးသမီးကြီးမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး...

"သူ...သူက တကယ်ပဲ အရှုံးပေးတယ်လို့ပြောတယ် ဟုတ်သလား"

သူမ၏အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်နဲ့တွေ့တဲ့အချိန် သူဟာ လေလွင့် ပျက်စီးနေတဲ့ အရက်သမားကြီးလုံးလုံး ဖြစ်နေပါပြီ၊ သူက ဒီစကား ကို သူမသေခင် သူ့ချစ်သူမိန်းကလေးဆီ သတင်းပါးလိုက်ဖို့ အပေး အယူလုပ်ပြီး ကျုပ်ကို သိုင်းပညာတွေ သင်ကြားပေးခဲ့ပါတယ်၊ အဲဒီနောက်တော့ သူဟာ အရက်အလွန်အကျွံသောက်တဲ့ရောဂါကြောင့် သေဆုံးသွားခဲ့ရပါတယ်"

"မင်း...မင်း ဒီအကြောင်းတွေ အစကတည်းက ဘာကြောင့် မပြောတာလဲ"

"ဂိုဏ်းချုပ်ကြီးတို့ဘက်ကလည်း သူ့ကိုတွေ့ချင်တဲ့အကြောင်း အစကတည်းကမှ မပြောတာ"

လိုက်ကာအတွင်းမှ အမျိုးသမီးကြီး၏အသံ ခေတ္တတိတ်ဆိတ် သွားသည်။

အတန်ကြာမှ...

"သူဘယ်နေရာမှာ သေဆုံးသွားတာလဲ"

"အထီးကျန်တောင်ကုန်းမှာပါ၊ သူ့ကိုမြေမြှုပ်သင်္ဂြိုဟ်ပေးပြီးမှ ကျုပ်က သိုင်းလောကထဲ ဆင်းလာခဲ့တာပါ"

"အင်း...ငါးနှစ်လောက်တောင် ရှိသွားပြီကိုး"



အမျိုးသမီးကြီးထံမှ တီးတိုးစကားသံ ထွက်ပေါ်လာ၏။

ရှောက်လုံက ဝိညာဉ်အလံ၏အဖြစ်ကို ပြန်လည်မြင်ယောင် လာမိသည်။

ဝိညာဉ်အလံသည် ငယ်စဉ်က မိန်းကလေးတစ်ဦးနှင့် ယှဉ်ပြိုင် ခဲ့ဖူးသည်။

ထိုမိန်းကလေးမှာ အလွန်လှသလို သိုင်းပညာ ပြိုင်ဘက်ကင်း အဆင့်ရှိသော 'သက်တန့်မယ် ပေ့ကျူး' ဆိုသူဖြစ်သည်။

ပေ့ကျူးသည် ဝိညာဉ်အလံနှင့် ယှဉ်ပြိုင်တိုင်း ရှုံးနိမ့်ခဲ့ရသည် ချည်းပင်။

သူတို့ ချစ်သူဘဝတွင်လည်း တစ်ယောက်နှင့် တစ်ယောက် အလျှော့မပေးဘဲ ပြိုင်ဆိုင်ခဲ့ကြသည်။

ပေ့ကျူးက မာနကြီးသည်။ ဝိညာဉ်အလံက ခေါင်းမာသည်။

နောက်ဆုံးတွင် ပေ့ကျူးသည် အမြဲတစေရှုံးခဲ့ရသော ဝိညာဉ် အလံအားအနိုင်ယူရန် ဝိညာဉ်အလံအားစွန့်လွှတ်ကာ တောင်ပင်လယ် ကျွန်းတွင် သိုင်းပညာတစ်မျိုးကို သွားရောက်လေ့ကျင့်သင်ကြားခဲ့ သည်။

သက်တန့်မယ်ပေ့ကျူး တောင်ပင်လယ်ကျွန်းတွင် သတင်း နံ့စမြုပ် ပျောက်ကွယ်သွားချိန်တွင် ဝိညာဉ်အလံသည်လည်း သိုင်း လောကမှ ပျောက်ကွယ်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်အလံကို ရှောက်လုံ ပြန်တွေ့ချိန်ဝယ် ဝိညာဉ်အလံမှာ လောကကြီးအား အရှုံးပေးလိုက်သော အရက်သမားကြီးလုံးလုံး ဖြစ်နေခဲ့ရလေတော့သည်။

○ ✪ ○

ရှောက်လုံမှာ အဖြစ်အပျက်များအား ပြန်လည်စဉ်းစားမိရင်း ငိုင်နေမိသည်။

ထိုစဉ်...

ပိုင်ကွမ်းက သူ့အနီးသို့ ရောက်ရှိလာသည်။

"ဒီအကြောင်းကို ဘယ်သူတွေ သိသေးသလဲ"

ရှောက်လုံ ခေါင်းခါယမ်းလိုက်၏။

"ကျုပ်အပြင် ဘယ်သူမှ မသိသေးပါဘူး"

"တော်သေးတယ်၊ ကျုပ်တို့ဂိုဏ်းချုပ်က ဒီကိစ္စကို သိုင်းလောကထဲ လုံးဝမပေါက်ကြားစေချင်ဘူး"

ရှောက်လုံ မျက်မှောင်ကြုတ်သွားသည်။

"ဒီကိစ္စတွေနဲ့များ ခင်ဗျားတို့ဂိုဏ်းချုပ် ပတ်သက်မှုရှိသလား"

"ဟာ...သိပ်ရှိတာပေါ့ကွာ၊ ကဲ...ဂိုဏ်းချုပ်ကြီးက မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတယ်၊ ဒီတော့ နေခဲ့ပါ၊ ကျုပ်အပြင်မှာ သွားနေရပေးမယ်"



စကားဆုံးလျှင် အခန်းထဲမှထွက်ကာ တံခါးပိတ်လိုက်၏။

ထို့နောက်...

ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသော ခြေသံကို ကြားလိုက်ရလေတော့သည်။

○ ✪ ○

www.burmeseclassic.com

www.burmeseclassic.com

## မာနပြိုင်သူများ၏ ဝေဒနာ

အခန်းထဲ၌ ရှောက်လုံမှာ ငူငူကြီး ထိုင်နေ၏။

သူ၏ခေါင်းထဲတွင် အတွေးပေါင်းများစွာဖြင့် ရှုပ်ထွေးနေ၏။

သူက ငေးငိုင်နေစဉ်မှာပင် လိုက်ကာစလှုပ်ယမ်းသွားပြီး ချော မောခန့်ညားသည့် အမျိုးသမီးကြီးတစ်ဦး ထွက်လာ၏။

ရှောက်လုံက ဦးညွှတ်လိုက်၏။

အမျိုးသမီးကြီးက ခေါင်းညိတ်ကာ...

"ထိုင်ပါ"

ပြောရင်း ရှောက်လုံနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက် ၏။

ရှောက်လုံက နေရာတွင် ပြန်ထိုင်ရင်း...

"ဂိုဏ်းချုပ်ကြီးက ဝိဉာဉ်အလံနဲ့ပတ်သက်နေတယ်ဆိုတာ အမှန်ပဲလား"



အမျိုးသမီးကြီး ခေါင်းညိတ်လိုက်၏။

"အမှန်ပါပဲ၊ ပွင့်ပွင့်လင်းလင်းပြောရရင် တိုက်ရိုက်ပတ်သက် နေပါတယ်"

ရှောက်လုံ အံ့အားသင့်သွားသည်။

သူက အဖြေကိုလည်း သဘောပေါက်သွား၏။

"ဒါဆိုရင် ဂိုဏ်းချုပ်ကြီးဟာ ဝိဉာဉ်အလံရဲ့..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အမျိုးသမီးကြီးက ဒဲက်ပြင်းတစ်ချက်ချရင်း...

"တစ်ချိန်က ဝိဉာဉ်အလံရဲ့ချစ်သူ သက်တန့်မယ် ပေ့ကျူး က ကျုပ်ပါပဲ"

ဟု ဖြေကြားလိုက်၏။

"ဩော်...ဝိဉာဉ်အလံ ရှာနိုင်းတဲ့လူဟာ လက်စသတ်တော့ ခင်ဗျားဖြစ်နေတာကိုး"

အမျိုးသမီးကြီး(ဝါ)ပေ့ကျူး၏ မျက်နှာပေါ်ဝယ် ကြေကွဲ ရိပ် များ စွန်းထင်းနေ၏။

သူမက မချိပြုံးပြုံးကာ...

"ငယ်စဉ်အခါကတော့ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင် ကြရင်း အမှားအမှန် ခွဲမခြားနိုင်ဘူးပေါ့၊ သူ့ကိုအနိုင်ယူဖို့ အတော်

www.burmeseclassic.com



ကြိုးစားခဲ့ရပါတယ်၊ သိုင်းလောကမှာ အင်အားကြီးမားတဲ့ မဟာမိုးမြေဂိုဏ်းကို တည်ထောင်ခဲ့ပြီး ဝိညာဉ်အလံကို ယှဉ်ပြိုင်ဖို့ လိုက်ရှာခဲ့တယ်၊ ဒါပေမယ့် အနိုင်ယူလိုစိတ်မရှိသလောက်ဖြစ်ခဲ့တာ အံ့သြဖို့ကောင်းတယ်၊ ဒါကြောင့် လိုက်မရှာခဲ့တော့ဘူး၊ အခု သူက သေဆုံးသွားပြီဆိုတော့..."

ရှောက်လုံက ပေ့ကျူးအား စာနာဟန်ဖြင့်ကြည့်ရင်း...

"ဒေါ်ဒေါ်က ဝိညာဉ်အလံကို ပြိုင်ဆိုင်ချင်တာနဲ့ သိုင်းလောကလှုပ်ရှားသွားအောင် မဟာမိုးမြေဂိုဏ်းကိုအသုံးချတာတော့ မှားတယ်"

"ဒေါ်ဒေါ်တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ သိုင်းလောကနဲ့မှ မပတ်သက်တာ"

ပေ့ကျူး ခေါင်းညိတ်လိုက်၏။

"မဟာမိုးမြေဂိုဏ်းဟာ သိုင်းလောကသားတွေအပေါ် နိုင့်ထက်စီးနင်းပြုတာ ကျုပ်သိပါတယ်၊ မဟာမိုးမြေဂိုဏ်းကို ဖျက်သိမ်းဖို့လည်း စဉ်းစားထားမိတယ်၊ ဒါပေမယ့် လက်တွေ့မှာတော့ မဖြစ်နိုင်ပါဘူး"

ရှောက်လုံ အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ဂိုဏ်းသားတွေသာမက ခေါင်းဆောင်ပိုင်းကပါ ဒီကိစ္စကို လက်မခံနိုင်လို့ပဲလေ၊ ကျုပ်က နုတ်ထွက်သွားရင်တောင် သူတို့တွေက ဆက်လက် လှုပ်ရှားဦးမယ့်ပုံပဲ"



"အင်း...ဒေါ်ဒေါ်လည်း ဘေးကျပ်နံကျပ်ဖြစ်နေတာကိုး"

"ဟုတ်တယ်၊ ဂိုဏ်းထဲမှ ငွေဒဂါးဟန်စန်းနဲ့ ပိုင်ကွမ်းတို့ဟာ အရေးပါတဲ့လူတွေဖြစ်နေပြီ၊ သူတို့ရဲ့လက်အောက်မှာ မဟာမိုးမြေဂိုဏ်းသား သုံးပုံနှစ်ပုံလောက်က သစ္စာခံတွေဖြစ်နေပြီ"

"ဒီလူတွေက ရက်စက်တဲ့လူတွေပဲ၊ မဟာမိုးမြေဂိုဏ်းကို ဆိုးမိုက်တဲ့လမ်းအတိုင်း ဦးဆောင်သွားမှာ သေချာတယ်"

ပေ့ကျူးက...

"တကယ်တော့ ကျုပ်က ဒီဂိုဏ်းမှာ အရေးမပါတော့ဘဲ အမည်ခံသက်သက်သာဖြစ်နေခဲ့ရပြီ၊ ကျုပ်ရဲ့သိုင်းပညာကြောင့်သာ သူတို့က နာခံနေရတာ၊ သူတို့ ကျုပ်ကို နိုင်မယ်ဆိုတာနဲ့ တစ်ပြိုင်နက် ရန်ရှာလာမှာ သေချာတယ်"

"ဒီလူတွေကို သုတ်သင်လိုက်ရင်ကော"

"ဒါလည်း မဖြစ်ပြန်ဘူး၊ သူတို့က ဂိုဏ်းကိုအကျိုးပြုနေတဲ့လူတွေလို့ အားလုံးက ထင်ထားကြတယ်လေ"

သူမက အိတ်ထဲမှ ဆေးဘူးလေးတစ်ဘူး ထုတ်ပေးရင်း...

"မင်း ဒါကိုယူထားပါ၊ ဆေးဘူးထဲမှာ ဆေးတစ်လုံးပဲ ရှိတော့တယ်၊ အဆိပ်နိုင်ဖြေဆေးပဲ၊ မင်းအတွက် အသုံးဝင်မှာပါ၊ နောက်တစ်ခါ ပြန်တွေ့တဲ့အခါ ဂိုဏ်းရဲ့သဘောအတိုင်းပဲ ဒီအတွက် ကျုပ်ကို ကြိုပြီး ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ဆေးဘူးအားလှမ်းယူကာ ဦးညွှတ်လိုက်ပြီး…

“ဒေါ်ဒေါ့်ကို ကျွန်တော် နားလည်ပေးပါတယ်၊ ဒေါ်ဒေါ်လည်း ကျွန်တော့်ကို ဂိုဏ်းစည်းကမ်းအတိုင်းသာ စီစဉ်ပါ၊ လွတ်မြောက်တာ မလွတ်မြောက်တာတော့ ကျွန်တော့်ကုသိုလ်ပေါ့”

ပေ့ကျူး သက်ပြင်းချလိုက်၏။

“ကျုပ်လည်း စိတ်မကောင်းပါဘူး၊ မင်းကို ဘယ်လိုမှ မကူညီနိုင်လို့ပါ၊ ဒါပေမယ့် အခွင့်အရေးပေါ်လာရင်တော့ တစ်မျိုးပေါ့”

“ကျေးဇူးပါပဲ ဒေါ်ဒေါ်”

“ကဲ…မင်းသွားတော့”

ရှောက်လုံက ဦးညွှတ်လိုက်ပြီး အခန်းထဲမှထွက်ခွာလာခဲ့လေတော့သည်။

○❁○

# ခြသေ့်လို သိုင်းသမား

ရှောက်လုံက အခန်းထဲမှထွက်လာရာ အပြင်ဘက်၌ ပိုင်ကွမ်း ရပ်စောင့်နေသည်ကို တွေ့ရ၏။

ပိုင်ကွမ်းသည် အဆောက်အအုံ ညည်ခန်းဆီသို့ ခေါ်ဆောင်လာပြီး…

“ဂိုဏ်းချုပ်ကြီးက ဘာပြောလဲ၊ မင်းကို ကျုပ်တို့ဂိုဏ်းထဲ ဝင်ခိုင်းတယ် မဟုတ်လား”

ရှောက်လုံက ငြင်းဆန်ရန်ပြင်ပြီးမှ သဘောပေါက်သွားကာ အလိုက်အထိုက် ပြောလိုက်၏။

“ဟုတ်ပါတယ်”

ပိုင်ကွမ်းက သူ့အား စေ့စေ့ကြည့်ရင်း…

“မင်း ဘယ်လိုသဘောရသလဲ”

ရှောက်လုံ မဲ့ပြုံးပြုံးကာ…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘယ်တော့မှ ခင်ဗျားတို့ဂိုဏ်းထဲ မဝင်ဘူးဆိုတာ မှတ်ထားပါ"

"မင်းဟာ နတ်သမီးအဆိပ်မိထားတဲ့အတွက် အသက်ရှင်ဖို့ လမ်း မရှိတော့ဘူး၊ ဆယ်ရက်ပြည့်တာနဲ့ သေဆုံးသွားမှာပဲ၊ ကျုပ်တို့ ဂိုဏ်းထဲဝင်ရင်တော့ အသက်ချမ်းသာရာ ရမယ်"

"ကျုပ် သေရမှာ လုံးဝဂရုမစိုက်ဘူး"

ပိုင်ကွမ်းက မိတ်ဆိတ်မွှေးကို အသာပွတ်ရင်း ပြောလိုက်၏။

"မောင်ရင့်အသက်ကို မောင်ရင်က ဂရုမစိုက်ပေမယ့် ဂရုစိုက်သူ ရှိတယ်"

ရှောက်လုံ ရုတ်တရက် ကြောင်သွားပြီး...

"ဘယ်သူလဲ"

ပိုင်ကွမ်းက တစ်လုံးချင်း အေးဆေးစွာ ပြန်ပြော၏။

"ရှမ်းယွင်ပဲ"

ရှောက်လုံ မျက်လုံးပြူးသွား၏။

"ခင်ဗျားတို့ သူ့ကိုဖမ်းထားကြတယ်ပေါ့ ဟုတ်လား"

"အေး...ဟုတ်တယ်"

"ခင်ဗျားတို့ သူ့ကို ဘာလုပ်ကြမလို့လဲ"

"ဟဲ...ဟဲ...ဘာမှ မလုပ်ပါဘူး၊ မောင်ရင်နဲ့အတူ ငရဲပြည် သွားဖို့ အဖော်ရအောင် ခေါ်ထားတာပါ"



ရှောက်လုံမှာ ဒေါသဖြစ်လွန်းသောကြောင့် မျက်လုံးများပင် ပြာလာ၏။

"ခင်ဗျားတို့ လူတွေမဟုတ်ဘူး"

သူက အော်ဟစ်ရင်းမှ ဒေါသစိတ်ကြောင့် ဘိလစ် မေ့မြော သွားတော့၏။

ရှောက်လုံ သတိပြန်လည်ရလာချိန်၌ အမှောင်ခန်းတစ်ခု အတွင်းသို့ ရောက်နေသည်ကို တွေ့လိုက်ရ၏။

နှာခေါင်းတွင်လည်း စိုထိုင်းထိုင်းအနံ့ကို ရနေ၏။

ဤသည်ကို မှန်းဆကြည့်ခြင်းဖြင့် မြေအောက်အချုပ်ခန်း ဖြစ်ကြောင်း ခန့်မှန်းနိုင်၏။

ရှောက်လုံမှာ ဖြစ်ပျက်သမျှအရာအားလုံးကို ပြန်လည်သတိရ လာသည်နှင့် လဲနေရာမှ ရုတ်တရက် ထရပ်လိုက်သည်။

သူ၏ဦးခေါင်းတစ်ခုလုံး မူးဝေနောက်ကျိနေပြီး အားအင် ယုတ်လျော့သလို ခံစားနေရခြင်းကြောင့် အဆိပ်တန်ခိုးပြလာပြီ ဖြစ်ကြောင်း ရိပ်မိလိုက်၏။

ရှောက်လုံက ပေကျူးပေးသော အဆိပ်ဖြေဆေးအား သတိရ လာ၏။

www.burmeseclassic.com



သူက အင်္ကျီအိတ်ထဲ စမ်းကြည့်ရာ ဘူးကလေးရှိနေကြောင်း တွေ့ရလျှင် စဉ်းစားမနေတော့ဘဲ အတွင်းမှ ဆေးလုံးအား ထုတ်ယူကာ သောက်ချလိုက်၏။

ဆေးသောက်ပြီး အတန်ကြာလျှင် သူ၏ရင်ထဲ၌ ပူလောင်လာသလို ခံစားလိုက်ရ၏။

ထို့နောက်တွင်…

ဦးခေါင်းတစ်ခုလုံး တစစ်စစ် ကိုက်ခဲကာ ပြန်လည် လဲကျ သတိမေ့မြောသွားတော့၏။

မည်မျှကြာသွားမှန်းမသိ။

ရှောက်လုံ သတိပြန်ရသောအခါ သူ၏ ဦးခေါင်းတစ်ခုလုံး ကြည်လင်နေပြီး ခန္ဓာကိုယ်မှာ ပေါ့ပါးလန်းဆန်းနေသည်ကို သတိထားမိ၏။

ထို့အပြင်…

ပျောက်ကွယ်သွားသော အတွင်းအားများမှာ ပြန်လည်ပြည့်ဝလာသလို ခံစားလို ်ရ၏။

ရှောက်လုံက အတွင်းအားများကိုလည်းပတ်ကြည့်ရာ နဂိုမူလအတိုင်းရှိနေကြောင်းသိလျှင် အလွန်ဝမ်းသာသွားလေတော့သည်။



သူက ချက်ချင်းပင် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားကို လေ့ကျင့်လိုက်တော့သည်။

○ ✿ ○

အချိန်အတော်ကြာသွားသောအခါ အုတ်ခဲတစ်လုံးစာမျှရှိသော အပေါက်၌ စားသောက်စရာ ပန်းကန်လုံးတစ်လုံးအား အစောင့်က လာရောက်ချပေးကာ ပြန်ထွက်သွားသည်ကို သိလိုက်ရ၏။

ရှောက်လုံက အတွင်းအားလေ့ကျင့်မှုကို ရပ်တန့်ကာ အစားအသောက်များအား ယူ၍စားသောက်လိုက်သည်။

ခွန်အားပြည့်ဝမှ ရန်သူအား ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း သူကောင်းစွာ သိထားသည် မဟုတ်ပါလား။

သူက ဆာဆာနှင့် စားသောက်လိုက်ရာ တစ်ခဏချင်း ပြောင်းသလင်းခါသွားသည်။

သူက ဗိုက်ပြည့်သွားသည်နှင့် လွတ်မြောက်ရန်လမ်းစကို စတင်ရှာဖွေလိုက်၏။

အချုပ်ခန်းမှာ မာကျောသော ကျောက်နံရံများနှင့် ဆောက်လုပ်ထားသောကြောင့် လွတ်မြောက်ရန် မလွယ်ကူပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူက စဉ်းစားရင်း စဉ်းစားရင်း နောက်ဆုံး၌ အဆိပ်မိကာ အတွင်းအားကုန်ခန်းနေသူတစ်ယောက်လို ဆက်လက်ဟန်ဆောင်ရန် ဆုံးဖြတ်လိုက်သည်။

သူက အခွင့်ကောင်းကို စောင့်ရတော့မည်ဖြစ်၏။

သူ့အတွက် ပို၍ အားတက်စရာတစ်ခုမှာ သူ၏ဓားတိုအား သိမ်းဆည်းမသွားခြင်းကြောင့် ဖြစ်သည်။

○ ◎ ○

မဟာမိုးမြေဂိုဏ်းဌာနချုပ်တည်ရှိရာ ခြံဝင်းအတွင်း၌ အနီရောင် အဆောက်အအုံပုကလေးကို တွေ့နိုင်၏။

ထိုအိမ်ပုကလေး၏ရှေ့တွင် သစ်သားတိုင်တစ်တိုင် စိုက်ထူထား၏။

ထိုသစ်သားတိုင်တွင် မိန်းကလေးတစ်ဦးအား ကြိုးဖြင့် တုပ်နှောင်လျက် တွဲလွဲချည်ထားသည်။

ထိုတိုင်၏ဘေးတစ်ဖက်တစ်ချက်စီတွင် လူသန်ကြီးနှစ်ဦးက မတ်တတ်ရပ်နေ၏။

ထိုလူသန်ကြီးနှစ်ဦး၏ ရင်ဘတ်တည့်တည့်တွင် ဓားရှည်ကြီးများကို တည့်မတ်စွာ ထောင်ကိုင်ထားသည်။



သူတို့၏အသွင်မှာ အမိန့်တစ်ခုအား စောင့်ဆိုင်းနားထောင်နေသည့်ပမာရှိ၏။

စင်စစ် တိုင်ထိပ်တွင် ကြိုးဖြင့် တုပ်နှောင်ချည်ထားသော မိန်းကလေးမှာ ရှမ်းယွှင်ပင်ဖြစ်၏။

သစ်သားတိုင်နှင့် မနီးမဝေးတွင် ဓားကိုင်သိုင်းသမားဆယ်ဦးခန့် တန်းစီလျက် ရပ်နေ၏။

ထိုစဉ်...

ဝတ်ရုံနက်နှင့်လူကြီးတစ်ဦးက နှေးကွေးစွာဖြင့် လျှောက်လာနေ၏။

ထိုလူကြီးရောက်လာသည်နှင့်တစ်ပြိုင်နက် သိုင်းသမားအားလုံးက အရိုအသေ ပေးလိုက်ကြ၏။

ဝတ်ရုံနက်နှင့်အဘိုးအိုက ထိုသိုင်းသမားဆယ်ဦး၏ရှေ့တွင် ရပ်လိုက်၏။

ထိုစဉ်...

ရှောက်လုံအား လူသန်ကြီးနှစ်ဦးက ဘယ်ညာညှပ်လျက် ခေါ်လာသည်။

သူ၏ခန္ဓာကိုယ်မှာ ပျော့ခွေနေပြီး တစ်ယောက်ယောက်က သာ လွှတ်လိုက်ပါက မြေပေါ်သို့ လဲကျသွားတော့မည့်အသွင်မျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံအား လူသန်ကြီးနှစ်ဦးက သစ်သားတိုင်၏ ညာဘက်ဆီသို့ ဆွဲခေါ်လာခဲ့သည်။

ရှမ်းယွင်ဂျ ရှောက်လုံအားတွေ့သွားပြီး ရှောက်လုံ မော့ကြည့်လိုက်ချိန်တွင် တစ်ချက်ပြုံးပြလိုက်၏။

ရှောက်လုံကလည်း ပြန်လည်ပြုံးပြလိုက်သည်။

ခဏအကြာတွင် ပိုင်ကွမ်းရောက်ရှိလာသည်။

ဂိုဏ်းသားအားလုံး အရိုအသေပေးလိုက်၏။

ဝတ်စုံနက်အဘိုးအိုက ဦးညွှတ်ရင်း…

"ကျွန်တော်မျိုး ဂိုဏ်းခွဲမှူး ဝမ်လီကလည်း ဆရာကြီးပိုင်ကွမ်းကို ဂါရဝပြုပါတယ်"

ပိုင်ကွမ်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီးနောက် ရှောက်လုံဆက်လှည့်ကြည့်လိုက်၏။

ထို့နောက်…

အောင်မြင်ခံ့ညားသောအသံဖြင့် ရှောက်လုံအား လှမ်းပြောလိုက်သည်။

"ရှောက်လုံ မင်းစဉ်းစားပြီးပြီလား"

ရှောက်လုံ မဲ့ပြုံးပြုံးကာ…

"ကျုပ်ဘာမှ စဉ်းစားစရာမလိုဘူး"



ပိုင်ကွမ်း၏မျက်နှာ တင်းခနဲဖြစ်သွားသည်။

"မင်းက သေချင်နေတာကိုး၊ ကောင်းပြီ၊ ကျုပ်နောက်ဆုံးမေးမယ်၊ မင်း ကျုပ်တို့ဂိုဏ်းထဲ ဝင်မလား၊ မဝင်ဘူးလား"

ရှောက်လုံက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ…

"ကျုပ်တစ်ခု တောင်းဆိုချင်တယ်"

"ပြောပါ"

"ရှမ်းယွင်းကို လွှတ်ပေးပါ"

"ဒီအတွက် မပူပါနဲ့၊ မင်းဟာ ကျုပ်တို့ဂိုဏ်းထဲ ဝင်မယ်ဆိုရင် သူ့ကိုလွှတ်ပေးလိုက်မှာပါ"

ရှောက်လုံ ခေါင်းခါယမ်းလိုက်၏။

"ဒီလိုမျိုး မလိုချင်ဘူး၊ သူ့ကိုသာ အရင်လွှတ်ပေးပါ"

ထိုစဉ်…

ရှမ်းယွင်းက ကျယ်လောင်သောအသံဖြင့် ဝင်ပြောလာသည်။

"ရှောက်လုံ…ကျွန်မအတွက်နဲ့ ရှင်ဘာမှ တောင်းဆိုနေစရာမလိုဘူး၊ ကျွန်မ သေရမှာ လုံးဝမကြောက်ဘူး၊ ရှင့်ရဲ့တောင်းဆိုချက်ကို အခုချက်ချင်း ပြန်ရုပ်သိမ်းပါ"

ထိုသို့ပြောပြီး ရှမ်းယွင်၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်းက အေးစက်သောလေသံဖြင့်...

"သူ့စကားကို အရေးမထားပါနဲ့၊ မင်းသာ ကျုပ်တို့ဂိုဏ်းထဲ ဝင်မယ်ဆိုရင် အမှတ်နှစ် ဂိုဏ်းခွဲမှူးနေရာပေးမယ်"

ရှောက်လုံ သက်ပြင်းချကာ...

"ကျုပ်ရဲ့ တောင်းဆိုချက်ကိုသာအရင်ဆုံး လိုက်လျောပါ"

"မင်းရဲ့ တောင်းဆိုချက်က အပေးအယူ သိပ်မမျှတဲ့အတွက် ကျုပ်တို့ လိုက်လျောဖို့ ခက်တယ်"

ရှောက်လုံ၏မျက်နှာ အေးစက်တင်းမာသွား၏။

"ဒီလိုဆို ကျုပ်ကို အဆိုးမဆိုးတော့နဲ့"

စကားဆုံးလျှင် ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ တိုက်ခိုက်လိုက်၏။

"အား"

"အွန့်"

ကျယ်လောင်စူးရှသော အသံနှင့်အတူ ရှောက်လုံဘေးနှစ်ဖက်မှ သိုင်းသမားနှစ်ယောက်မြေပေါ် လဲကျသွား၏။

မမျှော်လင့်ဘဲ ပြောင်းလဲသွားသောအခြေအနေကြောင့် အားလုံး ငေးကြောင်သွားတော့သည်။

○ ❁ ○



ရှောက်လုံ၏ လှုပ်ရှားမှုမှာ လျင်မြန်လှ၏။

ဓားကိုဆက်လက်ဝှေ့ယမ်းလိုက်လျှင် သစ်သားတိုင်အနီးတွင် နေရာယူထားသော သိုင်းသမားသုံးဦးမှာ လဲကျသွားသည်။

ပိုင်ကွမ်းနှင့် ဝတ်စုံနက် ဝတ်ဆင်ထားသော ဝမ်လီတို့မှာ ငေးကြောင်လျက်ကြည့်နေဆဲပင် ဖြစ်၏။

ရှောက်လုံက လျင်မြန်သော အဟုန်ဖြင့် ခုန်တက်လိုက်ပြီး ရှမ်းယွင်အား ချည်ထားသောကြိုးကို ဓားတိုဖြင့် ခုတ်ချလိုက်၏။

"ယား"

ရုတ်တရက် ညာသံပေးသံများ ဆက်တိုက်ထွက်ပေါ်လာပြီး လုံရှည်ကိုင် သိုင်းသမားများက ရှောက်လုံအား ဝိုင်းလိုက်ကြ၏။

ပထမဆုံး ခုန်ဝင်တိုက်ခိုက်လာသူမှာ ပိုင်ကွမ်းပင် ဖြစ်သည်။

ရှောက်လုံက သူ၏အစွမ်းထက်သော ဓားတို သိုင်းကွက်ဖြင့် ခုခံတိုက်ထုတ်လိုက်၏။

ရှောက်လုံမှာ နောက်သို့ နှစ်လံခန့်ဆုတ်သွား၏။

ဒုတိယဝင်ရောက် တိုက်ခိုက်လာသူမှာ ဝမ်လီဖြစ်၏။

သို့သော်...

ဝမ်လီမှာလည်း ဝတ်စုံနက်တွင် ဓားချက်တန်ချက်ထိကာ နောက်သို့ ခုန်ဆုတ်သွားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လုံက ရှမ်းယွင်အား အကာအကွယ်ပေးရင်း အလျင်အမြန် မေးလိုက်သည်။

"ညီမရဲ့အတွင်းအား ဘယ်လိုရှိလဲ"

"အကြောပိတ်ခံထားရတယ်၊ အခုအချိန်မှာ အတွင်းအား ထုတ်သုံးလို့ မရသေးဘူး"

ထိုစဉ်...

ဓားရှည်သိုင်းသမား ခြောက်ယောက်က ပြိုင်တူခုန်ဝင်လာကြသည်။

ရောက်လုံက 'လျှပ်စီးဓား' သိုင်းကွက်ဖြင့် ဆီးကြို တိုက်ခိုက်လိုက်သည်။

"အား"

"အွန့်..."

ကျယ်လောင်စူးရှသော အသံနှင့်အတူ ဓားသမားသုံးဦးခန့် မြေပေါ်လဲကျသွားသည်။

ဤတဒင်္ဂအချိန်ကလေးအတွင်း၌ပင် ရောက်လုံက ရှမ်းယွင်၏ နောက်ကျောဆီသို့ လက်ကိုဆန့်ထုတ်ကာ လက်ညှိုးဖြင့် ထောက်လိုက်၏။

ထို့နောက်...



ရှမ်းယွင်အား ပွေ့ချီကာ အိမ်အမိုးပေါ်သို့ ခုန်တက်လိုက်သည်။

အမိုးပေါ် ရောက်သည်နှင့် ရှမ်းယွင်အား လွှတ်ပေးလိုက်ပြီး

"နောက်ဘက်နံရံကနေ ထွက်သွားပြီး မြေကြီးပေါ် ခြေမချမိစေနဲ့၊ မြန်မြန်သွား"

ပြောရင်း အိမ်ခေါင်မိုးပေါ် ခုန်တက်လာသော ရန်သူနှစ်ဦးကို တရကြမ်း တိုက်ခိုက်လိုက်၏။

"အား..."

"အွန့်..."

ခေါင်မိုးပေါ်သို့ ခုန်တက်လာသူ နှစ်ဦးမှာ အောက်သို့ ပြုတ်ကျသွားတော့၏။

ရှမ်းယွင်က ဓုက်ထားသော ဓားကို ဝတ်ရုံထဲမှ ဆွဲထုတ်လိုက်၏။

ရောက်လုံက ခပ်လောလော ပြောလိုက်၏။

"တိုက်ခိုက်မနေနဲ့၊ နံရံပေါ်က အမြန်ဆုံး ခုန်ထွက်သွား"

ရှမ်းယွင် မည်သို့မျှ ပြန်ပြောမနေတော့ဘဲ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

○ ❂ ○

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ အိမ်ပုလေး အမိုးပေါ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ပိုင်ကွမ်းက အမိုးပေါ်သို့ ခုန်တက်လာရင်း တရကြမ်း တိုက်ခိုက်လာသည်။

ရှောက်လုံက ပြန်လည်တိုက်ခိုက်ရင်းမှ နံရံဆီသို့ ခုန်ကူးလိုက်၏။

ထိုစဉ် ...

ပိုင်ကွမ်း၏ လက်ဝါးရိုက်ချက်က ပြင်းထန်စွာ ကျရောက်လာသည်။

ရှောက်လုံက ရှောင်တိမ်းပေးလိုက်ရသောကြောင့် နံရံဆီသို့ မရောက်ဘဲ နံရံကြားရှိ လမ်းကြားလေးအတွင်းသို့ ကျသွားတော့သည်။

အတွင်းနံရံပေါ်သို့ ဓားသမားများ ချက်ချင်း ခုန်တက်လာကြ၏။

ရှောက်လုံက နောက်သို့ လှည့်ကာ ဓားတိုဖြင့် လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်လိုက်၏။

နံရံပေါ်မှ သိုင်းသမားအချို့ မြေပြင်ပေါ်သို့ ပြန်ကျလာသည်။

သို့သော် ...



နံရံပေါ်သို့ နောက်ထပ် တစ်သုတ် ခုန်တက်လာကြပြန်သည်။

လူရိပ်များမှာ ရှုပ်ထွေးသွားသည်။

နံရံပေါ်သို့ ရောက်ရှိနေသော သိုင်းသမားများက ရှောက်လုံအား လက်နက်ပုန်းများဖြင့် ပစ်ခတ်ကြ၏။

လက်နက်ပုန်းများက ရှောက်လုံထံသို့ မိုးသီးမိုးပေါက်များပမာ ကျရောက်လာ၏။

ရှောက်လုံမှာ အသက်ရှူချိန်ပင် မရအောင် လှုပ်ရှားနေရသည်။

ဤအတိုင်းသာဆိုလျှင် သံမဏိလူသားပင်လျှင် အမောဆို့ကာ လဲသွားနိုင်၏။

သူက လက်နက်ပုန်းများအား ရိုက်ထုတ်ပြီးချိန်တွင် လူတစ်စု ထပ်မံကျရောက်လာပြန်သည်။

ရှောက်လုံက ကျရောက်လာသော လူရိပ်များအား တစ်ချက် ဝေ့ကြည့်လိုက်သည်။

ပိုင်ကွမ်း၊ ဝမ်းလီ၊ ငွေဒင်္ဂါးဟန်စိန်းနှင့် တာဝမ်း အားလုံးက သူ့အား ပိုင်းဝန်းတိုက်ခိုက်ရန် အသင့်ပြင်ထားသည်ကိုတွေ့လိုက်ရ၏။

ရှောက်လုံက မျက်လုံးပြူးသွား၏။

သူ၏သိုင်းပညာ မည်မျှ အဆင့်မြင့်မားနေစေကာမူ ဤမျှများပြားလှသည့် အဆင့်မြင့် သိုင်းသမားများအား ခုခံတိုက်ခိုက်နိုင်ရန် မလွယ်လှချေ။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်းထံမှ အေးစက်သော စကားသံ ထွက်ပေါ်လာသည်။

"ရှောက်လုံ ... မင်းကို နောက်ဆုံးအခွင့်အရေးပေးမယ်၊ မင်း ကျုပ်တို့ဂိုဏ်းထဲကို ဝင်မလား"

ရှောက်လုံ မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျားတို့လို သတ္တိမရှိတဲ့ လူတွေရဲ့ လက်အောက်ကို ဘယ်တော့မှ မဝင်ဘူး"

"ဒါဆိုရင်တော့ မင်းရဲ့အလောင်းဟာ တစ်ပိုင်းတစ်စစီ ဖြစ်သွားရတော့မယ်"

စကားဆုံးလျှင် တိုက်ပွဲကို စတင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

ကျယ်လောင်စူးရှသော အသံများ ထွက်ပေါ်လာပြီး သိုင်းသမား ငါးယောက်ခန့် နံရံပေါ်မှ ပြုတ်ကျလာသည်။

အားလုံးမှာ ကြောင်အမ်းအမ်းဖြစ်သွားကြပြီး လှမ်းကြည့်မိလိုက်ကြသည်။

ဤတွင် ...



လက်ထဲတွင် ဓားကိုကိုင်လျက် နံရံပေါ်တွင် ရပ်နေသော ရှမ်းယွှင်အား တွေ့ကြရ၏။

ရှောက်လုံ ရင်ထိတ်သွားသည်။

"ရှမ်းယွှင် မင်းဘာကြောင့် ပြန်လာရတာလဲ"

ရှမ်းယွှင်က ဘာမှမပြောဘဲ တိုက်ပွဲအတွင်းသို့ ခုန်ဆင်းလာသည်။

ရှောက်လုံက ထိတ်လန့်သွားပြီး ရှမ်းယွှင်ထံ ပြေးသွားကာ အကာအကွယ် ပြုလိုက်၏။

လူရိပ်များမှာလည်း တစ်ပြိုင်တည်း စုပြုံ၍ ခုန်ဝင်လာကြ၏။

ရှောက်လုံက လျင်မြန်စွာ ပြန်လည်တိုက်ခိုက်လိုက်သည်။

ရှမ်းယွှင်ကလည်း တရကြမ်း တိုက်ခိုက်နေ၏။

ယခုလက်ရှိအခြေအနေအရ ရှောက်လုံနှင့် ရှမ်းယွှင်တို့ လွတ်မြောက်နိုင်ဖို့ အခွင့်အရေး လွန်စွာ နည်းပါးနေသကဲ့သို့ မဟာမိုးမြေဂိုဏ်းသားများမှာလည်း အကျအဆုံးများနိုင်၏။

ထိုစဉ် ...

"အင့် ..."

ရှမ်းယွှင်ထံမှ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။

ရှောက်လုံမှာ သူမအား ကျောပေးထားသည်ဖြစ်၍ အခြေအနေကို မမြင်ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက လှည့်မကြည့်ဘဲ မေးလိုက်၏။

"ညီမ ဘာဖြစ်လို့လဲ"

"လက်နက်ပုန်း ထိသွားလို့ ..."

"ဘယ်နေရာ ထိသွားလဲ"

"ပခုံးပေါ်မှာ ထိသွားတာ၊ လက်နက်ပုန်းက အလွန်သေးပြီး သိပ်ထက်တယ်"

"တကယ်တော့ မင်း ဒီကိုပြန်မလာသင့်ဘူး၊ မင်း ဘာဖြစ်လို့ ဒီကိုပြန်လာရတာလဲ"

"ရှင့်ကို တစ်ယောက်တည်း ချန်မထားရက်လို့ပေါ့၊ သေရင်လည်း နှစ်ယောက်တူတူ သေရအောင်လို့"

ရှမ်းယွင်၏ စကားက ရှောက်လုံအား တုန်လှုပ်သွားလေသည်။

သူမသည် မိမိအပေါ် ဤမျှအထိ သံယောဇဉ် ရှိနေသေးပါလားဟုလည်း တွေးလိုက်မိသည်။

ထိုသို့ တွေးလိုက်ရင်း ဟန်စန်းအား လှမ်းကြည့်လိုက်သည်။

ရှောက်လုံ ချက်ချင်း သဘောပေါက်လိုက်ပြီ ဖြစ်၏။

တခြား မည်သည့် လက်နက်ပုန်းမျှ ရှမ်းယွင်အား အနာတရ ဖြစ်အောင် ဖန်တီးနိုင်မည်မဟုတ်ပါချေ။

ဟန်စန်း၏ ငွေဒင်္ဂါး လက်နက်ပုန်းသာ ဖြစ်နိုင်လေသည်။



ရှောက်လုံက ဟန်စန်းအား စူးရဲစွာဖြင့် ကြည့်လိုက်၏။

သူ၏ အကြည့်ကြောင့် ဟန်စန်းမှာ ကျောချမ်းသွားမိသည်။

ပိုင်ကွမ်းက လက်ထဲမှ သံမဏိတုတ်ကို ဝှေ့ယမ်းလိုက်ကာ ...

"မင်းတို့ လက်နက်ချမလား၊ မချဘူးလား"

ရှောက်လုံ ရယ်မောလိုက်ပြီး ...

"ခင်ဗျားတို့က အတော်စိတ်ကူးယဉ်တဲ့ အရူးတွေပဲ"

ပိုင်ကွမ်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။

သူက သံမဏိတုတ်ဖြင့် ရှောက်လုံ၏ ဦးခေါင်းတည့်တည့်သို့ ရိုက်ချလိုက်သည်။

ရှောက်လုံက ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင် ရန်သူ အဘိုးအိုက အခွင့်အရေးရပြီ အထင်နှင့် ရှမ်းယွင်အား အတင်းဝင်ရောက် ဖမ်းဆီးရန် ကြိုးစားသည်။

ယင်းကိုမြင်လိုက်သော ရှောက်လုံက ရှေ့မှ အားပြိုင်တိုက်ခိုက်နေသော ပိုင်ကွမ်းအား နောက်ဆုတ်သွားအောင် တိုက်ခိုက်လိုက်သည်။

ထို့နောက် ...

ရှမ်းယွင်အား ဖမ်းဆီးရန် ကြိုးစားနေသော အဘိုးအိုကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ သူ၏တိုက်ခိုက်မှုကြောင့် အဘိုးအို မရှောင်တိမ်းနိုင်တော့ပါချေ။

"အား ..."

စူးရှစွာ အော်ဟစ်ရင်း လဲကျသွားလေတော့သည်။

○ ○ ○

ဟန်စန်းက ရှောက်လုံးအား စူးရဲစွာကြည့်ရင်း ...

"ရှောက်လုံ ... မင်း ဒီလောက် ခေါင်းမာနေရင် မင်း ကောင်မလေးကို ငရဲပြည်အရောက် ပို့လိုက်တော့မယ်"

သူ၏စကားကြောင့် ရှောက်လုံ ရင်ဖိုတ်သွားသည်။

အကယ်၍သာ ...

ဟန်စန်းက ငွေဒဂါးလက်နက်ပုန်းဖြင့် တိုက်ခိုက်လာလျှင် ရှမ်းယွင် အသက်ဆုံးရမည်ဖြစ်သည်။

ထို့ကြောင့် ...

ရှောက်လုံမှာ ဟန်စန်းထံ ဦးတည်ခုန်ဝင်သွားပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ပိုင်ကွမ်းက ကျောပေးသလို ဖြစ်သွားသော ရှောက်လုံအား လက်ထဲမှ သံမဏိတုတ်ဖြင့် ရိုက်ချလိုက်သည်။



"ဘုန်း ..."

ကျယ်လောင်သော အသံနှင့်အတူ ရှောက်လုံ၏ရင်ထဲ၌ စူးခနဲအောင့်သွား၏။

သံမဏိကိုယ်ကျပ်အင်္ကျီသာ ဝတ်မထားလျှင် အရိုးများ ကျိုးကြေသွားနိုင်သည်။

ရှောက်လုံ၏ ခန္ဓာကိုယ်မှာ နောက်မှရိုက်လိုက်သည့်အားကြောင့် ဟန်စန်းထံသို့ မြားတစ်စင်းပမာ ပြေးဝင်သွားသည်။

ရှောက်လုံက ရင်ထဲ ဗိုလ်တက်လာသော သွေးများကို မအောင့်ထားနိုင်တော့ဘဲ အန်ထုတ်လိုက်၏။

သူ၏သွေးစများမှာ ဟန်စန်း၏ မျက်နှာအား လွင့်စဉ်သွားသည်။

ဟန်စန်းက နောက်ဆုတ်ပေးလိုက်၏။

သူက ဟန်ချက်ပျက်သွားသည်ကို အခွင့်အကောင်းယူကာ ရှောက်လုံက ဓားကို ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်နှင့်အတူ ...

"အား ..."

ဟန်စန်းထံမှ စူးစူးဝါးဝါး အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် ...

ဟန်စန်း၏ ခန္ဓာကိုယ်မှာ မြေပေါ် လဲကျသွားလေတော့သည်။

အကယ်၍သာ ရောက်လုံ အန်ထုတ်လိုက်သော သွေးများသည် ဟန်စန်း၏ မျက်နှာပေါ်သို့ တိုက်ရိုက်မထိမှန်ပါက ဟန်စန်း၏ ငွေဒဂါးလက်နက်ပုန်းသည် ရှမ်းယွင်၏ ဇီဝိန်အား ခြွေယူသွားမည် ဖြစ်သည်။

ယခုမှာမူ ငွေဒဂါး လက်နက်ပုန်းမှာ ဘေးသို့ချော်ထွက်သွားပြီး နံရံကိုသာ ထိမှန်သွားတော့၏။

ပိုင်ကွမ်းမှာ ထိတ်လန့်တကြားဖြင့် နောက်ဆုတ်သွားသည်။

ရောက်လုံမှာ ရှမ်းယွင်၏ ရှေ့သို့ ပြေးသွားကာ ရှေ့မှကာကွယ်ထားလိုက်၏။

ရှမ်းယွင်မှာ အံတင်းဝင်းကြိတ်ကာအသေအကြေ တိုက်တော့မည်အသွင်ဖြင့် ဓားကို မြဲမြဲစွာ ဆုပ်ထား၏။

ရောက်လုံ၏ မျက်နှာမှာလည်း အေးစက်တင်းမာနေ၏။

မျက်လုံးထဲ၌ လူသတ်လိုသော အရိပ်အငွေ့များဖြင့် လျှံနေ၏။

မကြာမီအချိန်တွင် ကြောက်မက်ဖွယ်ရာကောင်းသော တိုက်ပွဲကြီးတစ်ခုကို ဆင်နွှဲရဦးမည် ဖြစ်ကြောင်း မဟာမိုးမြေဂိုဏ်းမှ လူများ နားလည်ထားကြပေတော့သည်။



ရောက်လုံအား အနိုင်ရဖို့အတွက် မိမိတို့ဘက်မှ နောက်ထပ် မည်မျှ ထပ်မံဆုံးရှုံးရဦးမည်ကို မခန့်မှန်းနိုင်သေးချေ။

ထိုစဉ် ...

အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရောက်ရှိလာပြီး ...

"ဂိုဏ်းချုပ်ကြီး အမိန့်အရ ဂိုဏ်းခွဲမှူးကြီးမှလွဲ၍ ကျန်တဲ့လူတွေအားလုံး ဒီကထွက်သွားကြပါ"

ဟု ကြည်လင်သော လေသံဖြင့် ပြောလာသည်။

ဝတ်စုံဝါနှင့် မိန်းကလေး၏ အမိန့်ကြောင့် ဂိုဏ်းသားအားလုံး နောက်လှည့်ကာ ထွက်ခွာသွားကြတော့လေသည်။

○ ◎ ○

ပိုင်ကွမ်း၊ ဝတ်စုံဝတ် မိန်းကလေးနှင့် သက်မဲ့အလောင်းများသာ တိုက်ပွဲအလယ်၌ ကျန်ရစ်ခဲ့၏။

မဟာမိုးမြေဂိုဏ်းချုပ် ပေ့ကျူး မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ရောက်လုံ သိလိုက်၏။

ယခုတစ်ကြိမ်တွင် သူနှင့် ပေ့ကျူးတို့သည် ရန်သူများကဲ့သို့ ရင်ဆိုင်ရနိုင်ကြောင်းလည်း နားလည်မိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ရှမ်းယွင်အား လှမ်း၍ကြည့်လိုက်၏။

ရှမ်းယွင်မှာ လွန်စွာ နာကျင်နေသည့်အသွင်ဖြင့် နံရံကို မှီ၍ ရပ်နေသည်ကို တွေ့ရ၏။

သူမမျက်လုံးအစုံသည် မှိတ်ထားပြီး အသက်ပြင်းပြင်း ရှူလျက် အားတင်းကာနေ၏။

ထိုစဉ် ...

လှပသော ဝေါယာဉ်တစ်စင်းသည် သူတို့နှင့် သုံးလံခန့်အကွာသို့ ရောက်ရှိလာပြီး ရပ်တန့်လိုက်၏။

○◎○

## ကိုယ့်စိတ် ကိုယ်မပိုင်ကြသူများ

ရှောက်လုံမှာ မျက်တောင်မခတ်ဘဲ ဝေါယာဉ်၏ တံခါးပေါက်အား စိုက်ကြည့်နေ၏။

ဝေါယာဉ်ရပ်ပြီး အတန်ကြာသောအခါ ဝေါယာဉ်အတွင်းမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်။

"မင်းဟာ တကယ်ပဲ ကျုပ်တို့ဂိုဏ်းကိုမဝင်နိုင်ဘူး ဟုတ်လား"

ရှောက်လုံ သက်ပြင်းတစ်ချက် ချရင်း ...

"ဟုတ်ပါတယ် ..."

"ဘာကြောင့် မဝင်ချင်ရတာလဲ"

"သူများ အမိန့်ပေးစေခိုင်းတာ မလုပ်ချင်လို့ပါ"

"မင်းက ကိုယ့်ကိုယ်ကိုတော့ အတော် အထင်ကြီးပုံရတယ်"

ရှောက်လုံ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ကိုယ့်ထက်သာတဲ့ လူတော့ ရှိနိုင်ပါတယ်၊ ကျုပ်ရဲ့ စိတ်ဓာတ်က ဒီလိုမျိုးတော့ မဟုတ်ဘူး"

"ဒါဆို မင်းက ကျုပ်နဲ့ ပညာစမ်းကြည့်ချင်တဲ့ ဆန္ဒရှိသလား"

မမျှော်လင့်သော စကားဖြစ်နေ၍ ရှောက်လုံ အံ့အားသင့်သွားသည်။

ဂိုဏ်းချုပ်ပေ့ကျူးက မိမိနှင့် တစ်ယောက်ကျင်း ယှဉ်ပြိုင်ဖို့ စိန်ခေါ်နေခြင်းလော။

မဟာမိုးမြေဂိုဏ်းချုပ်နှင့် ယှဉ်ပြိုင်သည့်အလုပ်မှာ လွယ်ကူသည့် အလုပ်မဟုတ်ပေ။

သို့သော် ...

ရှောက်လုံက တည်ကြည်သော မျက်နှာထားဖြင့် ...

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီးနဲ့ ယှဉ်ပြိုင်ဖို့ သိပ်ပြီး ဆန္ဒရှိနေပါတယ်"

ဂိုဏ်းချုပ်ကြီးထံမှ စကားသံ ဆက်လက်ထွက်ပေါ်လာ၏။

"ယှဉ်ပြိုင်မယ်ဆိုရင်တော့ လှောင်းကြေးတစ်ခုထားပြီး ယှဉ်ပြိုင်ရလိမ့်မယ်"

ရှောက်လုံက ချက်ချင်း ပြန်မေးလိုက်၏။

"ဘယ်လိုလောင်းကြေးမျိုးပါလဲ"



"တခြားတော့ မဟုတ်ဘူး၊ မင်းရှုံးသွားခဲ့ရင် ကျုပ် ဘယ်လိုလုပ်ရမယ်ဆိုတာသာ ပြော၊ လောင်းကြေးက ဒါပါပဲ"

ရှောက်လုံ၏စိတ်ထဲတွင် အနည်းငယ် တုန်လှုပ်သွားမိသည်က အမှန်ပင်ဖြစ်၏။

သို့သော် ...

သူက နောက်ဆုတ်၍ ရတော့မည် မဟုတ်ချေ။

ထို့ကြောင့် ...

"ကျုပ် ရှုံးခဲ့ရင် ကျုပ်ကိုယ်ကျုပ် သတ်သေပစ်လိုက်မယ်"

"မင်းရှုံးသွားခဲ့ရင် ကျုပ်တို့ဂိုဏ်းထဲ ဝင်ပါလား"

ရှောက်လုံ ခေါင်းခါယမ်းလိုက်၏။

"ဒါတော့ ကျုပ်သဘောမတူနိုင်ဘူး"

"ကောင်းပြီလေ ... ဒီလိုဆိုလည်း မင်းရဲ့သဘောအတိုင်းပဲပေါ့"

စကားဆုံးလျှင် ဝေါယာဉ်တံခါးမှာ ချက်ချင်း ပွင့်သွားတော့၏။

ဝေါယာဉ်ထဲမှ ပေ့ကျူး ထွက်လာ၏။

သူမ၏လက်ထဲ၌ ဓားရှည်တစ်လက်ကိုင်ဆောင်ထားသည်။

ပေ့ကျူးက သူနှင့် သုံးလံခန့်အကွာတွင် ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ကျူးက သူ့အား စူးစိုက်ရင်းမှ သက်ပြင်းတစ်ချက်ချကာ

"မင်းကို ကျုပ်က သိုင်းသုံးကွက်တည်း တိုက်ခိုက်မယ်၊ ဒီသုံးကွက်ကို ခုခံကာကွယ်နိုင်မယ်ဆိုရင် ဒီကနေ ထွက်သွားခွင့်ပြုမယ်"

ရှောက်လုံ ဝမ်းသာသွား၏။

"ကောင်းပြီ... တကယ်လို့ မခုခံနိုင်ဘူးဆိုရင် ကျုပ်ကိုယ်ကျုပ်သတ်သေလိုက်မယ်"

ထိုသို့ပြောပြီး တစ်စုံတစ်ခုကို စဉ်းစားမိကာ ဆက်၍ပြောလိုက်သည်။

"နောက်တစ်ချက်က သူ့ကိုတော့ လွှတ်ပေးဖို့ တောင်းဆိုချင်ပါတယ်"

ရှမ်းယွင်က ဝင်ရောက်အော်ပြောသည်။

"ကျွန်မ တစ်ယောက်တည်း ဘယ်ကိုမှ မသွားနိုင်ဘူး"

ပေ့ကျူးက ရှမ်းယွင်အား တစ်ချက်ကြည့်ပြီး ...

"မင်းရဲ့တောင်းဆိုချက်ကို ကျုပ် လိုက်လျောပါတယ်"

ရှောက်လုံက အံတင်းတင်းကြိတ်လိုက်ပြီး ...

"ဒါဆို ကျုပ်တို့ စပြီး ယှဉ်ပြိုင်ကြရအောင်"

"ယှဉ်ပြိုင်မှု မစခင် မင်းကို မေးစရာတစ်ခုရှိတယ်"



"ဘာများလဲ ... မေးပါ"

"မင်းရဲ့ လက်ထဲက ဓားတိုဟာ အရိပ်မဲ့သိုင်းဆရာ ယန်ဖန်းရဲ့ ဓားတိုပဲ၊ သူနဲ့ကော ဘယ်လိုပတ်သက်နေသလဲ"

ရှောက်လုံက သက်ပြင်းတစ်ချက်ချကာ ...

"သူကတော့ ကျုပ်ရဲ့ ဆရာပါပဲ"

"အခု သူ ဘယ်ရောက်နေလဲ"

"သူ့မိတ်ဆွေ တချိုန်ရဲ့ သမီးသုံးယောက်ကို မဟာမိုးမြေဂိုဏ်းက ခွဲထုတ်ဖို့ အကူအညီပေးရအောင် ကျုပ်ကိုလွှတ်လိုက်တာ၊ ဆရာကတော့ သိုင်းလောကထဲကို မြေမချတော့ဘူးလို့ ဆုံးဖြတ်ပြီး မြောင်နယ်ခြားကို အပြီးထွက်သွားခဲ့ပါတယ်"

ပေ့ကျူး ဘာမျှမမေးတော့ပါ။

ပိုင်ကွမ်းဘက်လှည့်ကာ ...

"ကဲ ... ဂိုဏ်းခွဲမှူးကြီးက သက်သေလုပ်ပါ၊ ကျုပ် အခု ရှောက်လုံကို သိုင်းသုံးကွက်တိတိ တိုက်ခိုက်မယ်"

ပိုင်ကွမ်းက အရိုအသေ ပေးလိုက်၏။

ရှောက်လုံမှ အတွင်းအားကို စုစည်းပြီး ခုခံရန် အသင့်ပြင်ထားလိုက်သည်။

ပိုင်ကွမ်းကဲ့သို့ စိတ်ဓာတ်ခိုင်သည့် ပုဂ္ဂိုလ်ပင်လျှင် တစ်ကိုယ်လုံး ချွေးများစိမ့်ထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးအနေဖြင့် ယခုကဲ့သို့ ဆုံးဖြတ်လိမ့်မည်ဟု သူ လုံးဝမမျှော်လင့်ခဲ့ချေ။

ရှမ်းယွင်မှာလည်း ဖြူရော်နေသော မျက်နှာထားဖြင့် အားတင်းကာ နံရံကို မှီ၍ ရပ်နေ၏။

မည်သူက စတင်တိုက်ခိုက်၍ မည်သူက နိုင်မည်ကို မည်သူမျှ မခန့်မှန်းနိုင်ချေ။

ဝတ်စုံဝါ မိန်းကလေးသည်လည်း စိုးရိမ်တကြီးဖြင့် ကြည့်နေ၏။

ထိုစဉ် ...

"ယား ..."

ကျယ်လောင်သော မာန်သွင်းသံ တစ်ချက်က တိတ်ဆိတ်နေသော ဝန်းကျင်ကို ဖြိုခွင်းသွား၏။

ဓားနှစ်လက်မှာ ပြိုင်တူ လှုပ်ရှားသွားသည်။

မည်သူက စတင်တိုက်ခိုက်လိုက်မှန်း မသိအောင်ပင် ဖြစ်သွားသည်။

ဓားနှစ်လက် ထိတွေ့လိုက်သော အသံမှာ မိုးချုန်းသံပမာ နားထဲသို့ စူးဝင်လာ၏။

လူရိပ်နှစ်ခု ရုတ်ခြည်း ပြန်ခွာသွားပြီး မူလနေရာကို ရောက်ရှိကာ ရပ်တန့်သွား၏။



အနိုင်အရှုံးမပေါ်ဘဲ ပထမတစ်ကွက် ပြီးသွားချေပြီ။

တိုက်ပွဲအား ရပ်ကြည့်နေကြသူ အားလုံး၏ နှလုံးသွေးမှာ ခေတ္တရပ်ဆိုင်းသွားသလိုပင် ခံစားလိုက်ရကြသည်။

ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားပြီးနောက် ...

"ဝုန်း ..."

ရပ်ကြည့်နေသော ရှမ်းယွင်မှာ မြေပေါ်သို့ ရုတ်တရက် လဲကျသွား၏။

ထိုအဖြစ်ကြောင့် ရှောက်လုံ၏ စိတ်ထဲ တုန်လှုပ်ချောက်ချားသွား၏။

ထိုစဉ် ...

ပေ့ကျူးက ဒုတိယ သိုင်းကွက်ကိုထုတ်ဖော်အသုံးပြုလာပြန်သည်။

ဤတစ်ကြိမ် တိုက်ခိုက်လာသည့် အရှိန်မှာ အလွန်ပြင်းထန်လှသည်။

ရှောက်လုံမှာ ရှမ်းယွင် လဲကျသွားမှုကြောင့် အာရုံပျံ့နေပြီး ရုတ်တရက် ဝင်လာသော ဂိုဏ်းချုပ်အား ကြိုးစားကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

"ဝုန်း ..."

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော အသံတစ်ချက် ရုတ်တရက် ထွက်ပေါ်လာပြီး လူချင်း ကွဲသွားပြန်၏။

ဤတစ်ကြိမ်တွင်တော့ ရှောက်လုံ၏ ဝမ်းဗိုက်နှင့် ရင်ဘတ်မှာ ထူးခြားနေသလို ခံစားလိုက်ရသဖြင့် ငုံ့ကြည့်မိလိုက်၏။

အပြင်မှ ဝတ်ထားသော အင်္ကျီတစ်ထွာခန့် စုတ်ပြဲသွား၏။

အတွင်းမှ သံမဏိကိုယ်ကျပ်အင်္ကျီ ဝတ်ထား၍သာ တော်ပေသေးသည်။

သို့မဟုတ်ပါက သူ၏ရင်တစ်ခုလုံး ကြေမွသွားနိုင်သည်။

ဒုတိယအကြိမ်တွင် မည်သူနိုင်သနည်း။

ရှောက်လုံမှာ ရှမ်းယွင် လဲကျသွားသည်ကို တွေ့လိုက်ရသည်နှင့် ဒေါသ အကြီးအကျယ်ထွက်လာကာ တတိယအကြိမ်တွင် ဂိုဏ်းချုပ်ကြီးအား သူကပင် စတင်၍ တိုက်ခိုက်လိုက်တော့သည်။

ထူးဆန်းနေသည်က ဂိုဏ်းချုပ်ကြီးမှာ သူ၏တိုက်ချက် ပြန်လည် ခုခံမတိုက်ခိုက်ဘဲ နောက်သို့ ရှောင်ထွက်သွားခြင်းပင် ဖြစ်သည်။

ရှောက်ဖုံး၏ဓားမှာ လေကိုသာ ခွင်းမိသွားတော့၏။

ထိုစဉ် ...

ပိုင်ကွမ်းက ကျယ်လောင်သော အသံဖြင့် ...



"သုံးကွက်ပြည့်ပြီ ... ရပ်တော့ ..."

ရှောက်လုံး၏ တစ်ကိုယ်လုံးရှိ သွေးကြောများ ရပ်ဆိုင်းသွားတော့ကာ ကျောက်ရုပ်ပမာ ဓားကို ကိုင်လျက် တောင့်တောင့်ကြီး ရပ်နေ၏။

ဤပွဲတွင် မိမိရှုံးသွားပြီလော၊ သူ့ကိုယ်သူ ဝေခွဲမရဖြစ်နေသည်။

အကယ်၍ ဤပွဲတွင် သူရှုံးခဲ့ပါလျှင် သူ့ကတိအတိုင်း အသက်ပေးရမည် ဖြစ်သည်။

ဤသို့ဆိုလျှင်မူ ...

ရှောက်လုံမှာ မျက်နှာအကြီးအကျယ် ပျက်လျက် ရှမ်းယွင်မှာ မြေကြီးပေါ်တွင် လဲကျလျက် ညည်းတွားနေသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသော ရှောက်လုံမှာ အရှင်လတ်လတ် ဝိညာဉ် အနှုတ်ခံလိုက်ရသူပမာဖြင့် ခံစားလိုက်ရ၏။

မိဘနှစ်ပါး၏ ရန်ကြွေးကို ဆပ်ဖို့ အခွင့်အရေးမရတော့ဘဲ ဤနေရာတွင်ပင် နိဂုံးချုပ်ရတော့မည်ဟု တွေးရင်း ရှောက်လုံ ဝမ်းနည်းကြေကွဲလာ၏။

အတန်ကြာမှ ရှမ်းယွင်အား ကြည့်ကာ အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းယွင် မင်း ဆက်ပြီး အသက်ရှင်သွားရမယ်"

ထိုသို့ပြောပြီးသည်နှင့် စိတ်ကို ဆုံးဖြတ်လိုက်ကာ နောက်သို့ ချက်ချင်း လှည့်လျက် ဓားကို မြှောက်၍ သူ၏လည်မျိုဆီသို့ ချိန်ရွယ်လိုက်၏။

ထိုစဉ် ...

ဂိုဏ်းချုပ်ကြီးက လက်တစ်ဖက် ဝှေ့ယမ်းရင်း ..

"ဒီပွဲမှာ မင်းမရှုံးဘူး"

ရှောက်လုံမှာ ရုတ်တရက် ကြောင်သွားပြီး ဂိုဏ်းချုပ်ကြီးအား ကြည့်လိုက်ရာ ဂိုဏ်းချုပ်ကြီး၏ လက်တစ်ဖက်တွင် စီးကျနေသော သွေးကြောင်းတစ်ကြောင်းကို တွေ့လိုက်ရ၏။

ရှောက်လုံမှာ မြှောက်ထားသော လက်ကို ပြန်ချလိုက်၏။

သူ၏ရင်ထဲတွင်လည်း တလှပ်လှပ်ဖြစ်လာ၏။

"ငါမရှုံးဘူး"

သူက တီးတိုးရေရွတ်လိုက်၏။

တဖြည်းဖြည်း သူ၏ မျက်နှာတစ်ခုလုံး ဝမ်းသာလွန်း၍ ဖြစ်ပေါ်လာသော ခံစားချက်များ ပေါ်လွင်လာ၏။

သူက ဂိုဏ်းချုပ်ကြီးအား ကြည့်လိုက်၏။

ထိုအခါ ...



ပေ့ကျူးသည် သူ၏ခြေထောက်အနီးသို့ ကြည့်ရင်း မျက်နှာမသာမယာ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ရှောက်လုံက သူ၏ခြေထောက်အောက်သို့ ငုံ့ကြည့်လိုက်၏။

"ဟင် ..."

ရုတ်တရက် သူကရေရွတ်မိလိုက်၏။

သူ၏ခြေထောက်အနီးတွင် ကျနေသည်က ဝိညာဉ်အလံ၏ အမြတ်နိုးဆုံးဖြစ်သည့် ကျောက်စိမ်းလည်ဆွဲလေးတစ်ခုပင် မဟုတ်ပါလား။

ရှောက်လုံမှာ ဤကျောက်စိမ်းလည်ဆွဲလေးအား တွေ့လိုက်သည်နှင့် သဘောပေါက်သွားလေသည်။

တတိယအကွက်တွင် သူ၏တိုက်ကွက်အား ဂိုဏ်းချုပ်ကြီး မခုခံလိုက်ခြင်းမှာ ဤလည်ဆွဲအား မြင်တွေ့သွားသောကြောင့်ဖြစ်၏။

ဤလည်ဆွဲမှာ သူ၏အင်္ကျီရင်ဘတ် ပြဲသွားစဉ်က အောက်သို့ ထွက်ကျသွားခြင်းဖြစ်သည်။

သူ၏ကိုယ်ပေါ်တွင် အမြဲတမ်း ထည့်ထားသော အရာလေးဖြစ်သည်။

ပေ့ကျူးက ခေါင်းမော့လိုက်ပြီး တည်ငြိမ်သော အသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျုပ်သာ ဒုတိယအကွက်အပြီးမှာ ဆက်ပြီး တိုက်ရင် မင်းဟာ မြေပေါ်မှာ လဲနေတာကြာပြီ"

ဤစကားမှာ မှန်ကန်နေသောကြောင့် ရှောက်လုံ ငြိမ်၍နေလိုက်သည်။

အတန်ကြာမှ သူက ပေ့ကျူးအားကြည့်ကာ ...

"ဒါဆို အခုဘာယ်လိုဆုံးဖြတ်မလဲ"

ပေ့ကျူးက ...

"လက်ရည်တူတယ်လို့ပဲ သဘောထားကြတာပေါ့"

"တကယ်လို့ ရှမ်းယွင်သာ မြေပေါ်လဲမကျသွားခဲ့ရင် လဲကျရမယ့်သူက ခင်ဗျားပဲ"

ရှောက်လုံက စိတ်ထဲမှ ကျိတ်၍ ရေရွတ်လိုက်၏။

ပေ့ကျူးမှာ စိတ်ကောင်းအနည်းငယ် ရှိသည်ဟု ဆိုနိုင်၏။

စောစောက သူ့အား မဟန့်တားပါက ယခု အချိန်တွင် သူသည် သူ့ကိုယ်သူ သတ်သေပြီးဖြစ်နေမည်ကို တွေးမိလိုက်၏။

မည်သို့ပင်ဆိုစေ ...

ပေ့ကျူးဂုဏ်သိက္ခာစောင့်ထိန်းနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

တစ်ခဏအတွင်းမှာပင် ပေ့ကျူးမှာ စိတ်သဘောထား ထူးခြားသူ တစ်ယောက်ဖြစ်မှန်း ရှောက်လုံနားလည်သွားသည်။



ပေ့ကျူးသည် မဟာမိုးမြေဂိုဏ်းကို ဖျက်သိမ်းပစ်ချင်ယည်။

သို့သော် ...

သူမ၏စိတ်မှာ မပြတ်သားနိုင်ဘဲ ဖြစ်နေ၏။

အခြားတစ်ယောက်ယောက်ဟာ မဟာမိုးမြေဂိုဏ်းအားဖျက်ဆီးလာလျှင်လည်း သူမက ဦးဆောင်၍ ရင်ဆိုင်မည်သာဖြစ်သည်။

ရှောက်လုံက ပေ့ကျူးအား လျစ်လျူရှုထားရန် ဆုံးဖြတ်လိုက်လေတော့သည်။

○ ◎ ○

ရှမ်းယွင်မှာ ဒဏ်ရာပြင်းထန်လွန်းသောကြောင့် မခံနိုင်ဖြစ်ကာ လဲသွားကျခြင်းပေလောဟု တွေးမိကာ ရှောက်လုံက ရှမ်းယွင်အား ဂရုပြုကြည့်မိလိုက်၏။

ထို့နောက် ...

ပေ့ကျူးအားကြည့်ကာ ...

"ကျုပ် ဒီကထွက်သွားနိုင်ပြီလား"

ပေ့ကျူးက ချက်ချင်းပြန်မဖြေသေးဘဲ တစ်ခုခုကို စဉ်းစားနေဟန်ပြုနေ၏။

သူမ၏အပြုအမူများက ရှောက်လုံအတွက် ပဟေဠိသန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ ပေ့ကျူး ငြိမ်သက်နေသည်ကိုကြည့်ပြီး စိတ်ပြောင်းသွားမည်ကို စိုးရိမ်နေ၏။

အတန်ကြာသောအခါ ပေ့ကျူးထံမှ စကားသံ ထွက်လာ၏။

"မင်းအနေနဲ့ အစစအရာရာ သတိရှိစေချင်ပါတယ်"

ရုတ်တရက်မို့ ရှောင်လုံ ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

ပေ့ကျူးအား ပြန်လည်၍ စိုက်ကြည့်လိုက်ပြီး ...

"ဂိုဏ်းချုပ်ကြီးက ဘာကိုဆိုလိုတာလဲ"

ဟု မေးလိုက်သည်။

ဤတွင် ...

ပေ့ကျူးက တည်ကြည်သော မျက်နှာထားဖြင့် ...

"ပထမအချက်က ကျုပ်နဲ့ ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ မေ့ပစ်လိုက်ရမယ်၊ ဖြစ်လာမယ့်အခက်အခဲတွေ အားလုံးကျုပ်ကိုယ်တိုင် ဖြေရှင်းသွားမယ်"

ရှောက်လုံ အံ့အားသင့်သွား၏။

သို့သော် ...

သူက ပြန်မမေးချေ။

ထိုစကားထဲတွင် အဓိပ္ပာယ်ပေါင်းများစွာ ပါဝင်နေသည်။

သူမသည် မဟာမိုးမြေဂိုဏ်းတွင် ဖြစ်ပေါ်နေသော ပြဿနာများအား သူမဘာသာ ဖြေရှင်းသွားမည်ကိုကား ရှောက်လုံ အသိအလင်း နားလည်သွားသည်။



ပေ့ကျူး၏အသံ ထွက်ပေါ်လာပြန်သည်။

"ပြီးတော့ ... ကျုပ်တို့ကြောင်းကို သိုင်းလောကထဲမှာ မပေါက်ကြားစေချင်ဘူး"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ဒီအတွက်တော့ စိတ်ချပါ၊ ကျုပ် ဘယ်သူ့ကိုမှ မပြောပါဘူး"

ပေ့ကျူးက ဆက်ပြောသည်။

"ဒုတိယအချက်တော့ ဒီနေ့ကစပြီး ကျုပ်တို့ဂိုဏ်းနဲ့ ရန်မဖြစ်ရဘူး"

ဤတွင် ...

ရှောက်လုံက စဉ်းစားနေလိုက်ပြီး ပြန်ပြော၏။

"ဒါတော့ ပြောရခက်တယ်"

သူက ပေ့ကျူးအား စေ့စေ့ကြည့်ရင်း ...

"ကျုပ်အနေနဲ့ကတော့ ရန်ပြုဖို့ အကြောင်းမရှိပါဘူး၊ ဒါပေမယ့် သိုင်းလောကတစ်ခုလုံးနဲ့ ပတ်သက်လာရင်တော့ ပြောရခက်တယ်၊ တချို့သော ကိစ္စတွေမှာ အလိုအလျောက် ရန်သူဖြစ်လာနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ကျူးက ရှောက်လုံအား တစ်ချက် ပြန်ကြည့်ကာ မေးလိုက်၏။

"ဘယ်လိုကိစ္စတွေများလဲ"

"ဥပမာ သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးလာမယ့် ကိစ္စမျိုးတွေ၊ နောက်တစ်ချက်က ကိုယ့်ကိုယ် တိုက်ရိုက်ဒုက္ခပေးမယ့် ကိစ္စမျိုးတွေကျတော့ သိုင်းသမားကောင်းတစ်ယောက်အနေနဲ့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

ဤတွင် ...

ပေ့ကျူးက ရှောက်လုံအား စူးစိုက်ကြည့်နေပြီး တည်ကြည်သော အသံဖြင့် ပြောလိုက်သည်။

"အခုအချိန်မှာ မင်းကို ကျုပ်အနေနဲ့ ဆက်လက်ပြီး ထိန်းချုပ်ထားနိုင်တယ်ဆိုတာ သဘောပေါက်ရဲ့လား"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ကျုပ်သိထားပါတယ်"

ဂိုဏ်းချုပ် ပေ့ကျူးက အတန်ကြာအောင် စဉ်းစားနေပြီးမှ ဖြည်းဖြည်းချင်း ပြောသည်။

"ကောင်းပြီ ... ဒုတိယအချက်ကို ထားလိုက်ပါတော့၊ မင်းလည်း ကျုပ်တို့ကို ရန်မရှာနဲ့၊ ကျုပ်တို့ကလည်း မင်းကို ရန်မရှာဘူး"



ရှောက်လုံ ပြုံးလိုက်၏။

"ဒါကောင်းတယ်"

ပေ့ကျူးက ဆက်ပြောပြန်သည်။

"တတိယအချက်ကတော့ မင်းအနေနဲ့ ကျုပ်ပြောသလို မဖြစ်ခဲ့ဘူး၊ ကတိမတည်ဘူးဆိုရင်တော့ ကျုပ်အနေနဲ့ မင်းရဲ့အသက်ကို နုတ်ယူရလိမ့်မယ်"

"သဘောပေါ့ပဲ၊ စတုတ္ထအချက်ကော ရှိပါသေးသလား"

ပေ့ကျူး ခေါင်းညိတ်လိုက်၏။

"ရှိတယ်"

ရှောက်လုံ မျက်မှောင်ကုပ်ရင်း ...

"ဘာများလဲဗျ ..."

ပေ့ကျူးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အသံရှင်ရဲ့ အကြောင်းကို ပြောပြဖို့ပဲ"

ရှောက်လုံ အံ့အားသင့်သွား၏။

ထို့နောက် ...

သူက ခေါင်းခါယမ်းလိုက်ပြီး ...

"ဒါတော့ ကျုပ်ပြောပြနိုင်မယ် မထင်ဘူး"

ပေ့ကျူး မျက်မှောင်ကြုတ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... မပြောပြနိုင်ဘူး ဟုတ်လား"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဘာကြောင့် မပြောနိုင်ရတာလဲ"

ရှောက်လုံက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျုပ်ကိုယ်တိုင်လည်း အခုထိ သူ့ရဲ့အကြောင်းကို ဘာမှ မသိသေးလို့ပဲ၊ တကယ်လို့ သိခဲ့မယ်ဆိုလည်း ပြောပြဖို့ အခွင့်မရှိဘူး၊ ဒါဟာ သိုင်းလောကစည်းကမ်းတစ်ခုပဲ"

ပေ့ကျူး ရယ်မောလိုက်၏။

"မင်းက အတော်မာနကြီးတာပဲ"

ရှောက်လုံ ကပျာကယာ ခေါင်းခါယမ်းလိုက်၏။

"ဒီလိုလည်း မဟုတ်ပါဘူး၊ သူတစ်ပါးရဲ့ကိစ္စတွေ ပြောရတာ ယောကျ်ားမပီသဘူး ထင်လို့ပါ"

ဟု ရှင်းပြလိုက်၏။

ပေ့ကျူး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ကျုပ်ဘာသာ လူလွှတ်ပြီး အသံရှင် အကြောင်း စုံစမ်းခိုင်းရတော့မှာပေါ့"

ထိုသို့ပြောပြီးသည်နှင့် လက်ကိုဝှေ့ယမ်းလိုက်ကာ ဝတ်စုံဝါနှင့် မိန်းကလေးအား လှမ်းပြောလိုက်၏။



"ကဲ ... သူတို့နှစ်ယောက်ကို ခေါ်သွားပြီး အနောက်ဘက် တံခါးကနေ ထွက်သွားခိုင်းလိုက်"

ဝတ်စုံဝါနှင့် မိန်းကလေးမှာ ရှေ့သို့ထွက်လာပြီး ပေ့ကျူးအား တရိုတသေ ပေးလိုက်သည်။

ထို့နောက် ...

ရှောက်လုံထံသို့ လျှောက်လာသည်။

"ကဲ ... ရှောက်လုံ အဆင်သင့်ပြင်ထားပါ"

ရှောက်လုံက ဓားဟိုကို ပြန်သိမ်းလိုက်၏။

ထို့နောက် ...

ရှမ်းယွင်၏အနီးသို့ လျှောက်သွားကာ တိုးတိတ်ညင်သာသော လေသံဖြင့် ...

"ညီမ ... လမ်းလျှောက်နိုင်ရဲ့လား"

ရှမ်းယွင်က တုန်ရင်သော အသံဖြင့် ပြန်ဖြေသည်။

"လျှောက်လို့ ရမယ်မထင်ဘူး"

ရှောက်လုံက စိုးရိမ်တကြီး ဖြစ်သွားပြီး ...

"ဒဏ်ရာ အတော်ပြင်းထန်သလား"

ရှမ်းယွင်က ခေါင်းခါယမ်းလိုက်၏။

"သိပ်လည်း မပြင်းထန်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာကြောင့်လဲ"

"ညီမ နောက်မှပြောပြမယ်"

သူမ၏ အသံ တိုးညင်းနေ၏။

"ကောင်းပြီ ... ညီမကို အစ်ကို ပွေ့ချီသွားမယ်"

ရောက်လုံက ထိုသို့ပြောပြီး ရှမ်းယွင်အား ပွေ့ချီလိုက်သည်။

ထို့နောက် ...

ဝတ်စုံဝါ မိန်းကလေးနောက်သို့ လိုက်ပါလာခဲ့လေတော့သည်။

○ ❂ ○

ဝတ်စုံဝါနှင့် မိန်းကလေးက ရောက်လုံတို့ နှစ်ဦးအား ရှေ့မှ ဦးဆောင်လျက် ခေါ်လာ၏။

လမ်းဆုံး၍ ကွေ့လိုက်သည်နှင့် တံခါးမကြီး နှစ်ချပ်ကို တွေ့လိုက်ရ၏။

ဝတ်စုံဝါနှင့် မိန်းကလေးအား တံခါးစောင့်အား အမိန့်ပေးကာ တံခါးကိုဖွင့်ခိုင်းလိုက်၏။

တံခါးပွင့်သွားသည်နှင့် ဝတ်စုံဝါနှင့် မိန်းကလေးမှာ လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး ...

"ကဲ ... ဒီကနေ ထွက်ပြီး ရှင်တို့ဘာသာ သွားလိုရာ သွားကြပေတော့ ..."



ရောက်လုံက မည်သည့်စကားမျှ ပြန်မပြောမနေတော့ပါ။

တံခါးအပြင်သို့ ထွက်လိုက်၏။

အပြင်ဘက် ရောက်သည်နှင့် လွင်ပြင်ကျယ်တစ်ခုကို တွေ့လိုက်ရ၏။

ရောက်လုံမှာ ရှမ်းယွင်အား ပွေ့ချီလျက် လွင်ပြင်ကျယ်ကြီးအား ဖြတ်ကျော်လာခဲ့လေတော့သည်။

○ ❂ ○

မကြာမီ ...

လွင်ပြင်ကျယ်ကြီး ဆုံးသွားသောအခါ သစ်တောအုပ်တစ်ခုသို့ ရောက်လာ၏။

သစ်တောအုပ်သို့ ရောက်ရှိသောအခါ ရှမ်းယွင်အား မြေပေါ်သို့ အသာချလိုက်၏။

ထို့နောက် ...

မအောင့်အည်းနိုင်တော့ဘဲ မေးလိုက်သည်။

"ကဲ ... ညီမ ဘာကြောင့် ဖြစ်ရတယ်ဆိုတာ ပြောပြပါတော့"

ရှမ်းယွင်က သက်ပြင်းတစ်ချက်ချရင်း ...

"ကျွန်မ အဆိပ်သင့်သွားတယ်"

ဟု ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံ အံ့သြသွားသည်။

"ဟင် ... ဟုတ်လား၊ ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ရှမ်းယွင်က ...

"ဘာလုပ်ရမှာလဲ၊ မြို့ထဲက အဆိပ်ဖြေဆေးဆရာ တစ်ဦးဦး ရှာပြီးကုရမှာပေါ့"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ကောင်းတယ် ... ဒါဆို ညီမကို ဒီအတိုင်း ပွေ့ချီပြီး မြို့ထဲ ရောက်အောင် ဆက်သွားမယ်"

ရှမ်းယွင် မျက်လုံးပြူးသွား၏။

ဘယ်လို ... ကျွန်မကို ပွေ့ချီပြီး နေခင်းကြောင်တောင် မြို့ထဲ ဝင်မယ် ဟုတ်လား၊ ရှင့်တစ်ကိုယ်လုံးမှာ သွေးတွေပေကျံနေတာကို ရော သတိပြုမိရဲ့လား"

ရှောက်လုံ ယခုမှ သတိရလာပြီး သူ့ကိုယ်သူ ပြန်၍ငုံ့ကြည့် လိုက်သည်။

သူ့တစ်ကိုယ်လုံးမှာ မြင်မကောင်းအောင် သွေးများပေကျံနေ ၏။

နေ့ခင်းကြောင်တောင် ရှမ်းယွင်အား ပွေ့ချီလျက် မြို့တွင်း သို့ ဝင်ရမည်မှာ အရေးမကြီးပါချေ။ ဘယ်သူတွေ ဘယ်လောက် ရယ်မောနေပါစေ သူက ဂရုမစိုက်ပါ။



အရေးကြီးသည်က သူ၏တစ်ကိုယ်လုံး မြင်မကောင်းလောက် အောင် သွေးအလိမ်းလိမ်း ပေကျံနေခြင်းပင်ဖြစ်သည်။

ရှောက်လုံမှာ မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

ရှမ်းယွင်အား ကြည့်လိုက်ပြီး ...

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်သည်။

ရှမ်းယွင်က အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဒီလိုလုပ်ပါလား၊ ကျွန်မ တစ်နေရာရာက စောင့်နေမယ်၊ အစ်ကို မြို့ထဲကိုဝင်ပြီး ဆေးဆရာတစ်ယောက်ကို ရှာ၊ အဆိပ်ဖြေ ဆေး တောင်းခဲ့ ဟုတ်ပြီလား"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ..."

ပြောပြီး ရှမ်းယွင်အား ပွေ့ချီလိုက်သည်။

ထို့နောက် ...

သစ်တောအုပ်ကို ဖြတ်ကျော်ခဲ့တော့၏။

○❂○

သစ်တောအုပ်အား အတန်ကြာ ဖြတ်ကျော်လာခဲ့ကြပြီးသော အခါ မြို့တစ်မြို့အား မှုန်ပျပျ လှမ်းမြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မလှမ်းမကမ်းဆီတွင်လည်း တဲအိမ်တစ်လုံးကို တွေ့ကြရသည်။

ရှမ်းယွင်က တဲအိမ်ကလေးကို လှမ်းကြည့်ရင်း ...

"ဒီတဲအိမ်လေးမှာ ညီမကိုထားခဲ့ပါ၊ ဒီနေရာလေးက အလွန်တိတ်ဆိတ်နေလို့ ညီမအတွက် စိတ်ချရပါလိမ့်မယ်"

ဟု ပြောလာသည်။

ရှောက်လုံ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

တဲအိမ်ကလေးအား သေချာစွာ အကဲခတ်ကြည့်ပြီး ...

"လူသူမနေတော့တဲ့ တဲအိမ်အစုတ်ကလေးတစ်ခုပဲ"

ဟု ရေရွတ်လိုက်၏။

"ဒါဆို ပိုကောင်းတာပေါ့"

ရှမ်းယွင်က ဝမ်းသာအားရ ပြောလိုက်လေသည်။

ရှောက်လုံက သူမအား တစ်ချက်ကြည့်ကာ ...

"ဒါပေမယ့် ညီမ တစ်ယောက်တည်း ထားခဲ့ရမှာ အစ်ကို စိတ်မချဘူး"

ရှမ်းယွင် ခေါင်းခါယမ်းလိုက်၏။

"ဒီအတွက် စိတ်မပူပါနဲ့၊ ညီမအနေနဲ့ တော်ရုံအန္တရာယ်လောက်ကို ကောင်းကောင်းကြီး ရင်ဆိုင်နိုင်ပါသေးတယ်"



ရှောက်လုံက စိတ်မချတချဖြင့် ပြန်ပြောလိုက်သည်။

"ကောင်းပြီ ... ညီမကို ဒီမှာပဲထားခဲ့မယ်၊ အစ်ကို အမြန်ဆုံး ပြန်လာခဲ့မယ် ဟုတ်လား"

ရှမ်းယွင် အသာခေါင်းညိတ်ပြလိုက်၏။

သို့ဖြင့် ...

ရှမ်းယွင်အား ပွေ့ချီရင်း ရှောက်လုံမှာ တဲအနီးသို့ တိုးကပ်လာခဲ့သည်။

တဲအိမ်ရှေ့ ရောက်သောအခါ တဲအိမ်အတွင်းသို့ လှမ်းကြည့်လိုက်သည်။

တဲအိမ်မှာ နှစ်ပေါင်းများစွာ လူမနေခဲ့ဟန်ရှိသည်။

ပင့်ကူအိမ်များ အမျှင်အတန်းနေပြီး ခေါင်မိုးများမှာလည်း ပေါက်ပြဲနေ၏။

တံခါးမနှင့် ပြတင်းပေါက်များလည်း မရှိချေ။

တဲအိမ်အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် စိုထိုင်းထိုင်းအနံ့တစ်ခုက နှာခေါင်းဝသို့ ဝင်လာ၏။

ရှောက်လုံမှာ တဲအိမ်တံခါးဝတွင် ရပ်လျက် မည်ကဲ့သို့ ပြုလုပ်ရလျှင် ကောင်းလိမ့်မည်နည်းဟု စဉ်းစားနေမိသည်။

ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယွင်က ကိုယ်ကို လှုပ်ခါ၍ သတိပေးပြီး ...

"ကျွန်မကို ဒီနေရာမှာသာ ခေတ္တထားခဲ့ပါ"

ဟု ပြောလိုက်သည်။

ရှောက်လုံက သက်ပြင်းတစ်ချက်ချရင်း ...

"ဒီနေရာက ..."

သူ၏စကားမဆုံးမီ ရှမ်းယွင်က ကြားဖြတ်ပြောလိုက်လေသည်။

"ဒီနေရာထက် ပိုကောင်းတဲ့နေရာ မရှိနိုင်တော့ဘူး၊ ကျွန်မအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ဒီနေရာမှာသာ ထားခဲ့ပါ"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

ထို့နောက် ...

ရှမ်းယွင်အား မြေပေါ်သို့ ညင်သာစွာ ချပေးလိုက်သည်။

ရှမ်းယွင်မှာ တံခါးဝတိုင်ကို မှီလိုက်ပြီး တဲအိမ်အတွင်းသို့ ပြုံးကြည့်လိုက်၏။

ရှောက်လုံက သူမမျက်နှာအား အကဲခတ်ကြည့်လိုက်ပြီး ...

"မင်း အဆင်ပြေပါ့မလား"

ရှမ်းယွင် ယဲ့ယဲ့ပြုံးကာ ...

"ခဏအနားယူဖို့ပဲ၊ ဒီလောက်မလိုပါဘူး၊ အထဲမှာ သစ်သား



ခုတင်တစ်လုံး တွေ့တယ်၊ ပျက်စီးနေသလားမသိဘူး၊ ရှင်သွားစစ်ဆေးကြည့်ပါဦး၊ တကယ်လို့ သုံးလို့မရတော့ဘူးဆိုရင်လည်း အရေးမကြီးပါဘူး၊ မြေကြီးပေါ်မှာ ခေတ္တလှဲနေလည်း ရပါတယ်"

ဟု ပြောလာသည်။

ဤအခြေအနေ ရောက်မှတော့ မထူးတော့ဟု တွေးကာ ရှောက်လုံက တဲအိမ်အတွင်းသို့ ဝင်ရောက်လိုက်ပြီး တွေ့သော အဝတ်စုတ်တစ်ခုဖြင့် ခုတင်အား စစ်ဆေးကာ လှဲကျင်းလိုက်သည်။

ခုတင်မှာ အတန့်ငယ်ကောင်းပြီး လူတစ်ယောက်ဒဏ်ကို ခံနိုင်သေး၏။

အမှိုက်သရိုက်များရှင်းပြီးသည်နှင့် ရှောက်လုံက ရှမ်းယွင်အား ပွေ့ချီပြီး ခုတင်ပေါ်သို့ အသာချပေးလိုက်၏။

ခုတင်ပေါ် ထိုင်မိသည်နှင့် ရှမ်းယွင်က ...

"ကဲ ... အစ်ကို စိတ်ချလက်ချနဲ့သာ သွားပေတော့ ..."

ဟု ပြောလိုက်သည်။

ရှောက်လုံမှာ ရှမ်းယွင်အား စိတ်မချနိုင်ဘဲ ဖြစ်နေ၏။

သူက သက်ပြင်းတစ်ချက်ချကာ ...

"ညီမ ဖြစ်ပါ့မလား"

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယွင်က ခေါင်းညိတ်လိုက်၏။

"ဖြစ်ပါတယ်"

သူမက ရောက်လုံအား အကဲခတ်ကြည့်ရင်းမှ ဆက်ပြောလိုက်သည်။

"ကဲ ... အခုအချိန်မှာ အဆိပ်ဖြေဆေးက ရဖို့ အရေးအကြီးဆုံးပဲ၊ ကျွန်မကို ထားခဲ့ပါ၊ ကျွန်မကိုယ်ကျွန်မ အတန်သင့်တော့ ကာကွယ်စောင့်ရှောက်နိုင်ပါတယ်"

ရောက်လုံ၏ရင်ထဲတွင် ပြောစရာ စကားများစွာ ရှိနေသော်လည်း အချိန်မှာ ပြောခွင့်မသာဖြစ်နေသဖြင့် သက်ပြင်းရှည်ကစ်ချက်ချလိုက်လေသည်။

ယင်းနောက် ...

ရှမ်းယွင်အား တစ်ချက်ပြုံးပြကာ လှည့်ထွက်လာခဲ့လေတော့သည်။

○ ◎ ○

## အပူမီး

ရောက်လုံမှာ လျင်မြန်သော အဟုန်ဖြင့် ထွက်လာခဲ့သည်။

သူက ထိုသို့ထွက်လာပြီးမှ သူ၏အဝတ်အစားများတွင် သွေးများ ပေကျံနေသည်ကို သတိပြန်ရကာ မည်သို့ပြုလုပ်ရမှန်းမသိအောင် ဖြစ်သွားပြန်သည်။

လဲစရာ အဝတ်လည်း သူ့တွင်မပါချေ။

အဝတ်ဝယ်ရန်မှာလည်း အနီးအနားတွင် ဈေးသည်က မရှိသည့် အခြေအနေမျိုးဖြစ်၏။

ရောက်လုံမှာ ဤအဝတ်လဲရန်ကိစ္စကို မည်သို့ဖြေရှင်းရမည်နည်းဟု တွေးတောရင်း လျှောက်လာစဉ် သူ့ရှေ့ မလှမ်းမကမ်း၌ လူရိပ်တစ်ခုလကို ရုတ်တရက် လှမ်းမြင်လိုက်ရ၏။

လူရိပ်မှာ သူ့ထံသို့ ဦးတည်၍ လျှောက်လာနေခြင်းဖြစ်သည်။

ရောက်လုံက ထိုလူရိပ်အား သေသေချာချာ စူးစိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်နေရင်းမှ သူ၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားပေသည်။

အကြောင်းမှာ ...

ထိုလူသည် သူ၏ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ဖြစ်သော မိုစီတောင်း ဖြစ်နေခြင်းကြောင့်ပင်။

မိုစီတောင်းကလည်း သူ့ကိုမြင်တွေ့သွားပြီး စတင်နှုတ်ဆက်လိုက်၏။

"ဟာ ... ရှောက်လုံ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားနဲ့ ကျုပ် ကွဲသွားတာ တစ်နှစ်လောက်ရှိသွားပြီ၊ ကျုပ် လိုက်ရှာပါသေးတယ်၊ ဟင် ... ဒါက ဘယ်လိုဖြစ်လာတာလဲ"

အနီးသို့ရောက်သည်နှင့် ရှောက်လုံ၏ ကိုယ်မှ စွန်းနေသည့် သွေးများကို မြင်တွေ့သွားပြီး အံ့ဩထိတ်လန့်စွာဖြင့်မေးလိုက်၏။

ရှောက်လုံမှာ အမှန်အတိုင်း ဖွင့်ပြောရန် ဆန္ဒရှိသော်လည်း ပေ့ကျူးအား ကတိပေးထားခဲ့ပြီးဖြစ်၍ အမှန်အတိုင်း ဖွင့်ပြောရန် အခက်တွေ့သွားသည်။

ရှောက်လုံက ဘာမှမဖြစ်သလို တစ်ချက်ပြုံးလိုက်ပြီးလျှင် ...

"ဘာမှမဖြစ်ပါဘူး၊ ရန်သူတွေနဲ့ တိုက်ခိုက်ခဲ့လို့ပါ"

ဟု ဖြေလိုက်၏။



မိုစီတောင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဒါဆို ခင်ဗျားက ဒဏ်ရာရလာတာပေါ့"

ရှောက်လုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘာဒဏ်ရာမှ မရပါဘူး၊ ကျုပ်ကိုယ်ပေါ်မှာ စွန်းပေကျံနေတာက ရန်သူတွေရဲ့ သွေးတွေပါ"

မိုစီတောင်းက မျက်မှောင်ကြုတ်ရင်း ...

"ရန်သူတွေက ဘယ်သူတွေလဲ"

ဟု မေးလိုက်သည်။

ရှောက်လုံက ...

"မဟာမိုးမြေဂိုဏ်းသားတွေပါ"

ဟု ပြောလိုက်၏။

မိုစီတောင်းက ရှောက်လုံအား သေချာစွာ အကဲခတ်ကြည့်လိုက်ပြီး ...

"အခု ခင်ဗျားက ဘယ်သွားမလို့လဲ"

ရှောက်လုံက ပြုံးရင်း ...

"ဒီအဝတ်အစားတွေကို လဲဖို့အတွက် မြို့ထဲသွားပြီး အဝတ်အစား သွားဝယ်မလို့ ပါ"

ဤတွင် ...

www.burmeseclassic.com

www.burmeseclassic.com



မိုးစီတောင်းက သူ၏ပခုံးပေါ်မှအထုပ်ကို ပုတ်ပြလိုက်ပြီး ပြောသည်။

"ဟာ ... အဲဒါဆို ခင်ဗျား သွားဝယ်မနေနဲ့တော့၊ ခင်ဗျား စိတ်သန့်တယ်ဆိုရင် ကျုပ်မှာ အပိုပါလာတဲ့ အဝတ်တွေကို ယူပြီး လဲဝတ်ပါလား"

ဟု ပြောလိုက်သည်။

ထိုစကားကြောင့် ရှောက်လုံ ဝမ်းသာသွားမိလေသည်။

"ဒါဆို သိပ်အဆင်ပြေသွားတာပေါ့"

ပြောပြောဆိုဆို နှစ်ယောက်သား လူသူရှင်းသည့် လမ်းဘေးသို့ ဝင်ရောက်သွားကြပြီး အထုပ်ထဲမှ မိုးစီတောင်း၏ အပြာရောင် ဝတ်စုံကို ထုတ်ယူ၍ လဲဝတ်လိုက်၏။

မိုးစီတောင်းက ရှောက်လုံအားကြည့်ရင်း ...

"ခင်ဗျားက အခုမှ ကြည့်ရတာ ပိုပြီးခန့်ချောလာသလိုပဲ"

နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်ကြတော့သည်။

အတန်ကြာမှ ...

မိုးစီတောင်းက စကားစလာ၏။

"သိုင်းလောကသားတွေက ခင်ဗျားကို အရေးယူ သုတ်သင်တော့မယ် ဆိုတဲ့ သတင်းကို ကြားပြီးပြီလား"



ရှောက်လုံက ...

"သိပြီးပါပြီ၊ ကျုပ်ကို အကောက်ကြံတဲ့သူကို ရှာဖွေဖော်ထုတ်ပြီး အဖြစ်မှန်ကို ရှင်းလင်းမှာပေါ့"

ဟု ပြောလိုက်၏။

မိုးစီတောင်း အံ့အားသင့်သွားသည်။

ရှောက်လုံအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး ...

"ခင်ဗျား အခုထက်ထိ စုံစမ်းလို့မရသေးဘူး ဟုတ်လား၊ အကောက်ကြံတဲ့လူ ဘယ်သူလဲဆိုတာ ကျုပ်တောင်သိနေပြီ"

"ဟောင် ..."

သူ၏စကားကြောင့် ရှောက်လုံ ပါးစပ်ဟောင်းသား ဖြစ်သွားသည်။

"ဘယ်သူလဲ ..."

သူက အလောတကြီး မေးလိုက်၏။

ဤတွင် ...

မိုးစီတောင်းက အသံတိုးတိုးဖြင့် ပြန်ဖြေသည်။

"ခင်ဗျားရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီး အကောက်ကြံတဲ့သူကတော့ သွေးနီယက္ခပါပဲ"

ရှောက်လုံ မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို … သွေးနီယက္ခ ဟုတ်လား"

မိုစီတောင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ရှောက်လုံက …

"သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ဟု ရေရွတ်လိုက်၏။

မိုစီတောင်း ခေါင်းခါယမ်းကာ …

"ဒါတော့ ကျုပ်လည်း မသိဘူး၊ သူ့ကိုမေးမှ သိလိမ့်မယ်"

ရှောက်လုံ အံတင်းတင်းကြိတ်လိုက်ပြီး …

"ကျုပ်နဲ့တွေ့လို့ကတော့ ခြေတွေလက်တွေ ရိုက်ချိုးပစ်မယ်၊ နေပါဦး … မင်းက ဘယ်လိုလုပ် သိတာလဲ"

ဟု မေးလိုက်သည်။

မိုစီတောင်းက သက်ပြင်းတစ်ချက်ချရင်း …

"တိုက်ဆိုင်မှုတစ်ခုအနေနဲ့ ကျုပ်လည်း သိခဲ့ရတာပါ၊ အဖြစ်က ဒီလို … တစ်နေ့ စုကျားမြို့ကို ခရီးနှင်လာရင်း လမ်းခုလတ် တောအုပ်တစ်ခုအရောက် နာကျင်စွာ အော်လိုက်တဲ့အသံတွေကို ကြားလိုက်ရတယ်၊ ဒါနဲ့ ကျွန်တော်လည်း အသံလာရာဆီကို အမြန်ဆုံး ပြေးသွားကြည့်မိတယ်၊ အဲဒီအခါမှာ လူရိုပ်တစ်ခု လှစ်ခနဲ



ပြေးထွက်သွားတာ တွေ့ရပြီး လူသုံးယောက် လဲကျသေဆုံးကျန်ခဲ့တာ တွေ့ရတယ်၊ အဲဒီအနီးက ကျောက်တုံးမှာတော့ ဒီအရိပ်မဲ့ လက်ညှိုး ရှောင်လုံလို့ ရေးထားတဲ့ စာကို တွေ့ရတယ်၊ ကျုပ်လည်း ခင်ဗျားမှတ်ပြီး နောက်ကနေ လိုက်သွားမိတယ်၊ ဒီမှာတင် ခင်ဗျား မဟုတ်ဘဲ သွေးနီယက္ခဖြစ်နေတာ တွေ့ရတယ်၊ သူက ကျုပ်ကို နှုတ်ပိတ်ပစ်ဖို့ ကြိုးစားတယ်၊ ကျုပ်ကလည်း သူ့ကိုမယှဉ်နိုင်မှန်း သိလို့ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့တာပါပဲ"

ရှောက်လုံ အံတင်းတင်းကြိတ်လိုက်၏။

"ဒီလူကို မတွေ့တွေ့အောင် ရှာပြီး စာရင်းရှင်းရမယ်"

သူက ဒေါသတကြီး ပြောလိုက်သည်။

မိုစီတောင်းက ရှောက်လုံ၏ စိတ်လောနေပုံကို ကြည့်ကာ အံ့အားသင့်လျက်မှ …

"ခင်ဗျား ဘာကြောင့် ဒီလောက်တောင် စိတ်လောနေရတာလဲ"

ဟု မေးလိုက်သည်။

ရှောက်လုံမှာ ကိုယ့်အကြောင်းနှင့်ကိုယ် ထုတ်ဖော်ပြောရန် အခက်တွေ့နေ၏။

ထို့ကြောင့် …

www.burmeseclassic.com

www.burmeseclassic.com



စကားကို ဆီလျော်အောင် ပြန်ပြောလိုက်၏။

“ကျုပ်မှာ အရေးတကြီးကိစ္စတစ်ခု လုပ်စရာရှိနေလို့ပါ”

မိုစီတောင်း မျက်မှောင်ကြုတ်သွားကာ …

“ဘယ်လိုကိစ္စမျိုးလဲ၊ ကျုပ်ကူညီလို့ရရင် ကူညီပေးပါ့မယ်” ဟု ပြောလာသည်။

ရှောက်လုံက လက်ကာပြလိုက်၏။

“နေပါစေ … ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုပါ၊ ဒီလောက်လည်း အရေးမကြီးပါဘူး”

မိုစီတောင်း ပြုံးလိုက်၏။

“ကဲ … ဒီလိုဆိုလည်း ကျုပ်တို့ နောက်ထပ်တွေ့ကြသေးတာပေါ့”

ရှောက်လုံ ခေါင်းညိတ်လိုက်သည်။

“ဒီလိုဆို ကျုပ်သွားလိုက်ဦးမယ်”

မိုစီတောင်းက …

“ကောင်းပါပြီ”

နှစ်ဦးသား နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြ၏။

○✿○



ရှောက်လုံက မြို့တွင်းသို့ရောက်ရှိလာလျှင် သမားတော်တစ်ဦးအား အမြန်ဆုံး ရှာဖွေလိုက်သည်။

ကံကောင်းထောက်မစွာပင် ဤမြို့မှ နာမည်ကြီး သမားတော်တစ်ယောက်အား တွေ့ရှိခဲ့သည်။

ထို့နောက် …

သူက သမားတော်ထံမှ အကောင်းဆုံး အဆိပ်ဖြေဆေးကို ဝယ်ယူခဲ့ပြီးနောက် တခြားလိုအပ်မည့် ပန်းကန်ခွက်ယောက်နှင့် စားစရာများကို ဝယ်ယူကာ ရှမ်းယွင်ထံ ပြန်လာခဲ့သည်။

“ညီမ … ကျုပ်ပြန်လာပြီ”

တဲအိမ်နှင့် ခပ်လှမ်းလှမ်းဆီမှ အော်ဟစ်အသံပြုရင်း တဲအိမ်အတွင်းသို့ ရှောက်လုံ ဝမ်းသာအားရ ပြေးဝင်ခဲ့၏။

တဲအိမ်အတွင်းသို့ ရောက်သည်နှင့် ရှမ်းယွင် လှဲလျောင်းကျန်ရစ်ခဲ့သည့် ခုတင်ဆီသို့ လှမ်းကြည့်လိုက်၏။

“ဟင် …”

ရုတ်တရက် …

ရှောက်လုံ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားပြီး ထိတ်လန့်တကြား ဖြစ်သွားသည်။

ခုတင်ပေါ်နှင့် တဲအိမ်အတွင်း မည်သည့်နေရာတွင်မှ ရှမ်းယွင်၏ အရိပ်အယောင်ကို မတွေ့ရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယွင် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

သူမ၏အခြေအနေမှာ အတန်ငယ် စိုးရိမ်စရာ ကောင်းသော ကြောင့် သူမဘာသာ ထွက်သွားနိုင်သည့် အခြေအနေမျိုး လုံးဝမရှိပေ။

သို့ဆိုလျှင် ...

သူမအတွက် အန္တရာယ် တစ်စုံတစ်ရာ ကြေကျရောက် ကြောင်း ထင်ရှားနေ၏။

ရောက်လုံ၏ စိတ်ထဲတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကာ နဖူးပြင်မှ ချွေးစေးများ ပြန်လာသည်။

ရောက်လုံမှာ စိတ်အာရုံကို ပြန်လည်စုစည်းလိုက်ပြီး တဲအိမ် အတွင်း မျက်လုံးဝေ့၍ သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်သည်။

ဤတွင် ...

"ခုတင်ပေါ်တွင် သွေးစက်များကို တွေ့လိုက်ရသည်။

ဆက်လက် ကြည့်ရှုပြန်ရာ ခုတင်အနီးတစ်ဝိုက် ကြမ်းပြင် တွင်လည်း သွေးစက်များကို တွေ့ရပြန်သည်။

ရောက်လုံမှာ စိုးရိမ်ပူပန်လွန်း၍ တစ်ကိုယ်လုံး တုန်တုန်ယင် ယင် ဖြစ်လာကာ လက်ထဲမှ ဆေးပုလင်း ပန်းကန်ခွက်ယောက်နှင့် စားစရာများ လွတ်ကျသွားသည်။



အခြေအနေကို သုံးသပ်ကြည့်ခြင်းအားဖြင့် ရှမ်းယွင်မှာ ဘေး အန္တရာယ် တစ်စုံတစ်ခု ကျရောက်ခဲ့ကြောင်း ထင်ရှားနေ၏။

သူက စဉ်းစားမနေတော့ဘဲ တဲအိမ်အပြင်ဘက်သို့ တစ်ဟုန် ထိုး ပြေးထွက်လာခဲ့တော့၏။

○ ◎ ○

ရောက်လုံ၏ ဦးခေါင်းတစ်ခုလုံး ထူပူနေ၏။

သူက တဲအိမ်နှင့် အနီးတစ်ဝိုက် လိုက်လံရှာဖွေခဲ့သည်။

သို့သော် ...

ရှမ်းယွင်၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ဤနေရာမှာ မဟာမိုးမြေဂိုဏ်း၏ စက်ကွင်းမလွတ်သေးသော နေရာ ဖြစ်၏။

သို့ဆိုလျှင် ...

ရှမ်းယွင်အား မဟာမိုးမြေဂိုဏ်းသားများကပင် ပြန်၍ဖမ်းသွား လေသလော။

ထိုသို့လည်း ဖြစ်နိုင်ပေသည်။

ယောကျ်ား ကတိတည်သည့်တိုင် ကျန်လူများက သူ့အားကျေနပ် ကြမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထင်ကျန်ရစ်ခဲ့သော သွေးစက်များကိုကြည့်ခြင်းအားဖြင့် လူတစ်ယောက်ကို သတ်ပြီး အလောင်းကို ဆွဲထုတ်သွားသည့် ပုံစံမျိုးဖြစ်၏။

ရောက်လုံမှာ ထိုသို့တွေးမိလိုက်ပြီး တစ်ကိုယ်လုံး ပျော့ခွေလဲကျမတတ် ခံစားလိုက်ရ၏။

သို့သော် ...

သူက ချက်ချင်းပင် စိတ်အားပြန်တင်းလိုက်၏။

"အချိန်က ဘာမှကြာသေးတာ မဟုတ်ဘူး၊ မဟာမိုးမြေဂိုဏ်းလက်ချက်ဆိုရင် လိုက်လို့မီသေးတယ်"

ရောက်လုံက ထိုသို့တွေးမိလိုက်ပြီးနောက် မဟာမိုးမြေဂိုဏ်းတည်ရှိရာသို့ ဦးတည်၍ ပြေးထွက်လာခဲ့တော့သည်။

○●○

# သူ့စည်း ကိုယ့်စည်း

ရောက်လုံမှာ မဟာမိုးမြေဂိုဏ်း ဌာနချုပ်ဆီသို့ ပြေးလာရင်းမှ ကံကောင်းပါစေဟု ဆုတောင်းလိုက်၏။

အကယ်၍ ...

ရှမ်ယွင်အား မဟာ မိုးမြေဂိုဏ်းမှ ဖမ်းဆီးသွားခြင်းမဟုတ်လျှင် ရောက်လုံးမှာ မည်သို့နေရာသို့ လိုက်ရှာရမည်မှန်း မသိတော့ချေ။

ရောက်လုံက တစ်ဟုန်ထိုး ပြေးလွှားလာနေရင်းမှ မျက်ဝန်းထဲ၌ ရှမ်းယွင်၏ ခန္ဓာကိုယ်မှထွက်နေသော သွေးသံရဲရဲတို့ကို မြင်ယောင်လာမိ၏။

ထိုသို့ မြင်ယောင်လာမိသည်နှင့် သူ၏ ဒေါသစိတ်တို့သည်လည်း အကြီးအကျယ် ထွက်လာတော့သည်။

အကယ်၍ ရှမ်းယွင်အား လုပ်ကြံသွားသူကိုသာ မိခဲ့လျှင် သူက တစ်စစီဖြစ်အောင် ဆွဲဆုတ်မည်ဟု ကြုံးဝါးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခရီးနှင်လာစဉ် သူ၏ရှေ့တူရူမှ မြင်းတစ်စီးမှာ နှေးကွေးစွာဖြင့် မောင်းနှင်လာနေသည်ကို တွေ့လိုက်ရ၏။

ရှောက်လုံက မြင်းပေါ်မှလူအား လျင်မြန်စွာ လှမ်းကြည့်လိုက်၏။

ဤတွင် ...

မြင်းပေါ်မှ လူမှာ မဟာမိုးမြေဂိုဏ်းခွဲမှူး ပိုင်ကွမ်းဖြစ်နေကြောင်း တွေ့လိုက်ရ၏။

ဂိုဏ်းသား ဆယ်ဦးခန့်မှာလည်း မြင်းကိုယ်စီဖြင့် သူ၏ မလှမ်းမကမ်းဆီမှ ဆက်တိုက်ထွက်ပေါ်လာသည်။

ရှောက်လုံ၏ မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားသည်။

သူက ကျယ်လောင်သော အသံဖြင့် အော်ဟစ်ဟန့်တားလိုက်သည်။

"ဟေ့ ... ရပ်လိုက်"

ပိုင်ကွမ်းမှာ ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရှောက်လုံအား တွေ့ရှိသတိပြုမိလိုက်မှ ...

"သြော် ... လက်စသတ်တော့ မင်းကိုး"

ဟု တအံ့တသြ ရေရွတ်လိုက်သည်။



တစ်ဖန် ...

ရှောက်လုံအား အကဲခတ်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

ရှောက်လုံက ကျယ်လောင်စွာ ပြန်အော်လိုက်၏။

"ကျုပ် လူသတ်မလို့"

ပိုင်ကွမ်း အံ့သြသွားကာ ...

"ဘယ်လို ... လူသတ်မလို့ ဟုတ်လား"

ရှောက်လုံက လေသံမာမာဖြင့် ...

"ဟုတ်တယ်"

"ဘာကြောင့်လဲ"

ရှောက်လုံက ပိုင်ကွမ်းအား စိုက်ကြည့်လိုက်ပြီး ...

"ရှမ်းယွင်ကို ခင်ဗျားတို့ ပြန်ခေါ်သွားတဲ့အတွက်ကြောင့်ပဲ"

ပိုင်ကွမ်း အံ့အားသင့်သွားပြီး ...

"ဘယ်လို ... ရှမ်းယွင်ကို ကျုပ်တို့က ပြန်ခေါ်သွားတယ် ဟုတ်လား၊ မင်းစကား စဉ်းစားပြီးမှ ပြောရင်ကောင်းမယ်"

ရှောက်လုံက ဒေါသတကြီး ပြန်အော်ပြောလိုက်လေသည်။

"ဘာမှ စဉ်းစားစရာမလိုဘူး၊ ဒီတစ်ဝိုက်မှာ ခင်ဗျားတို့ပဲ ရှိတာ၊ ခင်ဗျားတို့ မခေါ်လို့ ဘယ်သူကခေါ်သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်း၏ မျက်နှာ တည်ကြည်လေးနက်သွားသည်။

သူက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် ...

ရှောက်လုံအား လှမ်းပြောလိုက်သည်။

"ဒီလိုဖြစ်နေသလား၊ နေစမ်းပါဦး၊ မင်းတို့နှစ်ယောက် အတူတူ ထွက်သွားကြတာ မဟုတ်လား"

ရှောက်လုံက အံကြိတ်လိုက်ပြီး ...

"ဟုတ်တယ်၊ ဒါပေမယ့် သူ့မှာ အဆိပ်သင့်နေတာနဲ့ အပြင်မှာ ခဏထားခဲ့ပြီး ကျုပ် ဆေးသွားရှာနေတုန်း ပြန်ရောက်လာတော့ သူ့ကိုမတွေ့တော့ဘူး"

ပိုင်လုံ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ထို့နောက် ...

အနောက်ဘက်ရှိ သိုင်းသမားများဘက်လှည့်ကာ ...

"ကဲ ... မင်းတို့ လူစုခွဲပြီး ရှာကြစမ်း၊ ငါတို့နယ်မြေအတွင်းမှာ ဘယ်သူတွေ လာရောက်ကျူးကျော် ရမ်းကားနေသလဲဆိုတာ မရရအောင် စုံစမ်းကြ"

ဟု အမိန့်ပေးလိုက်၏။

သိုင်းသမားများအားလုံး အမိန့်သံဆုံးလျှင် လူစုခွဲကာ ပြေးထွက်သွားတော့၏။



ရှောက်လုံး ငေးငိုင်သွားသည်။

ဤအတိုင်းသာဆိုလျှင် ရှမ်းယွင်မှာ မဟာမိုးမြေဂိုဏ်း၏ လက်ထဲတွင် မရှိနိုင်ချေ။

သို့သော် ...

စဉ်းစားရန်ရှိသည်က ပိုင်ကွမ်းမှာ ဟန်ဆောင်ကာ တစ်ပတ်ရိုက် လှည့်ကွက်ဆင်နေခြင်းပင်လော။

ရှောက်လုံ၏စိတ်ထဲတွင် အမျိုးမျိုး စဉ်းစားနေစဉ် ပိုင်ကွမ်းက ပြောလာသည်။

"ကျုပ်တို့ ဂိုဏ်းချုပ်ကြီးက မိန်းကလေးကို မင်းနဲ့တစ်ပါတည်း ခေါ်သွားခွင့်ပြုထားပြီးပြီပဲ၊ နောက်ထပ် လူလွှတ်ပြီး ဖမ်းနိုင်စရာအကြောင်းမရှိတော့ဘူး၊ ကျုပ်လည်း အခုမှ ဌာနချုပ်က ထွက်လာခဲ့တာပဲ၊ ဘာသတင်းမှမကြားခဲ့ပါဘူး၊ ပြီးတော့ မင်းတို့ထွက်သွားပြီးတာနဲ့ ဂိုဏ်းချုပ်ကြီးက အမိန့်တစ်ခုထုတ်ပြန်ခဲ့တယ်၊ အဲဒီအမိန့်ကတော့ သူ့အမိန့်မရဘဲနဲ့ မင်းတို့ကို မတိုက်ခိုက်ရဘူး ဆိုတဲ့ အမိန့်ပဲ"

ရှောက်လုံ တွေဝေသွားသည်။

အတန်ကြာမှ ...

သူက သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဂိုဏ်းရဲ့ လက်ချက်မဟုတ်ဘူးဆိုတာ ခင်ဗျားရဲ့ အာမခံဝံ့လား"

"ကျုပ် အာမခံဝံ့တယ်"

ပိုင်ကွမ်းက ရဲရင့်ပြတ်သားစွာပြော၏။

ပိုင်ကွမ်း၏ စကားကြောင့် ရှောက်လုံ စဉ်းစားရခက်သွားသည်။

ရှောက်လုံက တွေဝေစဉ်းစားနေစဉ် ပိုင်ကွမ်း၏စကားသံ ထွက်ပေါ်လာသည်။

"ကျုပ် မရှင်းတာတစ်ခုလောက် မေးချင်တယ်"

ရှောက်လုံက သူ့အား ပြန်ကြည့်လိုက်ပြီး ...

"ဘာကိစ္စလဲ"

ပိုင်ကွမ်းက ရှောက်လုံအား တစ်ချက်ကြည့်ကာ မေးလိုက်သည်။

"မင်းရဲ့ အတွင်းအားတွေ ဘယ်လိုပြန်ကောင်းလာသလဲဆိုတာကိုပဲ သိချင်တာပါ"

ရှောက်လုံ ထိတ်ခနဲဖြစ်သွားသည်။

သူက သက်ပြင်းတစ်ချက် မသိမသာချရင်း ...

"ခင်ဗျားသိချင်တယ်ဆိုရင် ကျုပ်မေးတာကို အရင်ဖြေပါ"



ပိုင်ကွမ်း မျက်မှောင်ကြုတ်သွား၏။

"ဘာမေးမှာလဲ"

ရှောက်လုံက တစ်ချက်စဉ်းစားဟန် ပြုလိုက်ပြီး ...

"ခင်ဗျားတို့ ကျုပ်ကို နတ်သမီးအဆိပ် အသုံးပြုခဲ့တယ်မဟုတ်လား"

ပိုင်ကွမ်း မငြင်းပါ။

"ဟုတ်တယ်"

ဟု အဖြေပေးလိုက်၏။

ရှောက်လုံက ...

"နတ်သမီးအဆိပ်ဟာ မျက်နှာမဲ့ သမားတော်ရဲ့ မူပိုင်အဆိပ်ပဲ၊ တာဝမ်းက ဒီနည်းကို ဘယ်လိုသိခဲ့တာလဲ"

ပိုင်ကွမ်းက တစ်ချက်ပြုံးလိုက်သည်။

"ဒါလား ... တာဝမ်းက မရဏသမားတော်လို့ ကျော်ကြားနေတဲ့ သမားတော်လေး တစ်ယောက်ပဲလေ၊ ဒီလောက်တော့ သိမှာပေါ့"

ရှောက်လုံ အံ့အားသင့်သွားသည်။

ထို့ကြောင့် ...

ပိုင်ကွမ်းအား ချက်ချင်း ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူဟာ မျက်နှာမဲ့သမားတော်နဲ့ အဆက်အသွယ် ရှိနေရမှာပေါ့"

ပိုင်ကွမ်းက ...

"ဒါတော့ ကျုပ်မပြောတတ်ဘူး"

ရှောက်လုံက မျက်နှာမဲ့သမားတော်၏အကြောင်းကို ရုတ်တရက် လျှင်မြန်စွာ စဉ်းစားလိုက်၏။

"အင်း ... မျက်နှာမဲ့သမားတော်မှာ တပည့်သားမြေး ရှိတယ်လို့ တစ်ခါမှလည်း မကြားဖူးပါလား"

ရှောက်လုံက စဉ်းစားနေရင်းမှ ရုတ်တရက် ကောက်မေးလိုက်သည်။

"တာဝမ်းဟာ မျက်နှာမဲ့သမားတော်ရဲ့ တပည့်လား"

ပိုင်ကွမ်းက အေးစက်စက် အမူအရာဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်ပြောပြီးပြီပဲ၊ ကျုပ် ဘာမှမသိပါဘူးလို့၊ ကဲ ... ကျုပ်မေးတာကိုသာ ဖြေပါတော့"

ရှောက်လုံက တစ်ချက်ပြုံးလိုက်ပြီး ...

"ကျုပ်မေးတာကို ခင်ဗျား မဖြေဘူးဆိုရင် ခင်ဗျားမေးတာကိုလည်း ကျုပ် မဖြေနိုင်ဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။



ပိုင်ကွမ်း၏ မျက်နှာမှာ ရုတ်ခြည်း ခက်ထန်မာကျောသည့် အသွင်သို့ ပြောင်းသွား၏။

ပြီးနောက် ...

အေးစက်တင်းမာသော လေသံဖြင့် ...

"ဒါဆို မင်း မြန်မြန်သွားရင် ကောင်းမယ်"

ရှောက်လုံက ပြုံးရင်း ...

"တကယ်လို့ ရှမ်းယွင်ကို အစဖျောက်တာ ခင်ဗျားတို့ဂိုဏ်းလက်ချက်လို့ ကျုပ် နံစမ်းသိရှိခဲ့ရင် ခင်ဗျားတို့ တစ်ဂိုဏ်းလုံးကို မီးရှို့ဖျက်ဆီးပစ်မယ်"

ရှောက်လုံ၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်တော့မည့်အသွင် ဆောင်သွား၏။

ပိုင်ကွမ်းက ...

"ဂိုဏ်းချုပ်ကြီးက မင်းနဲ့ ရှမ်းယွင်ကို ဘာကြောင့် လွှတ်ပေးခဲ့သလဲဆိုတာကို မင်းသိရဲ့လား"

ရှောက်လုံ ရုတ်တရက် ကြောင်သွားကာ ...

"ဘယ်လိုကြောင့်လဲ ပြောပါလား"

ဟု မေးလိုက်သည်။

ပိုင်ကွမ်းက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ မာနကြီးတဲ့စိတ်ကြောင့်ပဲ၊ ပြီးတော့ မင်းကိုယ်ပေါ်က ထွက်ကျလာတဲ့ ကျောက်စိမ်းလည်ဆွဲကြောင့်ပေါ့"

ဤစကား မှန်နိုင်သည်ဟု ရှောက်လုံ စဉ်းစားလိုက်မိသည်။

ထို့နောက် ...

ဤလူကြီးနှင့် ဆက်ပြီး စကားပြောနေခြင်းသည် ရှမ်းယွင် ရှာဖို့အတွက် အကျိုးထူးလာလိမ့်မည်မဟုတ်ကြောင်း စဉ်းစားမိကာ နောက်ဆုံး ပိုင်ကွမ်းအား နှုတ်ဆက်၍ ထိုနေရာမှ ထွက်လာခဲ့လေတော့၏။

○ ◎ ○

ရှောက်လုံမှာ ရှမ်းယွင်အား ထားရစ်ခဲ့သော တဲအိမ်လေးဆီ ပြန်ရောက်လာခဲ့၏။

တဲအိမ်လေးအတွင်းသို့ အသက်မပါသလို လျှောက်ဝင်လာခဲ့သည်။

တဲအိမ်အတွင်းသို့ ရောက်သောခါ အရာအားလုံးကို အဓိပ္ပာယ် မဲ့စွာ ကြည့်နေမိ၏။

ဤတွင် ...

ရှမ်းယွင် လဲလျောင်းသွားသော ခုတင်အောက်မှ သွေးစွန်း



နေသော ပစ္စည်းတစ်ခုကို တွေ့လိုက်ရသဖြင့် အနီးသို့လျှောက်သွားကာ ခြေထောက်ဖြင့် ကော်ယူကြည့်လိုက်၏။

မိန်းကလေးတစ်ယောက်၏ ကိုယ်ကျပ်အင်္ကျီတစ်ထည် ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

အင်္ကျီမှာ သွေးများ အကွက်လိုက် စွန်းထင်နေပေသည်။

ရှောက်လုံမှာ အင်္ကျီအား ကြည့်ရင်း စိတ်ထဲ၌ ပြင်းထန်စွာ ခံစားလိုက်ရ၏။

ထို့နောက် ...

အရူးတစ်ယောက်ပမာ အိမ်အပြင်သို့ ပြေးထွက်ခဲ့ပြီး ...

"ရှမ်းယွင် ... မင်းကိုငါ မတွေ့တွေ့အောင် ရှာမယ်"

နှုတ်မှလည်း ရေရွတ်ကြုံးဝါးကာ ရှမ်းယွင် သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ မတွေ့တွေ့အောင် ရှာရန် ဆုံးဖြတ်လိုက်ပြီး ခြေဦးတည့်ရာသို့ ပြေးထွက်ခဲ့လေတော့သည်။

○ ◎ ○

www.burmeseclassic.com

www.burmeseclassic.com

# ရှင်းတမ်း

စန်းယန်းမြို့ ...

"ရွှေငါးစားသောက်ဆိုင် ..."

ရှောက်လုံမှာ စန်းယန်းမြို့သို့ ရောက်ရှိလာပြီး ရွှေငွေစားသောက်ဆိုင်တွင် တည်းခိုအနားယူနေ၏။

ဤစားသောက်ဆိုင်သို့ ရောက်ရှိနေခြင်းမှာ အသံရှင်နှင့် တွေ့ရန် ချိန်းဆိုထားသောကြောင့်ပင် ဖြစ်၏။

ကုန်လွန်ခဲ့သော ဆယ်ရက်ကျော်ကာလတွင် ရှောင်လုံမှာ ဆိပ်ကမ်းနှင့် မြို့ပေါင်းများစွာကို ဖြတ်ကျော်ခဲ့၏။

ရှမ်းယွင်အား လိုက်ကံရှာဖွေခြင်းဖြစ်သည်။

သို့သော် ...

ရှမ်းယွင်၏သတင်းကို အစအနပင် မရချေ။

ရှောက်လုံး၏ အဖြစ်မှာ ပင်လယ်အတွင်း ကျသွားသော အပ်တစ်ချောင်းအား လိုက်လံရှာဖွေနေခြင်းနှင့်ပင် တူနေသေးတော့၏။



ညသည် တဖြည်းဖြည်း နက်သည်ထက် နက်လာ၏။

ရှောက်လုံမှာ ပြတင်းပေါက်အနီးတွင် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ကာ အရက်ကို ဖိသောက်နေ၏။

ထိုစဉ် ...

သူ့နားထဲသို့ အသံတစ်သံက တိုးဝင်လာသည်။

"ရှောက်လုံ မင်း ဒီမှာကြိုရောက်နေတယ်စုံစမ်းမိလို့ ငါလာခဲ့တာပဲ၊ မင်းကိုကြည့်ရတာ စိတ်မချမ်းသာသလိုပဲ"

ထိုအသံကိုကြားလိုက်ရသည်နှင့် အသံရှင်မှန်း ရှောက်လုံ သိလိုက်၏။

သူက နောက်သို့လှည့်ကြည့်လိုက်ပြီး ...

"ဆရာကြီး ရောက်လာတာကိုး"

ဟု ရေရွတ်လိုက်၏။

အသံရှင်မှာ သူ၏ခုတင်ဘေးတွင် ထိုင်ချလိုက်ပြီး လက်တစ်ဖက် ဆန့်ထုတ်ကာ မီးအိမ်မှ မီးစာကို ငြိမ်းသတ်လိုက်သည်။

"မောင်ရင့်ကြည့်ရတာ တစ်စုံတစ်ခုကို စိတ်မရှည်နိုင်ဘူးနဲ့တူတယ် ဟုတ်လား"

ရှောက်လုံက သက်ပြင်းတစ်ချက်ချကာ ...

"သူပျောက်သွားတယ်၊ သေသလား ရှင်သလားဆိုတာတောင် မသိရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်မှာ ထိုစကားကြောင့် ရုတ်တရက် နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ဘယ်သူလဲ"

ဟုလည်း မေးလိုက်သည်။

ရှောက်လုံက ...

"ရှမ်းယွင်လေ"

"ဘယ်လိုဖြစ်ကြတာလဲ"

ဤတွင် ...

ရှောက်လုံက အသံရှင်အား ရှမ်းယွင်ပျောက်ဆုံးသွားသည့် အဖြစ်အပျက် အလုံးစုံကို ပြောပြလိုက်၏။

ရှောက်လုံ၏ စကားဆုံးသွားသောအခါ အသံရှင်မှာ သက်ပြင်းရှည်တစ်ချက် ချမိလိုက်သည်။

"အင်း ... လက်စသတ်တော့ မောင်ရှင့်မှာလည်း ပြဿနာ အကြီးအကျယ် ဖြစ်နေတာကိုး၊ ဒီအတွက် ပူမနေပါနဲ့၊ ကျုပ် တွေ့အောင် ကူရှာပေးပါ့မယ်"

အသံရှင်က စကားကို ခေတ္တနားလိုက်ပြီး ဆက်ပြောသည်။

"မောင်ရှင်က မဟာမိုးမြေဂိုဏ်းချုပ်နဲ့ ပညာချင်း ယှဉ်ခဲ့တယ်ဆိုတော့ အဲဒီဂိုဏ်းချုပ်ဟာ ဘယ်သူဖြစ်နေသလဲ"



ရှောက်လုံ အကျပ်ရိုက်သွား၏။

သူပေးထားခဲ့မိသည့် ကတိကြောင့် ပြောပြ၍ မဖြစ်ချေ။

သို့သော် ...

သူ့အနေဖြင့် အသံရှင်ကိုလည်း မလိမ်ညာချင်။

ထို့ကြောင့် ...

ပွင့်ပွင့်လင်းလင်း ပြောပြလိုက်၏။

"ဒါကို ကျွန်တော် ပြောမပြနိုင်တဲ့အတွက် ဆရာကြီး ခွင့်လွှတ်ပါ၊ သူတို့ဂိုဏ်းရဲ့ လျှို့ဝှက်အတွင်းရေးကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးခဲ့ရလို့ပါ"

အသံရှင် ခေါင်းညိတ်လိုက်၏။

"ဪ ... ဒီလိုလား၊ ဒါဆိုလည်း နေပါစေတော့"

ဤတွင် ရှောက်လုံက ဆက်ပြောသည်။

"မဟာမိုးမြေဂိုဏ်းဟာ တုကုယင်း သေဆုံးရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စုံစမ်းနေတယ်၊ ဆရာကြီးက ဘာကြောင့် တုကုယင်းကို သတ်ပစ်လိုက်ရတာလဲ၊ ဒီအကြောင်းကို ကျွန်တော် သိခွင့်ရှိမလား"

အသံရှင်က ရှောက်လုံအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ပြန်မေးလိုက်၏။

"ငါ့လက်ချက်လို့ သူတို့ သိနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"တိတိကျကျတော့ သူတို့ မသိပါဘူး၊ ဒါပေမယ့် သံသယတော့ ဖြစ်နေကြပုံပဲ"

အသံရှင် တွေဝေသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချရင်း ...

"ဒီအကြောင်းတွေ မောင်ရင့်ကို ဆရာကြီး ပြောပြပါ့မယ်၊ တကယ်တော့ တုကုယင်းဟာ ကျုပ်ရဲ့မိတ်ဆွေကနေ ရန်သူဖြစ်သွားတဲ့ လူတစ်ယောက်ပဲ၊ သူဟာ ကျုပ်ရဲ့ အသက်ကိုတောင် ရန်ရှာခဲ့တယ်၊ မဟာမိုးမြေဂိုဏ်းထဲဝင်ဖို့ စည်းရုံးလို့မရတာကြောင့်ပဲ၊ သူ့ရဲ့လက်ချက်နဲ့ ကျုပ်က တစ်နှစ်ကျော်လောက် ဝေဒနာကို ကုသခဲ့ရတယ်၊ ဒါကြောင့် ကျုပ် ပြန်ပြီးရောဂါသက်သာလာတာနဲ့ သူ့ကို ဆုံးမခဲ့တာပဲ"

ရှောက်လုံက ...

"ဒါထက် ဆရာကြီးက ဘယ်သူများလဲ"

ဟု မေးလိုက်သည်။

အသံရှင် ပြုံးလိုက်ပြီး ...

"ကျုပ်ဘယ်သူလဲလို့ မင်းထင်သလဲ"

သူ၏လေသံမှာ ပြောင်းလဲသွားခဲ့သည်။

ရှောက်လုံ မျက်မှောင်ကြုတ်သွား၏။



ထိုအသံအား ရင်းနှီးထားဖူးသည်ဟု သတိပြုမိလိုက်သည်။

သို့သော် ...

ရှောက်လုံမှာ ရုတ်တရက် စဉ်းစား၍မရဘဲ ဖြစ်နေ၏။

သူက ခေါင်းတစ်ချက်ခါယမ်းကာ ...

"ဒါတော့ စဉ်းစားလို့ မရသေးဘူး"

အသံရှင်က တဟားဟားရယ်မောရင်း မျက်နှာဖုံးတုအား ဆွဲချွတ်လိုက်၏။

ထိုအခါ ...

လူရွယ်တစ်ယောက်၏ မျက်နှာ ပေါ်လွင်လာ၏။

ထိုလူရွယ်ကို မြင်လျှင် ...

"မိုစီတောင်း ..."

ရှောက်လုံက တအံ့တသြ ရေရွတ်လိုက်၏။

မှန်ပေသည်။

အသံရှင်အဖြစ် ရုပ်ဖျက်ထားသူမှာ ရှောက်လုံ၏ မိတ်ဆွေ မိုစီတောင်းပင် ဖြစ်နေပေတော့သည်။

○ ❂ ○

www.burmeseclassic.com

www.burmeseclassic.com

## ဖြေဆေး

မိုစီတောင်း တဟားဟားရယ်မောနေ၏။

ရှောက်လုံလည်း ရယ်မောလိုက်သည်။

အတန်ကြာမှ မိုစီတောင်းအား ပြုံးပြကာ ...

"မင်းက ရုပ်ကော အသံကော ဖျက်ထားတော့ ငါ ဘယ်မှတ်မိတော့မလဲ"

မိုစီတောင်းက ပြုံးစေ့စေ့ဖြင့် ...

"ဘယ်လိုလဲ ... ငါ့ရဲ့ ရုပ်ဖျက်ပညာ မကောင်းဘူးလား"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"တကယ် ပိရိပါတယ်ကွာ၊ ဒါထက် မင်းက ဘာကြောင့် အသံရှင်အဖြစ် ရုပ်ဖျက်ထားရတာလဲ"

မိုစီတောင်းက ...

"ငါက တုကုယင်းကြောင့် အတွင်းဒဏ်ရာရခဲ့တယ်၊ ဒီဒဏ်ရာ



တွေ ပျောက်သွားပြီး သိုင်းလောကထဲ ဆင်းလာတဲ့အချိန်မှာ မင်းရဲ့ အခက်အခဲကို သိခဲ့ရတယ်၊ ဒါကြောင့် ငါက အသံရှင်အဖြစ် ဟန်ဆောင်ပြီး ကူညီခဲ့တာပဲ၊ ဒီလိုဟန်ဆောင်ထားတဲ့အတွက် တုကုယင်းကလည်း မမှတ်မိတော့ဘူး မဟုတ်လား"

ရှောက်လုံက သူ၏ပခုံးအား တစ်ချက်ပုတ်လိုက်ပြီး ...

"ကျေးဇူးပါပဲကွာ"

မိုစီတောင်း ခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးကွာ၊ မင်းအခက်အခဲရှိရင် ငါကူညီရမယ်၊ ဒါမှလည်း မိတ်ဆွေ ပီသမယ် မဟုတ်လား"

ရှောက်လုံ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဒါနဲ့ နဂါးဂိုဏ်းချုပ် ဖုံးယိကိစ္စကော ဘာထူးသေးလဲ" ဟု မေးလိုက်သည်။

မိုစီးတောင်းက တစ်ချက်စဉ်းစားနေပြီးမှ ...

"ဝက်ပါတောင်ကြားထဲမှာ ရောက်နေတဲ့ ဖုံးယိဟာ အစစ်ဆိုတာ သိခဲ့ရတယ်"

"ဟင် ... ဒါဆို အခု ဂိုဏ်းချုပ်တာဝန် ထမ်းဆောင်နေတဲ့ သူဟာ ဖုံးယိအတုဆိုတာ သေချာသွားပြီပေါ့ ဟုတ်လား"

မိုစီတောင်းက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒီလိုဆို တော်တော်အံ့သြစရာပဲ၊ အဲဒီ ဖုံးယီအတုဟာ ဖုံးယီ အစစ်ရဲ့ ဇနီး သားသမီးတွေနဲ့ ဘယ်လိုပေါင်းသင်းဆက်ဆံနေသလဲ"

မိုစီတောင်းက ခေတ္တငြိမ်နေပြီးမှ ပြန်ပြော၏။

"အခု ငါလည်း ဒီအချက်ကို စုံစမ်းနေတာပဲ၊ ဒီအချက်သာ စုံစမ်းနိုင်ခဲ့ရင် ပြဿနာအားလုံး ဘူးပေါ်သလိုပေါ်လာနိုင်တယ်၊ တစ်ခုတော့ ရှိတယ်"

ရှောက်လုံက ...

"ဘာများလဲ"

မိုစီတောင်းက ...

"သိုင်းလောကမှာ ဆေးတစ်မျိုးရှိတယ်၊ အဲဒီဆေးဟာ လူ့ရဲ့ စိတ်အာရုံကို ပြောင်းလဲသွားစေနိုင်တဲ့ ဆေးမျိုးပဲ၊ ဒီဆေးဟာ လူတစ်ယောက်ရဲ့ စိတ်အာရုံကိုလည်း ထိန်းထားနိုင်စွမ်းရှိတယ်၊ တကယ်လို့ ဂိုဏ်းချုပ် ဖုံးယီရဲ့ ဇနီး သားသမီးတွေဟာ ဒီဆေးကို မိခဲ့ရင် အဖြစ်မှန်ကို ဖော်ထုတ်ဖို့ မလွယ်တော့ဘူး၊ သူ့ရဲ့ ဇနီး သားသမီးတွေက မထုတ်ဖော်သရွေ့ ဘေးလူတွေက ဘယ်သိနိုင်မလဲ၊ မင်း အနေနဲ့ကရော ဒီကိစ္စကို ဘယ်ကိုဆက်ပြီး လုပ်ချင်သလဲ"

ဟု မေးလိုက်သည်။



ရှောက်လုံက အတန်ကြာအောင် လေးလေးနက်နက် စဉ်းစား လိုက်ပြီး ...

"အကောင်းဆုံးကတော့ ဖုံးယီရဲ့သား မင်းသားလေးဖုံးကို တွေ့အောင်ရှာဖို့ပဲ၊ သူကလည်း အပြင်မှာ လှုပ်ရှားသွားလာနေသူ တစ်ယောက်ဆိုတော့ တွေ့အောင်ရှာဖို့ မခဲယဉ်းဘူး၊ သူ့ကို ရှာတွေ့ရင် သူနဲ့အတူ သွားပြီး စုံစမ်းရင် ဆေးမိ မမိ သိနိုင်မှာပဲ"

မိုစီတောင်း ခေါင်းညိတ်လိုက်သည်။

"သိပ်ကောင်းတဲ့အကြံပဲ၊ ဒါပေမယ့် ..."

ရှောက်လုံ မျက်မှောင်ကြုတ်ကာ ...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဟု ချက်ချင်း ပြန်မေးလိုက်သည်။

မိုစီတောင်းက ...

"ဆေးမိမမိ စစ်ဆေးဖို့အတွက် ဆေးဆရာကို ဘယ်ကခေါ် မလဲ"

ရှောက်လုံက ...

"အဲဒီအတွက်က ကျုပ်အခုလိုက်ရှာနေတဲ့ မျက်နှာမဲ့ သမား တော်ကိုသာ တွေ့ရင် ဒီပြဿနာ ပြေလည်နိုင်ပါတယ်"

ဟု လေသံအေးအေးဖြင့် ပြောလိုက်သည်။

မိုစီတောင်းက ခေါင်းညိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက တုက္ကူးအတွက် လိုက်ရှာနေတာလား"

ဟု မေးလိုက်သည်။

ရှောက်လုံက ...

"ဟုတ်တယ် ... ကျုပ်က ဒေါ်လေးတုက္ကူးလျှံနဲ့ တုဝ္ဂားတို့ကို ကတိပေးခဲ့ပြီးပြီမို့ သူ့ကိုမတွေ့တွေ့အောင် ရှာရလိမ့်မယ်"

မိုစီတောင်းက တစ်ချက်စဉ်းစားပြီးမှ အကြံပြုလိုက်သည်။

"ဒါဆို ကောင်းပြီ ... မနက်ဖြန်စောစော မင်းက ခရီးထွက်ပေတော့၊ ဒီဘက်က ကျန်တဲ့အပိုင်းကို ငါဆက်လုပ်ထားလိုက်မယ်၊ ပြီးတော့ ရှမ်းယွင်ရဲ့သတင်းကိုလည်း ငါအတတ်နိုင်ဆုံး စုံစမ်းပေးပါမယ်"

"ဒီအတွက် ကျေးဇူးပါပဲ၊ နောက်တစ်ချက် မင်းအနေနဲ့ လူတစ်ယောက်ကို စုံစမ်းပေးစေချင်တယ်"

မိုစီတောင်း မျက်မှောင်ကြုတ်ကာ ...

"ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ရှောက်လုံက ...

"မဟာမိုးမြေဂိုဏ်းက တာဝမ်းအကြောင်းပဲ၊ သူက မျက်နှာမဲ့သမားတော်လောက် ဆေးပညာစွမ်းတယ်၊ သူ့အကြောင်း သိရရင်လည်း အဆင်ပြေတယ်"



မိုစီတောင်းက ...

"တာဝမ်း ... မရဏသမားတော် တာဝမ်း မဟုတ်လား၊ သူ သိုင်းလောကမှာ ကျော်ကြားလာတာ သိပ်မကြာသေးဘူး"

"ဟုတ်ပါတယ်"

"ကောင်းပြီ ... ကျုပ် စုံစမ်းပေးမယ်၊ ကဲ ... ညဉ့်လည်းနက်ပြီ၊ မင်း အနားယူပေတော့၊ ကျုပ်သွားတော့မယ်"

ထိုသို့ပြောပြီးသည်နှင့် မိုစီတောင်းမှာ အခန်းအပြင်သို့ လှည့်ထွက်သွားလေတော့၏။

○ ❂ ○

ချုံရှာတောင် ...

ချုံရှာတောင်သည် ဟိုပေဒေသ၌ရှိ၏။

ရှောက်လုံသည် သုံးရက်ခန့် ခရီးနှင်ပြီးနောက် ချုံရှာတောင်သို့ ရောက်ရှိလာသည်။

ချုံရှာတောင်ပေါ်တွင် မျက်နှာမဲ့သမားတော် နေထိုင်ကြောင်း ရှောက်လုံ သတင်းရထား၍ဖြစ်သည်။

ရှောက်လုံသည် တောင်ပေါ်သို့ ရောက်ရှိလာပြီး မျက်နှာမဲ့သမားတော်အား ရှာဖွေကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ချောက်ကမ်းပါးထိပ်တွင် လူရိပ်များနှင့် ဆဲဆိုသံများကို ကြားလိုက်ရ၏။

ရှောက်လုံ ထိတ်ခနဲ ဖြစ်သွား၏။

မျက်နှာမဲ့သမားတော်မှာ ရန်သူတစ်စုံတစ်ယောက်နှင့် ကြုံတွေ့နေပြီလားဟု တွေးလိုက်မိသည်။

ရှောက်လုံမှာ အကြောင်းစုံသိရလေအောင် တိတ်တဆိတ် စုံစမ်းမည်ဟု ဆုံးဖြတ်ကာ ချောက်ကမ်းပါးအနီးသို့ ကပ်ခဲ့၏။

ချောက်ကမ်းပါးအနီးသို့ ရောက်သည်နှင့် အတွင်းအားကို သုံးကာ ကိုယ်ဖော့ပညာဖြင့် ချောက်ကမ်းပါးရှိရာသို့ လျင်မြန်စွာ ပြေးလာ၏။

ထို့နောက် ...

ကျောက်တုံးတစ်တုံး၏ နောက်ကွယ်တွင် ပုန်းအောင်းနေလိုက်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။

ထိုအခါ ...

တွေ့လိုက်ရသော မြင်ကွင်းက ရှောက်လုံအား အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားစေတော့၏။

○ ✪ ○



ချောက်ကမ်းပါးနှင့် ဝါးတစ်ရိုက်ကျော်အကွာတွင် ကျောက်လိုဏ်ဂူတစ်ခုရှိသည်။

မျက်နှာမဲ့သမားတော်မှာ ကျောက်လိုဏ်ဂူအတွင်းလဲကျနေ၏။

သူ၏ခြေတစ်ဖက်တွင် သွေးချင်းချင်း နီရဲနေသည်။

မျက်နှာမဲ့သားတော်၏ အနီးတွင် လူတစ်ယောက် မတ်တတ် ရပ်နေ၏။

ထိုလူမှာ တာဝမ်းဖြစ်နေကြောင်း ရှောက်လုံ အံ့သြစွာတွေ့လိုက်ရ၏။

ပုံကြည့်ရခြင်းအားဖြင့် တာဝမ်းမှာ မိမိနှင့်တစ်ပါတည်း လိုက်လာခဲ့ဟန်ရှိသည်။

သို့ဆိုလျှင် ...

တာဝမ်း အဘယ်ကြောင့် ဤနေရာသို့ လျင်မြန်စွာ ရောက်ရသနည်း။

မျက်နှာမဲ့သမားတော်မှာ သူ့လက်ချက်ဖြင့် ဒဏ်ရာရနေခြင်းလော ... ။

ထိုစဉ် ...

မျက်နှာမဲ့ သမားတော်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူမိုက် ... မင်းဟာ ကျေးဇူးကန်းတဲ့ ကောင်၊ ငါ့ကျေးဇူး ကိုမှ မထောက်ဘဲ မညှာမတာ ရက်စက်တယ်"

ဤတွင် ...

တာဝမ်းက အေးစက်သော လေသံဖြင့် ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ၊ ဆရာ့ဆီက ဆေးပဒေသာ ကျမ်းကို ကျေးဇူးပြုပြီး ကျွန်တော့်ဆီ အပ်စေချင်တယ်၊ ဆရာ့ရဲ့ ဆေးပညာ အားလုံး လုံးဝမပျက်စီးအောင် ထိန်းသိမ်းပါ့မယ်လို့ ကျွန်တော် ကတိပြုပါတယ်"

မျက်နှာမဲ့သမားတော် ခေါင်းတကြီး ထအော်လိုက်လေသည်။

"ခွေးကောင် မပေးဘူး၊ လုံးဝ မပေးနိုင်ဘူး"

ယခုတိုင် တာဝမ်းက အေးစက်သော အမူအရာဖြင့် ...

"ဆရာ ဘာဖြစ်လို့ ဒီလောက်ထိ ခေါင်းမာချင်နေရတာလဲ၊ ဒီဆေးစာအုပ်ကို ဆရာ သုံးစရာဘာမှမလိုတော့ပါဘူး၊ ဒါကြောင့် ကျွန်တော့်ကိုသာ ပေးလိုက်ပါ"

မျက်နှာမဲ့သမားတော် အံတစ်ချက်ကြိတ်လိုက်ပြီး ...

"ခွေးတိရစ္ဆာန်ကောင်၊ မင်းဟာ ဆရာသမား တစ်ယောက်လုံး ကိုတောင် အာခံစော်ကားတဲ့အတွက် ဒုက္ခရောက်လိမ့်မယ်ဆိုတာ နားလည်ထား ..."



ရှောက်လုံမှာ နားထောင်နေရင်းမှ ဒေါသထွက်လာမိတော့ သည်။

ဆရာကို အာခံစော်ကားနေသူကိုလည်း ကြည့်မနေနိုင်အောင် ဖြစ်လာ၏။

ဤကဲ့သို့ စိတ်မရှိသော တပည့်မျိုး လူ့ပြည်တွင် မထားသင့် ကြောင်း စဉ်းစားလိုက်မိသည်။ ဤတစ်ကြိမ်တွင် တာဝမ်း၏ အသံ မှာ ဒေါသသံ ပါလာလေသည်။

"ဆရာ ဘာကြောင့် ခေါင်းမာချင်နေရတာလဲ၊ တကယ်တော့ ဆရာဟာ အနေးနဲ့အမြန်ဆိုသလို လူ့ပြည်က ထွက်ခွာရတော့မှာပဲ၊ အဲဒီတော့ ဆရာ့ဆီက ပညာတွေ ကျွန်တော့်ကို ပေးခဲ့ဖို့တောင် ကောင်းတယ်"

မျက်နှာမဲ့သမားတော်မှာ မိုးကောင်းကင်အား ရှုံ့မဲ့နေသော မျက်နှာဖြင့် မော့ကြည့်လိုက်၏။

ထို့နောက် ...

နှုတ်မှ ဖြည်းလေးစွာ ရေရွတ်နေသည်။

"လူတွေဟာ အကြင်နာတရား ကင်းမဲ့ပြီး ရိုင်းစိုင်းယုတ်မာ တာကို မိုးနတ်မင်း သိပါစေ"

ရှောက်လုံမှာ စိတ်မထိန်းနိုင်တော့ဘဲ ပုန်းကွယ်နေသည့် နေရာမှ ခုန်ထွက်လိုက်ပြီး ကျယ်လောင်စွာ အော်ဟစ်၍ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှိင်းစိုင်းယုတ်မာတဲ့ လူတွေကို မိုးနတ်မင်းက ဒီအတိုင်း ကြည့်မနေပါဘူး"

ပြောပြီးသည်နှင့် ဓားကိုဆွဲထုတ်လိုက်သည်။

"ဟင် ..."

တာဝမ်းမှာ မမျှော်လင့်ဘဲ ရှောက်လုံအား တွေ့လိုက်ရလျှင် အံ့သြတုန်လှုပ်သွားတော့၏။

မျက်နှာမဲ့သမားတော်မှာမူ အံ့သြနေသည့် အမူအရာဖြင့် ရှောက်လုံအား ကြည့်လိုက်၏။

အတန်ကြာ ကြည့်နေပြီးမှ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ရှောက်လုံသည် အေးစက်တင်းမာသော ဟန်မူရာဖြင့် တာဝမ်း အနီးသို့ တိုးကပ်သွားသည်။

အနီးသို့ရောက်သောအခါ တာဝမ်းအား စူးရဲစွာကြည့်ရင်း ...

"ဆရာကို အခံတဲ့လူဟာ အကြိမ်တစ်ရာမက သေသင့်နေပြီ"

ဟုပြောလိုက်၏။

သူ၏လေသံမှာ အေးစက်တင်းမာနေသည်။

တာဝမ်း နောက်သို့ ခြေနှစ်လှမ်း ဆုတ်လိုက်ပြီး တုန်ယင်သော လေသံဖြင့် ...

"မင်း ... မင်း ဒီကို ဘာလာလုပ်တာလဲ"



ရှောက်လုံက တစ်ချက်ပြုံးလိုက်ပြီး ...

"မင်းကို သတ်မလို့ လာတာ"

ဟု ပြောလိုက်၏။

တာဝမ်း မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ဘေးဘီ ဝဲယာသို့ လှည့်ကြည့်လိုက်သည်။

ရှောက်လုံ ရှေ့သို့ တစ်လှမ်းတိုး၍ တက်လာ၏။

"မင်းမှာ အတောင်ပါခဲ့ရင်တောင် မင်း ငါ့လက်ကလွတ် အောင် မပြေးနိုင်ပါဘူး"

တာဝမ်း မည်သို့လုပ်ရမည်မှန်း မသိဘဲ မျက်နှာရှုံ့မဲ့နေ၏။

ထို့နောက် ...

တုန်ယင်သော လေသံဖြင့် ...

"ရှောက်လုံ ... ကျုပ်တို့ အပေးအယူ လုပ်ကြမလား"

ရှောက်လုံက စိုက်ကြည့်ရင်းမှ ...

ဤတွင် ...

တာဝမ်းက တံတွေးတစ်ချက် မျိုချလိုက်ပြီး ...

"ခင်ဗျား ဒီကိစ္စထဲ ဝင်မစွက်ဘူးဆိုရင် တုကျူးကို နဂိုအတိုင်း ပြန်ဖြစ်အောင် ကျုပ် ကယ်တင်ပေးမယ်"

ရှောက်လုံအား အံ့အားသင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

သူက အားရပါးရ ရယ်မောလိုက်တော့၏။

ရှောက်လုံ ရယ်နေသည်ကိုကြည့်၍ တာဝမ်း၏ နဖူးပြင်မှ ချွေးသီးချွေးပေါက်များ ကျလာသည်။

ထို့နောက် တုန်တုန်ယင်ယင်ဖြင့် ...

"မင်း ... မင်း ဘာရယ်တာလဲ"

ဟု မေးလိုက်သည်။

ရှောက်လုံက ရယ်မောရာမှ ရပ်တန့်ကာ ...

"တာဝမ်း ... မင်းဟာ ကိုယ့်ကိုယ်ကို ဖော်နေတာနဲ့ အတူတူပဲ၊ တကူး အဆိပ်တစ်မျိုး မိထားတာ မင်းလက်ချက်ဆိုတာ ငါအခုမှပဲ သိတော့တယ်၊ အခုလည်း မင်းဟာ ဆရာကို ပြန်စော်ကားနေတယ်၊ ဒီတော့ အကောင်းဆုံးနည်းလမ်းက မင်းကို သုတ်သင်ရှင်းလင်းလိုက်တာပဲ အေးမယ်"

ရှောက်လုံ၏ စကားကြောင့် တာဝမ်း၏မျက်နှာပေါ်တွင် နိုးရိမ်ထိတ်လန့်မှုများ ပေါ်ပေါက်လာသည်။

ရှောက်လုံ၏ မျက်နှာ သုန်မှုန်ခက်ထန်သွားလေသည်။

"အင်း ... လူတစ်ယောက်ကို သတ်မယ်လို့ ဆုံးဖြတ်ပြီးရင် ကိုယ်က အရင်ဦးအောင် လုပ်မှဖြစ်မယ်"



ထိုသို့ စဉ်းစားလိုက်ပြီးသည်နှင့် ရှောက်လုံမှာ ရှေ့သို့ ခုန်ဝင်ကာ ဓားတိုဖြင့် ယမ်းလိုက်၏။

မမျှော်လင့်ဘဲ တိုက်ခိုက်လာမှုကြောင့် တာဝမ်း ခုခံဖို့အချိန် မရလိုက်တော့ချေ။

ဖွေးလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

"အား ..."

အော်သံတစ်ချက် ထွက်ပေါ်လာပြီး တာဝမ်းမှာ မြေပေါ်သို့ လဲကျသွားတော့၏။

○ ◎ ○

www.burmeseclassic.com

www.burmeseclassic.com

## ဖြေဆေးနှင့် ကတိ

မျက်နှာမဲ့သမားတော်၏ မျက်လုံးမှ မျက်ရည်များ စီးကျလာသည်။

နှုတ်မှလည်း နာကြည်းသော အသံဖြင့် ...

"ဩော် ... တပည့်မိုက် ... တပည့်မိုက်"

မျက်နှာမဲ့သမားတော်၏ စကားကြောင့် ရှောက်လုံမှာ တာဝမ်းအား သတိမိပြီးမှ စိတ်မကောင်းဖြစ်သွား၏။

ဆရာတပည့် နှစ်ဦးကြား ပြဿနာကို မိမိက ကြားဝင်ဖြေရှင်းပေးသလို ဖြစ်နေ၏။

သို့သော် ...

မည်သို့မျှ မတတ်နိုင်တော့ပေ။

ဓားတိုကို ပြန်သိမ်းလိုက်ပြီး မျက်နှာမဲ့သမားတော်အား ပြောလိုက်သည်။



"ကျွန်တော့်ရဲ့ လက်လွန်သွားမှုအတွက် ခွင့်လွှတ်စေချင်ပါတယ်"

မျက်နှာမဲ့သမားတော်က ဘာမှမပြောဘဲ ဖြည်းညင်းစွာ ထရပ်လိုက်၏။

ထို့နောက် ...

ရှောက်လုံအား ကြည့်လိုက်ပြီးနောက် ကျောက်ဂူအတွင်းသို့ ဝင်သွားသည်။

ရှောက်လုံမှာ မျက်နှာမဲ့အဘိုးအိုအား ကြောင်၍ကြည့်နေမိလေသည်။

ဤလူကြီးမှာ လူထူးလူဆန်းကြီးတစ်ဦးဖြစ်၏။

ယခု ...

မည်သည့်အတွက်ကြောင့် ကျောက်ဂူအတွင်းသို့ ဝင်သွားရသနည်း။

ရှောက်လုံမှာ ကြောင်လျက်စဉ်းစားနေစဉ် မျက်နှာမဲ့သမားတော်မှာ ကျောက်ဂူအတွင်းမှ ပြန်ထွက်လာ၏။

ကျောက်ဂူအပြင်သို့ ရောက်သည်နှင့် လက်တစ်ဖက် ဆန့်ထုတ်လိုက်ပြီး ...

"ဒီကောင်လေး ကျုပ်ကို ဒီပစ္စည်းအတွက် ခုက္ခပေးနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက မျက်နှာမဲ့သမားတော်၏ လက်အတွင်း၌ အလွန်ပါးလွှာသော စာအုပ်တစ်အုပ် တွေ့လိုက်ရ၏။

"မောင်ရင် ကိစ္စရှိလို့ ဒီကိုလာတာနဲ့တူတယ်"

ရှောက်လုံက နူးညံ့သိမ်မွေ့သော အသံဖြင့် …

"ဟုတ်တယ် … ကိစ္စရှိလို့လာခဲ့တာပါ"

မျက်နှာမဲ့သမားတော်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး …

"ကျုပ်ဆီက တစ်ခုခု တောင်းခံစရာရှိလို့လား"

မျက်နှာမဲ့သမားတော်၏ အသံမှာအေးတိအေးစက်နိုင်လှသည်။

ထိုအခါ …

ဤအေးတိအေးစက်နိုင်လှသော အသံကြောင့် ရှောက်လုံ၏ စိတ်ထဲတွင် ကသိကအောင့် ဖြစ်သွား၏။

ရှောက်လုံမှာ စိတ်ကိုထိန်းချုပ်လိုက်ပြီး …

"ဟုတ်ပါတယ်၊ ဆရာကြီးဆီက တောင်းခံစရာရှိလို့ပါဗျာ"

မျက်နှာမဲ့သမားတော်က ခံစားမှုကင်းမဲ့နေသော မျက်နှာထားဖြင့် …

"ခုနတုန်းက ငါ့အသက်ကို မင်းကယ်တင်လိုက်တယ်၊ ကျုပ်ဟာ တစ်သက်လုံး သူတစ်ပါးရဲ့ ကျေးဇူးတင်ခံတဲ့လူစား မဟုတ်ဘူး၊ ဒါကြောင့် ပြောပါ၊ မင်းရဲ့ မျှော်လင့်ချက်မကုန်စေရဘူး၊ မင်းရဲ့ကျေးဇူးကို တုံ့ပြန်တဲ့သဘောနဲ့ ကူညီလိုက်ပါ့မယ်"



ရှောက်လုံက မျက်နှာမဲ့သမားတော်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး …

"သိုင်းလောကမှာ လူတွေရဲ့အာရုံကို ပြောင်းပစ်စေနိုင်တဲ့ ဆေးတစ်မျိုးရှိတယ်လို့ ကြားသိရတယ်၊ အဲဒီဆေးမျိုး မိမမိ ဘယ်လို ခွဲခြားသိရှိနိုင်ပါသလဲ"

ဟု မေးလိုက်၏။

မျက်နှာမဲ့သမားတော်မှာ ခေတ္တတွေဝေသွားပြီး …

"ဘယ်သူ့ရဲ့စိတ်အာရုံ ထိန်းချုပ်ခံနေရလို့လဲ"

"လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ရဲ့ နေရာမှာ အစားနေရာယူထားပြီး အစားထိုးခံရတဲ့ လူရဲ့ မိသားစုဟာ ဒီဆေးမျိုး မိနေလို့ပါ"

မျက်နှာမဲ့သမားတော်က သဘောပေါက်သွားဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး …

"ဒီဟာမျိုးကို ခွဲခြားဖို့ကတော့ သိပ်ပြီးလွယ်ပါတယ်"

ဟုပြောပြီး ခေတ္တနားသည်။

ပြီးမှ …

"သေသေချာချာ ကြည့်ရင် သိနိုင်ပါတယ်၊ ဒီဆေးမိနေတဲ့ လူရဲ့ မျက်လုံးဟာ လှုပ်ရှားမှုကင်းမဲ့ပြီး ကျောက်မျက်လုံးလို သေနေတတ်တယ်၊ တချို့ကျတော့ ရက်စက်မဲ့အရိပ်အယောင်မျိုး

www.burmeseclassic.com



ရှိနေတတ်တယ်၊ တစ်ခုသော တူညီမှုကတော့ မျက်လုံးမှာ သွေးကြော တွေ ပေါ်နေပြီး အဲဒီသွေးကြောတွေဟာ ဖုနေတတ်ခြင်းပဲ"

ရှောက်လုံက မျက်နှာမဲ့သမားတော် ပြောသမျှသော အချက်များကို စိတ်ထဲမှလိုက်၍ မှတ်လိုက်၏။

"ဒီအတွက် ဖြေဆေးကော ရှိပါသလား"

ဟု မေးလိုက်၏။

မျက်နှာမဲ့သမားတော် ခေါင်းညိတ်ကာ ...

"ရှိတယ်"

ဟု ပြော၏။

"ကျွန်တော့်ကို ပေးနိုင်မလား"

"ရပါတယ်၊ ဒါပေမယ့် ဒီဆေးစွမ်းမပြဘူးဆိုရင်တော့ ဆေးမမိလို့ပဲမှတ်ပါ"

ထိုသို့ပြောပြီးသည်နှင့် မျက်နှာမဲ့သမားတော်မှာ ကျောက်ဂူအတွင်းသို့ ပြန်ဝင်သွားသည်။

○ ❂ ○

မကြာမီ မျက်နှာမဲ့သမားတော်မှာ ကျောက်ဂူအတွင်းသို့ ပြန်ဝင်သွားလေသည်။

○ ❂ ○



မကြာမီ မျက်နှာမဲ့သမားတော် ပြန်ထွက်လာပြီး လက်ထဲတွင် အထုပ်တစ်ထုပ်နှင့် ပုလင်းငယ်ကို ရှောက်လုံအား လှမ်းပေးရင်း ပြောသည်။

"အထုပ်ထဲကဆေးဟာ အာရုံလွှင့်ပျံ့နေတဲ့ ရောဂါကို ပျောက်နိုင်တယ်၊ ပုလင်းထဲက ဆေးမှုန့်တွေကတော့ ဆေးမိမမိ စမ်းသပ်တဲ့ဆေးပဲ၊ ဒီဆေးကို လက်ဝါးပေါ်တင်ပြီး ဆေးမိနေတဲ့ လူကို အနံ့ရှူနိုင်းလိုက်ရင် အစွမ်းပြလာလိမ့်မယ်"

ရှောက်လုံက အထုပ်နှင့် ဆေးပုလင်းကို လှမ်းယူလိုက်ပြီး ဦးညွှတ်အရိုအသေပေးလိုက်၏။

"ဆရာကြီးကို ကျွန်တော် အထူးပဲကျေးဇူးတင်ပါတယ်"

မျက်နှာမဲ့သမားတော်က ရှောက်လုံအား မကြည့်ဘဲနှင့် ပြောသည်။

"မောင်ရင် ကျေးဇူးတင်တာထက် သတိထားဖို့က ဒီနေရာမှာ ကျုပ်တို့ ဆရာတပည့်နှစ်ဦးရဲ့ အုတ်ဂူရှိနေပြီဆိုတဲ့ အချက်ပဲ၊ ကျုပ်ဟာလည်း လူ့ပြည်မှာ မရှိတော့ဘူး၊ ဒါကို ဘယ်သူ့ကိုမှ အသိမပေးပါဘူးလို့ မောင်ရင် ကတိပေးနိုင်မလား"

မျက်နှာမဲ့သမားတော် ဆိုလိုသည့်သဘောမှာ သူ၏နေရာသည် ဖျောက်၍ တစ်သက်လုံး ဤနေရာတွင် ဇာတ်မြုပ်၍ နေသွားတော့မည်ဆိုသည့် သဘောပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လုံက ခိုင်မာပြတ်သားသော အသံဖြင့် ...

"ကျွန်တော် သည်အကြောင်းကို သေတဲ့အထိ မပြောပါဘူး လို့ ကတိသစ္စာပြုပါတယ်"

မျက်နှာမဲ့သမားတော်မှာ တာဝမ်း၏အလောင်းအား တစ်ချက် စိုက်ကြည့်လိုက်ပြီး ရောက်လုံအား ...

"မင်း ဒီလို ကတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ ... မင်းလည်း သွားလိုရာသွားနိုင်ပြီ"

ရောက်လုံက မျက်နှာမဲ့သမားတော်အား ဒုတိယအကြိမ် ထပ်မံ၍ အရိုအသေပေးလိုက်ပြီးနောက် ချောက်ကမ်းပါးမှ ဆင်းကာ ချောင်း ငယ်ဆီသို့ ပြေးထွက်ခဲ့လေတော့သည်။

○ ❂ ○

ချိုးရှာတောင်၏ တောင်ဘက်ဟွင် ငှက်ဖြူတောင်ရှိ၏။

မိဘနှစ်ပါး ချန်ထားခဲ့သည့် ကျောက်စိမ်းဓားအား တစ်ခါ တည်း ဝင်ယူရန် ဆုံးဖြတ်လိုက်၏။

နဂါးကြီး ဖုံးယီ စကားအရ ကျောက်စိမ်းဓားကို မြှုပ်နှံထား သည့် နေရာမှာ ဤတောင်ပေါ်ရှိ နတ်ဘုရားကျောင်းတစ်ခု၏ ညာ ဘက်လှေကားထစ်အောက် ငါးတုံးမြောက် ကျောက်ထဲအောက်ဖြစ် သည်။



နဂါးကြီး ဖုံးယီ ပြောပြချက်အရ ကျောက်စိမ်းဓား မြှုပ်နှံထား သည့်နေရာကို သူတစ်ယောက်သာ သိ၍ သူ၏မိသားစုပင် မသိကြ ပေ။

ထို့ကြောင့် ...

သူ့အတွက် အနှောင့်အယှက် မရှိနိုင်ဟု ရောက်လုံက ထင် လိုက်မိ၏။

ဤငှက်ဖြူတောင် နတ်ဘုရားကျောင်းမှာ မည်မျှကြာမြင့်ခဲ့ပြီ မသိ။

ယခုဆိုလျှင် အတော်ပင် ဟောင်းနွမ်းနေပြီ။

နေရာမှာ ခေါင်၍ အလွန်ချောင်ကျလှသောကြောင့် ဘုရား ဖူးလာသူပင် မရှိ၊ ခြောက်ကပ်တိတ်ဆိတ်လျက် ရှိလေသည်။

တစ်နှစ်တစ်ကြိမ်ခန့်လုပ်သော ဘုရားပွဲ၌သာ လူသွားလူလာ ရှိခဲ့ပြီး ကျန်အချိန်များ၌ အမဲလိုက်မုဆိုးများသာ ဖြတ်သန်းသွားလာ တတ်သည်။

အလွန့်အလွန် ခေါင်လှသောနေရာဟု ဆိုရပေမည်။

○ ❂ ○

ယနေ့ နေ့လယ်အချိန်တွင် အလွန်ခေါင်လှသော ငှက်ဖြူ တောင် နတ်ဘုရားကျောင်းသို့ လူတစ်ယောက်ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကား ရှောက်လုံပင်ဖြစ်၏။

နတ်ဘုရားကျောင်းအတွင်း ဝင်လိုက်မိသည်နှင့် ရှောက်လုံ စိတ်လှုပ်ရှားလာ၏။

စင်စစ် ကျောက်စိမ်းဓားဆိုသည်က သိုင်းလောကရှိ တန်ဖိုး အကြီးဆုံး လက်နက်ပစ္စည်းလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။

မိဘနှစ်ပါး၏ အမွေပစ္စည်း ဆိုရသော်လည်း သူမှတ်မိသည့် အရွယ်ကတည်းက ကျောက်စိမ်းဓားမှာ သူတစ်ပါးထံ ရောက်သွား သဖြင့် ကျောက်စိမ်းဓား၏ ပုံသဏ္ဌာန်မှာ မည်သို့မည်ပုံ ရှိသည်ကို မသိရချေ။

ရှောက်လုံမှာ အလယ်ခန်းမကို ဖြတ်ကျော်ပြီး အနောက်ဘက် ခြံဝင်းဆီသို့ လျှောက်လာ၏။

အနောက်ခြံဝင်းထဲတွင် မြက်ပင်များ ထူထပ်စွာ ပေါက်ရောက် နေသည်။

သစ်ရွက်ခြောက်များမှာလည်း မြေပေါ်တွင် စုပုံနေ၏။

မကြာမီ ညာဘက်လှေကားဆီသို့ ရောက်လာပြီး ပဉ္စမမြောက် လှေကားထစ်အနီးတွင် ရပ်လိုက်၏။

လှေကားထစ်အနီးရှိ မြက်ရိုင်းပင်များကို နှုတ်ပစ်လိုက်လေ သည်။



ထို့နောက် ...

ဓားတိုဖြင့် မြေကြီးကို တွင်းဖြစ်အောင် စတင်၍တူး၍လိုက် လေ၏။

တူးပြီးသော ကျင်းပေါက်ထဲသို့ လက်ညှိုးနှိုက်ပြီး အပေါ်သို့ မတင်လိုက်သည်၊

ဤတွင် ...

ကျောက်ပြားတစ်ချပ်မှာ အထက်သို့ ကြွတက်လာသည်။

ကြွတက်လာသော ကျောက်ပြားချပ်ကို မယူ၍ ဘေးဘက်သို့ ဖယ်ချလိုက်ကာ လက်ထဲမှ ဓားတိုဖြင့် မြေကြီးကို တူးဆွလိုက်၏။

ဤသို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တူးခဲ့၏။

အတန်ငယ် နက်သည်အထိ တူးမိသော်လည်း မည်သည့် တစ်စုံတစ်ရာကိုမျှ မတွေ့ရသေးချေ။

ရှောက်လုံစိတ်ထဲတွင် အနည်းငယ် စိုးရိမ်လာ၏။

နဂါးကြီး ဖုံးယီက မိမိအား လိမ်ညာလိုက်ခြင်းတော့ မဟုတ် နိုင်ပေ။

ဤသို့ဆိုလျှင် အဘယ်ကြောင့် ပစ္စည်းမတွေ့ရပါသနည်း။

ရှောက်လုံက ဘေးတွင်ကပ်လျက်ရှိသော ကျောက်ပြားကို ဆက်၍ ဖယ်ရှားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

ထိုနေရာတွင်ပင် ဆက်၍တူးနေပြန်ရာ ထိုနေရာတွင်လည်း မည်သည့်အရာမျှ မတွေ့ရချေ။

ရှောက်လုံမှာ စိတ်ပျက်သွားပြီး ကျောက်လှေကားအပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

နဂါးကြီးဖုံးယီက မိမိအား လိမ်ညာခဲ့ခြင်းပေလော။

သို့မဟုတ် ...

တစ်စုံတစ်ယောက်က လာရောက်ယူဆောင်သွားခြင်းပေလော။

ဒီထက်နက်သည့်နေရာတွင်တော့ မြှုပ်ထားစရာ အကြောင်း လုံးဝမရှိနိုင်ပေ။

ဤအနှစ်နှစ်ဆယ်အတွင်း ကျောက်စိမ်းဓား ရှိသည့်သူ မပေါ် သေးပေ။

ဤကိစ္စမှာလည်း အထူးလျှို့ဝှက်သည့်ကိစ္စ ဖြစ်နေသောကြောင့် အပြင်သို့ ပေါက်ကြားရန်မှာ လုံးဝမဖြစ်နိုင်ပေ။

ကျောက်ပြားပေါ်တွင် ပေါက်နေသော မြက်ရိုင်းပင်များကို ကြည့်သောအခါတွင်လည်း နှစ်ပေါင်းများစွာကတည်းက ဤအတိုင်း တည်ရှိလာပုံရ၏။

တူးဆွရှာဖွေသည့်ပုံစံမျိုး လုံးဝမတွေ့ရချေ။



နဂါးကြီးဖုံးယီက မိမိအား လိမ်ညာလိုက်ခြင်းပင်လော။

သူက ဆက်လက်တူးသော်လည်း မတွေ့ရသောအခါ ဒေါသ ထွက်လာသည်။

သို့သော် ...

သူ့တွင် ကျောက်စိမ်းဓားတွေ့လိုသော ဆန္ဒ ပြင်းပျနေ၏။

ထို့ကြောင့် ..

စိတ်ကို မလျှော့သေးဘဲ ဆက်လက်၍ တူးပြန်၏။

အတန်ငယ် နက်သည်အထိ တူးမိလာသောအခါ သူ၏ဓားတို မှာ မာကြောသည့်အရာတစ်ခုနှင့် ထိတွေ့သွား၏။

ရှောက်လုံ၏ စိတ်ထဲတွင် တအားတက်သွားပြီး လက်နှစ်ဖက် ဖြင့် မြေကြီးအား အားရပါးရ ယက်ထုတ်လိုက်၏။

"ဟင် ..."

ရှောက်လုံမှာ မမျှော်လင့်ဘဲတွေ့လိုက်ရသည့် အရာကြောင့် ကြက်သီးမွေးညင်းထလျက် ခေါင်းနားပန်းကြီးသွားမိ၏။

သူ တွေ့လိုက်ရသည့်အရာကား ဖြူဖွေးနေသည့် အရိုးခေါင်း တစ်ခုဖြစ်၏။

ရှောက်လုံမှာ ပထမ ကြောင်နေပြီးနောက် ဆက်လက်တူးဖော် ပြန်ရာ ကျောရိုး၊ ပခုံးရိုးများ ဆက်တိုက်ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ခြင်းကို ခေတ္တရပ်လိုက်ပြီး ရှောက်လုံ စဉ်းစားမိလိုက်သည်။

ဤဘုံကျောင်း တည်ဆောက်ခဲ့သည်မှာ ကြာညောင်းခဲ့ပြီ ဖြစ်ပြီး မည်သည့်နည်းနှင့်မျှ သချိုင်းမြေ မဖြစ်နိုင်ချေ။

ယခု အဘယ်ကြောင့် ဤအရိုးစု ရှိနေသနည်း။

သေဆုံးသူ အရိုးစုရှင်သည် မည်သူနည်း။

အဘယ်ကြောင့် ဤကျောင်းဝင်းအတွင်း မြှုပ်နှံထားရသနည်း။

ရှောက်လုံမှာ အတန်ကြာအောင် တွေးနေပြီးနောက် မြေကြီးများကို ဆက်လက်၍ တူးဖော်နေပြန်သည်။

ဤတွင် ...

တစ်ထောင်ခန့် အရှည်ရှိသော ရှည်ရှည်အလုံးတစ်ခုအား တွေ့လိုက်ရ၏။

ရှောက်လုံက ထိုအရာအား ကောက်ယူလိုက်ပြီး ထိုလက်ထဲမှ ဓားဖြင့် **ခွဲခြစ်**ကြည့်လိုက်၏။

**ဤတွင် ကြေး**နီရောင် တောက်နေသော ဓားအိမ်သဏ္ဌာန် အရာတစ်ခု**အား ထင်ထင်**ရှားရှား ပေါ်လာ၏။

ထိုပစ္စည်း**၏ ဟိုဘက်**သည်ဘက်တိုင်အောင် တည်ရှိနေသော အက်ကြောင်းတစ်ခု**ကို တွေ့ရပြီး** အက်ကြောင်းတစ်ဖက်ထိပ်တွင် ခလုတ်သဏ္ဌာန် အရာတစ်ခု**ကို တွေ့ရ**၏။



ရှောက်လုံက ထိုခလုတ်သဏ္ဌာန် အရာလေးအား အားဖြင့်ဖိတွန်းကြည့်လိုက်ရာ အက်ကြောင်းနေရာမှ တဖြည်းဖြည်း ဟ၍ပွင့်လာလေသည်။

ထိုစဉ် ...

ထိုဘူးသေတ္တာရာအတွင်း ပြိုးပြိုးပြက်ပြက်အရောင်များ ထိုးထွက်၍လာသည်ကို တွေ့လိုက်ရ၏။

ရှောက်လုံမှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ အက်ကြောင်းနေရာမှ အတင်းဆွဲ၍ ဟလိုက်သည်။

ဤတွင် စိမ်းဖန့်ဖန့် အရောင်တောက်ပနေသော ဓားတစ်လက်အား တွေ့လိုက်ရလေသည်။

○ ◎ ○

ရှောက်လုံမှာ ကျောက်စိမ်းဓားအား တစ်ခါမှမမြင်ဘူးသော်လည်း ယခု တွေ့ရှိရသော ဓားမှာ ကျောက်စိမ်းဓားဖြစ်ကြောင်း တပ်အပ်သိလိုက်၏။

ထို့ကြောင့် ...

ကြေးနီရောင်ဘူးရှည်အား ပြန်၍ပိတ်လိုက်ပြီး ဘုံကျောင်းမှ ထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းအပြင်ဘက်သို့ ရောက်သောအခါ နေဝန်းမှာ အနောက်ဘက်သို့ ဝင်စပြုနေပေပြီ။

ရှောက်လုံမှာ တောင်ပေါ်လမ်းကြားလေးအတိုင်း ခပ်သွက်သွက် ခပ်မြန်မြန်လေး လျှောက်လာရာ တောင်ထိပ်ကွေ့တစ်ခုသို့ အရောက်တွင် ဟစ်အော်ဟန့်တားလိုက်သည့် အသံတစ်သံကိုကြားလိုက်ရ၏။

"ရပ်လိုက်စမ်း ..."

ရှောက်လုံမှာ ထိတ်လန့်သွားပြီး ဝန်းကျင်ကို လျင်မြန်စွာ ဝေ့ပတ်ကြည့်လိုက်၏။

ထိုအခါ ...

လူတစ်ယောက်က သူနှင့် ဆယ်ပေအကွာတွင် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူအား မြင်လျှင် ရှောက်လုံ အံ့အားသင့်သွားသည်။

"ကျိရှင်ပါလား"

သူက ဘုန်းတော်ကြီးဟု ခေါ်မည်ပြုပြီးမှ နှုတ်ဆိတ်သွားသည်။

အကြောင်းမှာည

ထိုလူသည် သူ၏မိဘနှစ်ပါးအား လုပ်ကြံသွားသူများနှင့် အတိတ်ဇာတ်ကြောင်းအား ပြောပြခဲ့ဖူးသော ဘုန်းတော်ကြီး ကျိရှင်ပင်ဖြစ်သည်။



သို့သော် ...

ယခုအခါ သူသည် အနက်ရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသောကြောင့် ဘုန်းတော်ကြီးဟု မခေါ်ထိုက်တော့ချေ။

ကျိရှင်က ရယ်မောရင်း ...

"မင်း သိပ်အံ့သြသွားလား၊ ကျုပ်က မင်းသိထားတဲ့ ကျိရှင်ပေါ့"

ထိုစဉ် ...

"ရှောက်လုံ သူဟာ မင်းနာမည်ကို ဖျက်ဆီးပစ်နေတဲ့ သွေးနီယက္ခပဲ"

စကားသံနှင့်အတူ လူရိပ်တစ်ခု လျင်မြန်စွာ ရောက်ရှိလာသည်။

မိုစီတောင်းပင် ဖြစ်သည်။

ရှောက်လုံ အံ့အားသင့်သွား၏။

သူက မိုစီတောင်းအားကြည့်ကာ ...

"သူက သွေးနီယက္ခ ဟုတ်လား"

မိုစီတောင်းက ...

"ဟုတ်တယ်"

ရှောက်လုံက ကျိရှင်အား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှင်က သက်ပြင်းတစ်ချက်ချရင်း ...

"ဟုတ်တယ် ... ငါက သွေးနီယက္ခပဲ"

ရှောက်လုံ ဒေါသထွက်သွား၏။

"ခင် ... ခင်ဗျား"

သွေးနီယက္ခက ပြုံးရင်း ...

"ငါက ကျောက်စိမ်းဓားအတွက် လူရှစ်ဦးကို အသုံးပြုခဲ့တယ်၊ ဒါကို မင်းသိမှာပါ၊ အဲဒီထဲက တစ်ယောက်ယောက်က ဘုန်းကြီးဝတ်ပြီး ဖော်ကောင်လုပ်လို့ နှုတ်ပိတ်ပစ်ခဲ့တယ်၊ ကျန်တဲ့လူတွေကိုလည်း ငါမယုံတော့တဲ့အတွက် မင်းကို တစ်ဖက်လှည့်နဲ့ ရှင်းခိုင်းလိုက်တာပဲ၊ ဒီကျောက်စိမ်းဓားကို နဂါးဂိုဏ်းချုပ် ဖုံးယီက ရသွားလို့ အချိန်တွေ ကြာခဲ့ရတယ်၊ ငါ့ရဲ့ ဝမ်းကွဲညီ တရွှေသူတော်က ဖုံးယီကိုဖမ်းပြီး စစ်မေးခဲ့ပေမယ့် ကျောက်စိမ်းဓားအကြောင်း မသိခဲ့ဘူး၊ ကံကောင်းချင်တော့ မင်းကသိသွားခဲ့တယ်၊ ဒါကြောင့် မင်းနာမည် ခုတုံးလုပ်ပြီး သိုင်းလောကမှာ ပြဿနာတွေ ဖန်တီးခဲ့တယ်၊ ဒါမှလည်း ကျောက်စိမ်းဓားနောက်ကို ငါတစ်ယောက်တည်း အေးအေးဆေးဆေး လိုက်နိုင်မှာမဟုတ်လား၊ ငါက မင်းကို တစ်ချိန်လုံး မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့တယ်လေ၊ အခု မင်းဆီမှာ ကျောက်စိမ်းဓား ပါလာမယ်ဆိုတာ ငါသိထားတယ်"



ရှောက်လုံ အံတင်းတင်းကြိတ်လိုက်၏။

"တောက် ... လူယုတ်မာ ကျုပ်ဆီက ကျောက်စိမ်းဓားကိုရဖို့ မမျှော်လင့်နဲ့၊ ကျုပ် မိဘတွေရဲ့ သွေးကြွေးကို ခင်ဗျား ဆပ်ရလိမ့်မယ်"

သွေးနီယက္ခ ရယ်မောလိုက်၏။

"မင်း သေချာလို့လား"

စကားဆုံးလျှင် လေတစ်ချက် ချွန်လိုက်၏။

လေချွန်သံနှင့် မရှေးမနှောင်းမှာပင် လူတစ်ယောက် သစ်ပင်တစ်ပင်၏ နောက်မှ လှမ်းထွက်လာသည်။

ထိုလူမှာ တရွှေသူတော်ဖြစ်ပြီး သူက လူတစ်ယောက်အား ဓားစာခံပြုကာ ခေါ်ဆောင်လာခြင်းဖြစ်သည်။

"ရှမ်းယွင် ..."

ရှောက်လုံ လွှတ်ခနဲ ခေါ်လိုက်၏။

တရွှေသူတော် ဓားစာခံလုပ်ထားသူမှာ ရှမ်းယွင်ပင် ဖြစ်ပေတော့သည်။

○ ❂ ○

သွေးနီယက္ခ အေးတိအေးစက် ပြုံးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မင်းကို မျက်ခြည်မပြတ်လိုက်ရင်း သူ့ကိုတွေ့ခဲ့တယ်၊ တစ်ချိန်မှာ ငါးစာအဖြစ် အသုံးပြုနိုင်တယ် တွေးမိလို့ခေါ်ထားတာပဲ၊ ကဲ ... ကျောက်စိမ်းဓားပေးရင် သူ့ကိုလွှတ်ပေးမယ်"

ရောက်လုံက ရှမ်းယွင်အား ကြည့်လိုက်သည်။

ရှမ်းယွင်မှာ မည်သည့်ရောဂါဝေဒနာမှ မခံစားရဘဲ လူကောင်းတစ်ယောက်အသွင် မြင်ရလျှင် ရောက်လုံ စိတ်သက်သာရာရသွား၏။

သူက လေပူတစ်ချက် မှုတ်ထုတ်ကာ ...

"ကောင်းပြီလေ ... အခုအချိန်ရောက်မှတော့ ကျုပ်အနေနဲ့ ဘာတတ်နိုင်တော့မှာလဲ၊ ဒီမှာ ခင်ဗျားလိုချင်တဲ့ ကျောက်စိမ်းဓား"

ပြောရင်း လက်ထဲမှ ကျောက်စိမ်းဓားကို သွေးနီယက္ခနှင့် မလှမ်းမကမ်းသို့ ပစ်ချလိုက်၏။

သွေးနီယက္ခမှာ လောဘကြောင့် မျက်လုံးများ ဝင်းလက်သွား၏။

သူက ကျောက်စိမ်းဓားဆီသို့ အာရုံရောက်သွားစဉ် ခဏမှာပင် ...

"ယား ..."

ရောက်လုံက ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်၏။

မမျှော်လင့်သောအဖြစ်ကြောင့် သွေးနီယက္ခ ကြောင်အမ်းအမ်းဖြစ်သွားသည်။



ရှမ်းယွင်အား ဓားစာခံပြုထားခြင်းကြောင့် ရောက်လုံမှာ လှုပ်ရှားဝံ့မည်မဟုတ်ဟု တွက်ဆထားပေသည်။

ယခုမူ ...

"အား ..."

သွေးနီယက္ခမှာ ရှောင်တိမ်းချိန်ပင်မရဘဲ ရောက်လုံ၏ ဓားချက်ကြောင့် မြေပေါ်လဲကျသွားသည်။

ရှမ်းယွင်အား ဖမ်းချုပ်ထားသော တစ္ဆေသူတော်မှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကြက်သေသေသွားမိသည်။

ယင်းခဏမှာပင် ရှမ်းယွင်က အားကုန်ရုန်းထွက်လိုက်သောကြောင့် ဟန်ချက်ပျက်သွားသည်။

ထိုအခါ အခွင့်အရေး စောင့်ဆိုင်းနေသော မိုစီတောင်းက ဓားပျံဖြင့် ပစ်ခတ်လိုက်၏။

တစ္ဆေသူတော်မှာ အသံပင်မထွက်နိုင်ဘဲ မြေပေါ်လဲကျသွားတော့သည်။

○ ◎ ○

နဂါးဂိုဏ်းချုပ် ဖုံးယီ မရှိချိန်၌ နဂါးဂိုဏ်းအား ဦးဆောင်ထားသူမှာ သခင်လေးဖုံးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဖခင်အား ရှာဖွေရန် နဂါးဂိုဏ်းသားများအား ဝက်ပါတောင်ကြားသို့ စေလွှတ်ရင်းမှ မဟာမိုးမြေဂိုဏ်းနှင့် ပဋိပက္ခဖြစ်ခဲ့ခြင်းပင်။

နဂါးဂိုဏ်းအား ဖုံးယီက ပြန်လည်ဦးဆောင်သွားခဲ့သည်။

နာမည်ကြီးနေသော မဟာမိုးမြေဂိုဏ်းမှာကား ပျက်စီးသွားခဲ့သည်။

မဟာမိုးမြေဂိုဏ်းချုပ်ကိုင်တိုင်က မိမိ၏ဂိုဏ်းအား ပြန်လည်ဖျက်ဆီးခဲ့သည်ဟူသော သတင်းစကားများ ထွက်ပေါ်ခဲ့သည်။

ရှောက်လုံသည် မိဘနှစ်ပါးအတွက် လက်တုံ့ပြန်နိုင်သည့်အပြင် သိုင်းလောက ရန်ဖွယ်များကို ချိုးနှိမ်နိုင်ခဲ့သည်။

သူက ကျောက်စိမ်းဓားအား ရှောင်လင်ကျောင်းသို့ ပေးလှူကာ ရှမ်းယွင်နှင့် ဘဝခရီးလက်တွဲသွားခဲ့သည်။

မကောင်းမှုများကင်းဝေးသည့် လောကတစ်ခုလုံးသည် ထာဝရ လှပနေမည်သာ ဖြစ်ပေတော့သည်။

**(တတိယပိုင်း စာတ်သိမ်း ပြီး၏)**

တက္ကသိုလ် ဝင်းကြွယ်

www.burmeseclassic.com